# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၃၀ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၀၃၀)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နေပြည်တော်၌ ကြိုတင်ဆန္ဒမဲပေး



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ယာယီကြိုတင် ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။

သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ် နေရာများအတွက် မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးသည်။

**ဆန္ဒမဲလက်မှတ်များထည့်သွင်း**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးသို့ လာရောက်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ လျှို့ဝှက်ဆန္ဒမဲပေးပြီး ယာယီ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များကို ထည့်သွင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မဲဆန္ဒနယ်ပြင်ပသို့ ပုံစံ – ၁၅ ထုတ်ပေးမှုနှင့် ဆန္ဒမဲပေးပြီးကြောင်း မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

**သတင်းစဉ်**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်၌ ကြိုတင်ဆန္ဒမဲပေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဲဆန္ဒနယ်ပြင်ပသို့ ပုံစံ – ၁၅ ထုတ်ပေးမှုနှင့် ဆန္ဒမဲပေးပြီး ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့် အညီ လျှို့ဝှက်ဆန္ဒမဲပေးပြီး ယာယီ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များကို ထည့်သွင်းသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဲဆန္ဒနယ်ပြင်ပသို့ ပုံစံ – ၁၅ ထုတ်ပေးမှုနှင့် ဆန္ဒမဲပေးပြီးကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ – ၁၅ ဖြင့် လျှောက်ထားသူ ၄၈၂ ဦးရှိပြီး ၁၁၇ ဦးမှာ ကြိုတင်ဆန္ဒမဲပေးပြီးဖြစ်ကာ ယနေ့တွင် ၂၂ ဦး ကြိုတင်ဆန္ဒမဲပေးကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံတစ်ဝန်းတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲ စတင်ပေး**


စာ > ၁၇


**ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ**


စာ > ၂၀


**ဆန္ဒမဲပေးကြပါမည် စုံစုံညီညီ**


စာ > ၂၂



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# မြန်မာ့အလင်း

## မျှော်လင့်ခြင်းတို့အတွက် ရွေးကောက်ပွဲများ

လူတို့သည် မျှော်လင့်ချက်ဖြင့် အသက်ရှင်နေကြ၏ဟူသည့် အဆိုရှိသည်။ အမှောင်ထဲတွင်နေရသူက အလင်းရောင်ကို မျှော်သကဲ့သို့ နာကျင်ခံစားနေရသူတို့က ရှင်လန်းကျန်းမာစေဖို့ အစရှိသဖြင့် အနာဂတ်ကို မျှော်လင့်ရင်း ရှင်သန်နေကြ၏။ အလင်းရောင်အောက်တွင် နေရသူတို့ကလည်း ပိုမိုတောက်ပနွေးထွေးသည့် နေရောင်ကို မျှော်လင့်ကြ၏။ ရွှင်လန်းကျန်းမာသူကလည်း ကြွယ်ဝချမ်းသာဘဝကို မျှော်လင့်ကောင်း မျှော်လင့်နေကြမည်။

ပညာတတ်လို၏၊ ချမ်းသာလို၏၊ စည်းစိမ်များကို ရရှိခံစားလို၏၊ အောင်မြင်လို၏၊ ထင်ရှားကျော်ကြားလို၏ အစရှိသည့် လောကီအလိုများသာမက နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုဖြင့် ရောက်ရပါလို၏ ဟူသည်အထိ လူတို့၏ မျှော်လင့်ချက်များက စုံလင်များပြားလှ၏။

ထိုသို့သော မျှော်လင့်ချက်များတွင် 'အများကြီးမရလျှင် နေပါစေ၊ လူချင်းတူတူ သူချင်းမျှမျှသာ ဖြစ်ပါရစေ၊ လောကလူ့ရွာမှာ လူရယ်လို့ဖြစ်လာကြပြီး အသားအရောင် လူမျိုး ကိုးကွယ်ရာမခွဲခြား၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တန်းတူညီမျှအခွင့်အရေးကိုသာ လိုချင်ပါသည်' ဆိုသည့် မျှော်လင့်ချက်ကြီးဖြင့် အသက်ကိုပင်မမှု ကြိုးစားအားထုတ် ရုန်းကန်ခဲ့ကြသော ပြည်သူလူထု အင်အားစုကြီးတစ်ရပ် မြန်မာနိုင်ငံတွင် ရှိခဲ့ပါသည်။ ရှိနေဆဲလည်း ဖြစ်ပါသည်။

မြန်မာပြည်သူလူထုအတွင်း၌ ထိုမျှော်လင့်ချက်ဖြင့် စွန့်လွှတ်ခဲ့ကြသည်များ၊ အနစ်နာခံခဲ့ကြသည်များ ရှိပါသည်။ သို့သော်လည်း ထိုအနစ်နာခံခဲ့ရသည်များ စွန့်လွှတ်ခဲ့ရသည်များမှာ လူချင်းတူတူ သူချင်းမျှမျှနှင့် တန်းတူညီမျှဘဝကိုသာ လိုချင်သည်ဟူသော မျှော်လင့်ချက်ကလွဲ၍ အခြားကြီးမားသော မျှော်လင့်ချက်မရှိကြပါ။

ထိုမျှော်လင့်ချက်အတွက် ရင်တွင်းစွဲနေခဲ့ကြသော ဒီမိုကရေစီယုံကြည်ချက်ကိုသာ သစ္စာမြဲမြံစွာ ရှင်သန်နေခဲ့ကြသည်ဟုဆိုလျှင် လွန်အံ့မထင်ပါ။ ဒီမိုကရေစီ မျှော်လင့်ချက်ပေါ် ထားရှိသည့်သစ္စာကို မဲရုံများတွင် မိမိတို့ယုံကြည်အားကိုးသည့် ပြည်သူ့ကိုယ်စားလှယ်သို့မဟုတ် နိုင်ငံရေးပါတီများကို မဲပေးရွေးချယ်မည်ဟူသည့် နည်းလမ်းဖြင့် ဖော်ထုတ်ပြသခဲ့ကြပါသည်။ ဖော်ထုတ်ပြသကြရန်လည်း ပြင်ဆင်အားမွေးနေကြပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စစ်စစ်များကို မဲပေးရွေးချယ်ခြင်းသည် ဒီမိုကရေစီစနစ်ကို ရာနှုန်းပြည့် အာမခံနိုင်ကောင်းမှ ခံနိုင်မည်ဆိုသည်ကိုလည်း အခြေခံဥပဒေမှအစ အခြားသော ဝန်းကျင်အာဝါသတို့၏ အနေအထားမျိုးစုံပေါ်တွင် မူတည်၍ ကောင်းစွာနားလည်ထားကြပြီးလည်း ဖြစ်ပါသည်။

အာဏာရှင်စနစ်၏ ဘောင်အတွင်းက ဒီမိုကရေစီစနစ်ကို ထူထောင်ရန် အားထုတ်ဆောင်ရွက်ရခြင်းမှာ လွယ်ကူလိမ့်မည် မဟုတ်ဘူးဆိုသည်ကိုလည်း နားလည်ထားကြပြီး ဖြစ်ပါသည်။ ဒီမိုကရေစီဘောင်ကို ချဲ့နိုင်လေလေ အာဏာရှင်စနစ်၏ ဘောင်ကကျဉ်းမြောင်းလာလေလေ ဖြစ်မည်ကိုလည်း မှန်းဆထားကြပါ၏။ ထို့ကြောင့်ပင် မဲပေးခြင်းနည်းလမ်းဖြင့် လက်ငင်းကာလတွင်း ဒီမိုကရေစီဘောင်ကို ကျယ်နိုင်သရွေ့ ကျယ်အောင်ချဲ့နိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် မဲပေးကြရန် အချင်းချင်းလှုံ့ဆော်နေကြခြင်း ဖြစ်သည်ဟု ထင်မြင်ပါသည်။

နှစ်ပေါင်းများစွာ ဒီမိုကရေစီစနစ်နှင့် ဝေးကွာနေခဲ့သူ မြန်မာနိုင်ငံသားများအဖို့ ရွေးကောက်ပွဲဟူသည် စိတ်လှုပ်ရှားစရာအပြည့်။ မိမိမဲမပေးလိုက်ရမှာကို အစိုးရိမ်ကြီးကာ စိတ်လှုပ်ရှားကြရသည်။ မိမိ၏ မဲပေးခွင့် အခွင့်အရေးကို ဆုံးရှုံးရမှာ စိုးရိမ်ရသည်။ မဲပေးပြီးမှ ထိုပေးလိုက်သော မဲသည် အမှားအယွင်းတစ်ခုခုကြောင့် ပယ်မဲဖြစ်မှာ စိုးရိမ်ရသည်။

မိမိတို့လိုလားသူနှင့် အဖွဲ့အစည်းကို အစိုးရဖြစ်လာစေဖို့၊ မိမိတို့အကျိုးငှာ လွှတ်တော်များအတွင်းတွင် တက်ကြွဆွေးနွေးသူများ ဖြစ်နေဖို့၊ မိမိတို့ပြည်သူလူထုနှင့် ကိုက်ညီသော ဥပဒေများကို ပယ်ဖျက်၊ ဖြည့်စွက်၊ အသစ်ပြင်ရေး စသည့် လုပ်ငန်းများကို လုပ်ကိုင်ပေးဖို့ စသည်ကဲ့သို့သော မြင့်မားသည့် ရည်ရွယ်ချက်များဖြင့် ကိုယ်စားလှယ်များကို မဲပေးရွေးချယ်နေကြခြင်းဖြစ်၏။ မဲပေးရွေးချယ်ခြင်းသည် ပြည်သူလူထုအတွက်မူ သာမန်လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုမျှမဟုတ်။ နိုင်ငံအတွက်၊ မိမိတို့ သားစဉ်မြေးဆက် အနာဂတ်မျိုးဆက်အတွက် အရေးကြီးသည့် အလုပ်တစ်ခုအဖြစ် လေးလေးနက်နက် မဲပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း တင်ပြအပ်ပါသည်။ ။

## ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲပေးသူများအား အမှတ်အသားပြုမည့် ကြာရှည်ခံမင်ဘူး ၁၁၃၀၀၀ ထောက်ပံ့လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉




ဂျပန်နိုင်ငံအစိုးရ၏ "ရွေးကောက်ပွဲ အကူအညီပေးရေး စီမံကိန်း" အရ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ မဲပေးသူများအား အမှတ်အသားပြုမည့် ကြာရှည်ခံမင်ဘူး ၁၁၃၀၀၀ ဘူးအား ထောက်ပံ့လှူဒါန်းသည့် အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။

ယင်းလှူဒါန်းမှုကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ အစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော အထူးလေယာဉ်သည် ယနေ့ ညနေ ၅ နာရီ ၁၀ မိနစ်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၏ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ စီးပွားရေးတာဝန်ခံ မစ္စတာ တာကီမိကာဇူယူကီက မဲပေးသူများအား အမှတ်အသားပြုမည့် ကြာရှည်ခံမင်ဘူးများကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် တာဝန်ရှိသူများက လက်ခံယူသည်။

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ အထောက်အကူပြု ပစ္စည်းများအား ဂျပန်အစိုးရနှင့် ပြည်သူများ၏ ငွေကြေးထောက်ပံ့မှု၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ ကူညီမှုအစီအစဉ်တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လေကြောင်းခရီးဖြင့် သုံးကြိမ်ပို့ဆောင် လှူဒါန်းသွားမည်ဖြစ်ရာ ယနေ့တွင် ပထမဆုံးခရီးစဉ်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

ယနေ့လှူဒါန်းမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရော့ မာရုယာမ က "၂၀၁၅ အထွေထွေရွေးကောက်ပွဲ ကျင်းပတုန်းကလည်း အခုလို ထောက်ပံ့ခဲ့ပါတယ်။ အခုကတော့ ဒုတိယအကြိမ် ထောက်ပံ့တာဖြစ်ပါတယ်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ သန်း ရှိပါတယ်။ ရွေးကောက်ပွဲဆိုတာ အင်မတန် အရေးကြီးပါတယ်။ အထူးသဖြင့် လွတ်လပ်ပြီး မျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အရေးကြီးပါတယ်။ အဲဒါကြောင့် မြန်မာပြည်သူတွေအနေနဲ့ ဆန္ဒမဲပေးတဲ့အခါမှာ တစ်ကြိမ်ထက်ပိုပြီး ဆန္ဒမဲမပေးနိုင်ဖို့အတွက် အကူအညီပေးနေတာပါ။ ဒါကြောင့် ဒီမင်ရည်ကို အသုံးပြုပြီးတော့ မြန်မာ့အထွေထွေ ရွေးကောက်ပွဲဟာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့အတွက် အထောက်အကူ ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

ထို့အတူ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ ပိုမိုတိုးတက်စေရန်အတွက် အရေးကြီးသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး လုပ်ငန်းစဉ်များကို အစွမ်းကုန် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ ယခုအကြိမ် အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင်လည်း ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ် မစ္စတာ ယိုရှီ ဆာဆာကာဝါ ဦးဆောင်သည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ကို စေလွှတ်ထားသည့်အပြင် ယခုစီမံကိန်းမှတစ်ဆင့် တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲကျင်းပနိုင်ရန် ပံ့ပိုးကူညီမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်း-ဇော်ကြီး
ဓာတ်ပုံ-ဖေဇော်

## ဂျပန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၉




နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဂျပန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၇ ဦးအား တိုကျိုမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် All Nippon Airways လေကြောင်းလိုင်း (ANA) ကယ်ဆယ်ရေးလေယာဉ်ဖြင့်ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု (၇)ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု (၇)ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ဂျပန်နိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ၁၁ ကြိမ်တိုင် ပျံသန်းပြေးဆွဲပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၉

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မိုး/ဇလ

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မဲဆန္ဒနယ်ပြင်ပသို့ ပုံစံ - ၁၅ ထုတ်ပေးမှုနှင့် ဆန္ဒမဲပေးပြီးကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းရှေ့ဖုံး) သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ယာယီ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ (သတင်းရှေ့ဖုံး) သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဝန်ကြီးဌာန၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၉**

ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုတိုးတက်လာစေရေးနှင့် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ပကုန်သွယ်မှုလိုငွေ ၅ ဒသမ ၅ ဘီလီယံခန့်ရှိခဲ့ရာမှ ပို့ကုန်တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလို ငွေ ၁ ဒသမ ၄ ဘီလီယံခန့်အထိ လျော့ကျခဲ့ပါကြောင်း၊ ကိုဗစ်- ၁၉ ကာလတွင်လည်း ကုန်သွယ်မှုကဏ္ဍတွင် ထိခိုက်မှုနည်းပါးသည်ဟု ယူဆနိုင်သော်လည်း ၂၀၂၀-၂၀၂၁ တွင် ထိခိုက်မှုရှိလာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရန်နှင့် ကိုဗစ်- ၁၉ အလွန်ကာလတွင် ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်တို့အတွက် အစီအမံများချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက် (CERP) ကိုလည်း လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် ပို့ကုန်/ သွင်းကုန်လိုင်စင် ထုတ်ပေးခြင်းကို အချိန်နှင့် ငွေကြေးကုန်ကျမှုသက်သာစေရေးအတွက် Fully Online စနစ် ဖော်ဆောင်ပေးခြင်း၊ လိုင်စင်ကြေးများ ဖြေလျှော့သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး MyanmarTradeNet 2.0 ကိုလည်း စတင် အသုံးပြုဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများအပြင် နိုင်ငံတော်မှပေးအပ်သည့် တာဝန်များဖြစ်သော မြန်မာအထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ မိမိတို့ဝန်ကြီးဌာနတွင် မူပိုင်ခွင့်ဌာန တစ်ခုတိုးလာ ခဲ့ပြီး ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များလည်း ပိုမိုကျယ်ပြန့်လာသဖြင့် စနစ်တကျ ပိုမိုအလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ကုန်သွယ်မှု မြင့်တင်နိုင်ရေးနှင့် ကုန်သွယ်မှု မိတ်ဖက်နိုင်ငံများနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့အတွက် စီးပွားရေးသံမှူး ၁၅ ဦးကို ပြည်ပနိုင်ငံ ၁၂ နိုင်ငံသို့ စေလွှတ်တာဝန်ပေးအပ်ထားနိုင်ခဲ့ပြီး ကုန်သွယ်ဖက်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်စည်ပြပွဲများကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပို့ကုန်ပိုမိုတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်နိုင်စွမ်းရှိစေရန် လိုအပ်သကဲ့သို့ ဈေးကွက်တစ်ခုတည်းကို မှီခိုအားထားနေခြင်းမပြုဘဲ ကျယ်ပြန့်သော ဈေးကွက်ရရှိစေရေးနှင့် ဈေးနှုန်းနှင့် အရည်အသွေးယှဉ်ပြိုင်နိုင်စွမ်းရှိသည့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်စေရေးတို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ယင်းနောက် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် အင်တာနက်နှင့် အွန်လိုင်းစနစ်များကို ပိုမိုအသုံးချ ဆောင်ရွက်လာခြင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်လာနိုင်ခြင်း၊ စားသုံးသူကာကွယ်ရေးကော်မတီများ ဖွဲ့စည်း၍ စားသုံးသူများ၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းကိုလည်း ပိုမို ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို မြင်တွေ့ရပါကြောင်း။

ထို့ပြင် နိုင်ငံတော်၏ အရေးပေါ်ရိက္ခာဝယ်ယူရေး၊ တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးအဖြစ် အခြေခံဈေးနှုန်းဖြင့် ဆန်စပါးဝယ်ယူရေးတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပို့ကုန်မြှင့်တင်ရေးအတွက် အမျိုးသားပို့ကုန် မဟာဗျူဟာကို ချမှတ်ဆောင်ရွက်ခဲ့ပြီး ကုန်သွယ်မှုဆိုင်ရာ အထောက်အကူပေးနိုင်မည့် Help Desk များနှင့် International Trade Center တို့ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မူပိုင်ခွင့်ကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတကာ ကုန်သွယ်မှုအတွက် အရေးပါသည့် ဥပဒေ (၄) ခုကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ရေးဆွဲနေဆဲဥပဒေများလည်းရှိနေခြင်းတို့မှာ သိသာထင်ရှားသော အောင်မြင်မှုများဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကကဏ္ဍ၏ အင်အားကိုယူ၍ ဈေးကွက်စီးပွားရေးစနစ်ကို စနစ်တကျ ဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့သို့ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းများ၏ အရည်အသွေးပြည့်ဝနေစေရန် အစဉ် ကြိုးပမ်းသွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများအလိုက် ညွှန်ကြားရေးမှူးချုပ်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံများ၊ တိုင်းဒေသကြီးများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကသာမြို့ အထွေထွေရွေးကောက်ပွဲတွင် လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲသင်တန်းဆင်းပွဲ ပြုလုပ်

**ကသာ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲသင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၈ ရက်က ကသာမြို့ မီတာ ၄၀၀ အားကစားကွင်းရှိ မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်သောင်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ အဆိုပါသင်တန်းသို့ ကသာခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုန်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအံ့ကျော်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမင်းညွန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဖေနှင့် တာဝန်ရှိသူများ၊ အထူးရဲသင်တန်းသား ၁၁၀ တို့ တက်ရောက်ကြသည်။

အလားတူ ထီးချိုင့်မြို့တွင်လည်း အထွေထွေရွေးကောက်ပွဲတွင် လုံခြုံရေးတာဝန်ထမ်းဆောင်ကြမည့် အထူးရဲသင်တန်းသား ၉၂ ဦး၏ သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၈ ရက်က ထီးချိုင့်မြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပခဲ့ကြောင်းလည်း သိရသည်။

**လူအောင်(ကသာ)**

# ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ ကြိုတင်ဆန္ဒမဲပေး

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်အေးအေးသိန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာတို့သည် ယနေ့နံနက်ပိုင်းတွင် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နေပြည်တော် ဥတ္တရသီရိ မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ကြိုတင်ဆန္ဒမဲပေးကြသည်။

**မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး**

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးရန် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်ဆန္ဒမဲပေးကြပြီး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြသည်။

ထို့ပြင် ဥတ္တရသီရိခရိုင်အတွင်းရှိ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့အတွင်းရှိ မဲရုံများ၌လည်း ယနေ့တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများ လာရောက် ဆန္ဒမဲပေးကြကြောင်း သိရသည်။

ဥတ္တရသီရိခရိုင် မြို့နယ်လေးမြို့နယ်၌ ဆန္ဒမဲပေးခွင့်ရှိသူ ၄၁၉၁၅၇ ဦး ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်အေးအေးသိန်း ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီတို့ ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်ဆန္ဒမဲပေးကြစဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာတို့ ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်ဆန္ဒမဲပေးကြစဉ်။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပစ္စည်းများ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှတစ်ဆင့် ထပ်မံရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၉**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသော ပစ္စည်းများ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့သို့ ယနေ့တွင် အထူး လေယာဉ်များဖြင့် ဆက်လက် ရောက်ရှိကြသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ် ငါးခေါက်နှင့် မန္တလေးအပြည်ပြည် ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ် သုံးခေါက် ရောက်ရှိကြပြီး ယနေ့ ရောက်ရှိသော ပစ္စည်းများမှာ KN95 Mask များ၊ Boots များ ဖြစ်ကြောင်း သိရသည်။ အထောက်အကူပစ္စည်းများမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မန္တလေးအပြည်ပြည် ဆိုင်ရာ လေဆိပ်တို့မှတစ်ဆင့် အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အတွင်း အထူးလေယာဉ်များ ဖြင့် ဆက်လက်ရောက်ရှိလာမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**



ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။



ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

# နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ ၊ ခုတင် - ၃၀၀ နှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးများသို့ ရေခဲသေတ္တာ၊ လေအေးပေးစက်များနှင့် ထမင်းဘူး၊ စည်သွတ်ဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၉**

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန မိသားစုတို့က ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ ရေခဲသေတ္တာ တစ်လုံးနှင့် လေအေးပေးစက် လေးလုံးတို့ကို နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ COVID-19 ICU အခန်းအတွက်နှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကု ဆေးရုံကြီးနှင့် သွားရောဂါအထူးကု ဆေးရုံကြီးတို့၌ တာဝန်ထမ်းဆောင် လျက်ရှိသော ကျန်းမာရေးဝန်ထမ်း များနှင့် လူနာများအတွက် စိန်ဟသ်ာရိပ်မွန်ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော ငွေကျပ် ၃၃ သိန်းခန့်တန်ဖိုးရှိ ထမင်းဘူးနှင့် စည်သွပ်ဘူးများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ရှိ အစည်းအဝေးခန်းမဆောင်-၂ ၌ ပြုလုပ်သည်။

အခမ်းအနားသို့ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် နှင့် ဇနီး မိကျင်သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဇနီး ဒေါက်တာနန်းခမ်းမိုင်၊ ဒုတိယဝန်ကြီး များဖြစ်ကြသည့် ဦးလှမော်ဦး၊ ဒေါက်တာမြလေးစိန်၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ် များ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကု ဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး နိုင်သက်လွင်က လှူဒါန်း ရသည့် အကြောင်းရင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် နှင့် ဇနီး မိကျင်သန်းတို့က ဝန်ကြီး ဌာနမိသားစုတို့မှ လှူဒါန်းသော နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ COVID-19 ICU အခန်းအတွက် ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ ရေခဲသေတ္တာတစ်လုံးနှင့် လေအေးပေးစက် လေးလုံးတို့ကို ပေးအပ်လှူဒါန်းရာ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဒုတိယဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်ကြီး ပူးတွဲတာဝန် ဒေါက်တာ အောင်လင်းအေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် နှင့်ဇနီး မိကျင်သန်းက နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကု ဆေးရုံကြီးနှင့် သွားရောဂါအထူးကု ဆေးရုံကြီးတို့၌ တာဝန်ထမ်းဆောင် လျက်ရှိသော ကျန်းမာရေးဝန်ထမ်း များနှင့် လူနာများ သုံးဆောင်နိုင်ရန် အတွက် စိန်ဟသ်ာရိပ်မွန်ကုမ္ပဏီ လီမိတက်မှ ထုတ်လုပ်သော ငွေကျပ် ၃၃ သိန်းခန့်တန်ဖိုးရှိ ထမင်းဘူးနှင့် စည်သွတ်ဘူးများကို ပေးအပ်လှူဒါန်း ရာ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် အထူးကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက လက်ခံရယူ ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကလေးပြုစုရေးဌာနအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အလှူငွေများလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက ဆောက်လုပ်လှူဒါန်း ထားသည့် နေပြည်တော် ကလေးပြုစုရေးဌာနတွင် အသုံးပြု နိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဇနီး ဒေါ်မြသိင်္ဂီအမှူးပြုသော ဝန်ထမ်း မိသားစုများ၏ စုပေါင်းအလှူငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနသို့ ယမန်နေ့မွန်းလွဲပိုင်းက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လက်ခံ သည်။

ရှေးဦးစွာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီးဒေါ်မြသိင်္ဂီက လှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား ရာတွင် မိမိတို့ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုး ရေးလုပ်ငန်းများ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရင်ခွင်မဲ့ ကလေးများအတွက်သာမက တစ်ကိုယ်ရေမိခင်များ စောင့်ရှောက်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ယခုလို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ကလေးငယ်များအတွက် ရေရှည် သုံးစွဲနိုင်မည့် ငွေပဒေသာ ပင်ကို မတည်လှူဒါန်းပေးခြင်းအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအား အထူးပင်ကျေးဇူးတင်ရှိပါ ကြောင်း ပြောကြားသည်။



ယင်းနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်မြသိင်္ဂီက ငွေပဒေသာပင်အတွက် ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Viral Nucleic Acid Extraction Test Kit များနှင့် Viral Transport Kits များ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Viral Nucleic Acid Extraction Test Kit များနှင့် Viral Transport Kits များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။




ပေးအပ်လှူဒါန်းပွဲ အခမ်းအနား တွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ မြန်မာ နိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံရုံးမှ သံမှူးကြီး Mrs. Li Xiaoyan က Viral Nucleic Acid Extraction Test Kit များနှင့် Viral Transport Kits များ ပေးအပ် လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ် သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Mrs. Li Xiaoyan က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး ဆေးသုတေသနဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကျေးဇူး တင်စကား ပြောကြားသည်။

ယနေ့ လှူဒါန်းပွဲတွင် လတ်တလောအသက်ရှူလမ်းကြောင်း ဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ် နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှမှ အမေရိကန်ဒေါ်လာ ၇၈၅၇၂ နှင့်ညီမျှသော Viral Nucleic Acid Extraction Test Kit များနှင့် Viral Transport Kits များကို လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇော်မင်းလတ်**

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ်နှင့် စပ်လျဉ်းသည့် နှိုးဆော်ချက်

နိုင်ငံတော်အစိုးရသည် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးတိုးတက်စေရန်၊ သက်ကြီးရွယ်အိုများ၏ ဝင်ငွေလုံခြုံမှုကို မြှင့်တင်ရန် နှင့် ၎င်းတို့မိသားစုများ၏ ထိခိုက်လွယ်မှုကိုလျှော့ချရန်ရည်ရွယ်၍ အသက် (၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ထောက်ပံ့ ခြင်းအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ငွေကြေးထောက်ပံ့ကြေးအစီအစဉ်တွင် အကျုံးဝင်သည့် သက်ကြီး ရွယ်အိုများအား တစ်ဦး တစ်လလျှင် ကျပ်(၁၀,၀၀၀/-)နှုန်းဖြင့် (၃)လလျှင် တစ်ကြိမ် ကျပ်(၃၀,၀၀၀/-) ထောက်ပံ့ပေးခြင်းဖြစ်ပါသည်။ အကျုံးဝင်သည့် သက်ကြီးရွယ်အိုများအနေဖြင့် မိမိတို့နေထိုင်သည့် နီးစပ်ရာ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ် လူမှုဝန်ထမ်းရုံးများသို့ အသက်အတွက် အထောက် အထားများဖြစ်သည့် မှတ်ပုံတင်/ နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆)ဖြင့် စာရင်းသွင်းလျှောက်ထားရမည်။

အထက်ပါ အသက်အထောက်အထား သက်သေခံ(၂)မျိုးလုံးမရှိပါက ဖြေလျှော့ခြင်း အဆင့်(၄)ဆင့်ပါ ထောက်ခံစာပုံစံဖြင့် စာရင်းပေးသွင်း လျှောက်ထားနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအတွက် လူမှုရေး ပင်စင်ထောက်ပံ့ခြင်းအစီအစဉ်နှင့် ပတ်သက်၍ သတင်းအချက်အလက်များ ရယူခြင်း၊ အကြံပြုခြင်းနှင့် တိုင်ကြားခြင်းများ ဆောင်ရွက်လိုပါက လူမှုဝန်ထမ်းဦးစီးဌာန ဖုန်းနံပါတ် ၀၆၇-၃၄၀၄၅၈၃၊ ၀၆၇-၃၄၀၄၀၇၇၊ ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉ များသို့ ဆက်သွယ်အကြောင်းကြား နိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၉**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# တက္ကသီလာ မြကျွန်းသာမှာ ပညာရည်နို့သောက်စို့ခဲ့ပါသည် အပိုင်း (၆)

## စန်းနီလာဝင်း

### အမိတက္ကသိုလ်၏ နှောင်းအတိတ်ဆီမှ ဟောင်းအရိပ် ပုံရိပ်လွှာများ

တက္ကသိုလ် သို့မဟုတ် အလှရွှန်းစို မြကျွန်းညို

* နွေမှာပွင့်လန်း၊ ပိတောက်ပန်းကို
ဆင်မြန်းပန်ဆင်၊ ခပ်ယဉ်ယဉ်မင့်
သူ့တွင်အလှမမြဲပါ။
မိုးမှာပွင့်လန်း၊ စံပယ်ပန်းကို
ဆင်မြန်းပန်ဆင်၊ ခပ်ယဉ်ယဉ်မင့်
သူ့တွင်အလှ မမြဲပါ။
ဆောင်းမှာပွင့်လန်း၊ သဇင်ပန်းကို
ဆင်မြန်းပန်ဆင်၊ ခပ်ယဉ်ယဉ်မင့်
သူ့တွင်အလှ မမြဲပါ။
ပိတောက်သဇင်၊ စံပယ်ယဉ်ကို
ခုံမင်စွဲလမ်း၊ ပန်ဆင်မြန်းလည်း
ညှိုးနွမ်းကြွေကျ၊ မြေမှာခသည်
ခေတ္တအလှ၊ တဒင်္ဂမို့
တစ်ဘဝမှာ၊ ထာဝရလန်း
ပညာပန်းကို၊ ဆင်မြန်းပါမှ
ပညာရဲရင့်၊ ပွဲလယ်တင့်၍
နှိုင်းချင့်ဆင်ခြင်၊ ဉာဏ်အမြင်နှင့်
အစဉ်ကြိုးစား၊ လုံ့လထားမှ
တက္ကသီလာ၊ မြကျွန်းသာမှာ
ပညာရည်နို့၊ သောက်စို့ရကျိုးနပ်ပါမည်။ ॥

ကိုလိုနီခေတ် အမိရန်ကုန်တက္ကသိုလ်ကြီး၏ ကနဦးနိဒါန်းကာလတွင် ရန်ကုန်ကောလိပ် ကျောင်းသူကျောင်းသားတို့၏ ပညာသင်ခရီးလမ်းမှာ ပန်းခင်းလမ်းမဟုတ်၊ ခရောင်းလမ်းသဖွယ် ကြမ်းတမ်းခဲ့သည်။ ထိုစဉ်က "ရန်ကုန်ကောလိပ်" (Rangoon College) မှာ အိန္ဒိယနိုင်ငံရှိ "ကိုလ်ကတ္တားတက္ကသိုလ်" ၏ လက်အောက်ခံဖြစ်ခဲ့ပြီး တည်ရှိခဲ့ရာ နေရာမှာ ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဆုံ မီးပွိုင့်အနီး ယခု လသာမြို့နယ်အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁)နေရာ [ထိုစဉ်က ရန်ကုန်အစိုးရအထက်တန်းကျောင်း (Rangoon Government High School) ] ပင်ဖြစ်သည်။

၁၈၈၄ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့အစိုးရက "ရန်ကုန်အစိုးရအထက်တန်းကျောင်း" ကို "ရန်ကုန်ကောလိပ်" အဖြစ် အမည်ပြောင်းလဲပြီး ကောလိပ်ကျောင်းအုပ်ကြီးအဖြစ် "မစ္စတာဂျေအိပ်ချ်ဂေးလ်ဘတ်" (Mr.J.H Gilbert)အား ခန့်ထားခဲ့သည်။ ရန်ကုန် ကောလိပ်တွင် ဥပစာတန်း(ဝိဇ္ဇာ)အထိ သင်ကြားပေးခဲ့ပြီး စာမေးပွဲများကို "ကိုလ်ကတ္တားတက္ကသိုလ်" (Kolkata University) က တာဝန်ယူဦးဆောင်စစ်ဆေးခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် "ရန်ကုန်ကောလိပ်" ကို "ရန်ကုန်အစိုးရကောလိပ်" (Rangoon Government College)ဟု အမည်ပြောင်းလဲခဲ့သည်။

*စာမျက်နှာ ၇ သို့*

**"၁၉၂၀ ပြည့်နှစ်တွင် ကိုလိုနီခေတ်ပညာရေးစနစ်ကို အသက်သွင်းထားသော အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ "ရန်ကုန်တက္ကသိုလ်အက်ဥပဒေ" (Rangoon University Act) ကို ဆန့်ကျင်သပိတ်မှောက်ခဲ့ကြသည့် ရန်ကုန်တက္ကသိုလ် မျိုးချစ်ကျောင်းသားခေါင်းဆောင်များ၏ ပထမအကြိမ် သပိတ်ကြီးသည် "အမျိုးသားပညာရေးစနစ်" (National Education) ကို ရုပ်လုံးပေါ်ပေါက်လာပြီး မြန်မာပြည်အနှံ့ ကိုယ့်အားကိုယ်ကိုး "အမျိုးသားကျောင်းများ"(National School) ပေါ်ပေါက်လာခဲ့သည့်အပြင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး သူ့ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မုခ်တံခါးကို စတင်ဖွင့်လှစ်ပေးခဲ့သည်"**



### ဆောင်းပါးရှင် စန်းနီလာဝင်း ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဦးမောင်မောင်စန်း။
- ကလောင်အမည်များ – စန်းနီလာဝင်း၊ အယ်ဒီတာချုပ်တစ်ဦး၊ မောင်မောင်စန်း (ရန်ကုန်တက္ကသိုလ်)၊ မောင်ပညာကျော်၊ သတင်းစာဆရာတစ်ဦး၊ သုတေသီတစ်ဦး၊ စာရေးဆရာတစ်ဦး၊ လေ့လာသူတစ်ဦး၊ မောင်သမ္မာဒိဋ္ဌိ၊ ကိုစန်း (စစ်ကိုင်းမြေ)၊ ဆာစန်း (နက္ခတ္တဗေဒနှင့် တိုင်းရင်းဆေး)၊ မောင်မီဒီယာ၊ ဂီတသုတေသီတစ်ဦး၊ MMS ၊ MWD (အင်္ဂလိပ် ဆောင်းပါးများ)
- ပညာအရည်အချင်း – M.AII, R.L, Diploma in Traditional Medicine.
- စာပေတာဝန်များ – တက္ကသိုလ်များ မဂ္ဂဇင်းကော်မတီအတွင်းရေးမှူး (ရန်ကုန်တက္ကသိုလ်)၊ သတင်းစာကိုယ်စားလှယ် အဖွဲ့ဝင်တစ်ဦးအဖြစ် ပြည်ပနိုင်ငံများသို့ သွားရောက် ခဲ့သည်။ ရုပ်ရှင်စိန်ရတုသဘင်တွင် စာတမ်းပြုစု ဖတ်ကြားသည့် တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ။



ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းမနှင့် အပန်းဖြေရိပ်သာ ဓာတ်ပုံ– ထင်ပေါ်ဝင်း

*စာမျက်နှာ ၆ မှ*

၁၉၁၈ ခုနှစ်တွင် အမေရိကန်သာသနာပြုအဖွဲ့မှ "ဒေါက်တာဂျပ်ဆင်"(Dr. Judson)က ရန်ကုန်အစိုးရကောလိပ်နှင့် အလားတူ "ဂျပ်ဆင်ကောလိပ်"(Judson College)ကို ဖွင့်လှစ်ခွင့်ရရှိခဲ့သည်။

၁၈၉၂ ခုနှစ်ကတည်းက "ရန်ကုန်ကောလိပ်" ကို "ကိုလ်ကတ္တားတက္ကသိုလ်" ၏ လက်အောက်ခံအဖြစ် မထားရှိဘဲ သီးခြားလွတ်လပ်သော တက္ကသိုလ်အဖြစ် အသိအမှတ်ပြုပေးရန် တောင်းဆိုခဲ့ကြရာ ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် မြန်မာပြည်အုပ်ချုပ်ရေးဥပဒေပြုကောင်စီက ရန်ကုန်တက္ကသိုလ် တိုးမြှင့်ရန် လက်ခံသဘောတူခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ထိုစဉ်က မြန်မာပြည်ဒုတိယဘုရင်ခံ "ဆာရီဂျင်နယ်ကရက်ဒေါက်" ( Reginald Craddock) က ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုခဲ့ပြီး ရန်ကုန်တက္ကသိုလ်၏ ပထမဦးဆုံး "အဓိပတိ" (Chancellor) ဖြစ်လာခဲ့သည်။ ထိုအခါ "ရန်ကုန်တက္ကသိုလ် ကောလိပ်" နှင့် "ဂျပ်ဆင်ကောလိပ်"တို့ကို ပူးပေါင်းလိုက်ပြီး "ရန်ကုန်တက္ကသိုလ်" (Rangoon University) ဟု စတင်ခေါ်တွင်ခဲ့သည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်တွင် ရန်ကုန်တက္ကသိုလ်ကောလိပ်မှ ကျောင်းသားကျောင်းသူ ၆၉၂ ဦး၊ ဂျပ်ဆင်ခေါ် ယုဒသန်ကောလိပ်မှ ကျောင်းသားကျောင်းသူ ၁၃၇ ဦးရှိရာ ကျောင်းသားကျောင်းသူ စုစုပေါင်း ၈၂၉ ဦး ရှိခဲ့သည်။



၁. မြို့မ-ဦးသန်းကြွယ် (နောင်အခါ ဗဟိုအမှုဆောင် ဖဆပလ အဖွဲ့ချုပ်)
၂. ဦးသန်းဆွေ (နောင်အခါ သံအမတ်ကြီး)
၃. ဦးပေါ်သိမ်း (နောင်အခါ ဒုတိယ ဝန်ကြီး)
၄. ဦးကျင်လှိုင် (နောင်အခါ ဒုတိယ ဝန်ကြီး)
၅. ဦးသာထွန်း (နောင်အခါ နိုင်ငံတော် ရှေ့နေချုပ်)
၆. ဦးမျိုးသန့် (နောင်အခါ ပါလီမန်ခေတ် ပြည်ထောင်စု အစိုးရ သတင်း ပြန်ကြားရေးမှူး)

နယ်ချဲ့ ဆန့်ကျင်ရေး မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလ ၁၉၄၆-၁၉၄၇ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ ခေါင်းဆောင်များအား ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ အဆောက်အအုံရှေ့ မြက်ခင်းတွင် တွေ့မြင်ရသော သမိုင်းဝင် ဓာတ်ပုံ

သို့ရာတွင် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ဥပဒေသည် ကြေးရတတ်သားသမီးများကိုသာ အကျိုးပြုပြီး တိုင်းရင်းသား ပြည်သူတို့၏ သားသမီးများအား အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်မှုကို ကန့်သတ်ထားခြင်း၊ တက္ကသိုလ်အုပ်ချုပ်ရေးစည်းကမ်းများမှာလည်း ကျောင်းသားကျောင်းသူများအပေါ် ဖိနှိပ် ချုပ်ချယ်လွန်းရာရောက်ရှိနေခြင်း၊ ဘွဲ့ရပညာတတ်ဦးရေ အများအပြား ထွက်ပေါ်ခြင်းမရှိနိုင်အောင် ချုပ်ကိုင်ထားခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားခွင့်မရရှိဘဲ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားလည်ပတ်နိုင်ရေးအတွက်သာ ဦးစားပေးသင်ကြားခြင်းတို့ကြောင့် တက္ကသိုလ်ကျောင်းသား မျိုးချစ်ခေါင်းဆောင်များက ကိုလိုနီခေတ် ပညာရေးစနစ်ကို ပယ်ဖျက်ပေးရန် အမျိုးသားရေး စိတ်ဓာတ်အပြည့်အဝဖြင့် ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်ကြီးကို ဦးဆောင်ဆင်နွှဲခဲ့ကြသည်။

ထိုစဉ်က ဗြိတိန်နိုင်ငံတွင် ကွန်ဆာဗေးတစ်ပါတီ အာဏာရချိန်ဖြစ်ပြီး အတိုက်အခံပါတီဖြစ်သည့် လေဘာပါတီမှ လွှတ်တော်အမတ်"ကာနယ်ဝက်ဂျ်ဝုဒ်" သည် ရန်ကုန်မြို့သို့ ရောက်ရှိလာကာ ရွှေတိဂုံစေတီတော်ရင်ပြင်၌ သပိတ်စခန်းချလျက်ရှိသော ရန်ကုန်တက္ကသိုလ်သပိတ်မှောက်ကျောင်းသားများကို လာရောက် တွေ့ဆုံခဲ့သည်။ ထိုအင်္ဂလိပ်အမတ်ကပင်–

"ဗြိတိသျှအစိုးရက မြန်မာပြည်မှာ တက္ကသိုလ်ပညာသင်ကြားရေးစနစ်ကို မတရားသဖြင့် စီမံထားခြင်းဖြစ်တယ်။ မြန်မာနိုင်ငံတွင် အင်္ဂလိပ်ကလေး၊ လူငယ်လူရွယ်များ သင်ကြားရတဲ့စနစ်ဟာ သခင်ဖြစ်စေတဲ့ ပညာရေးစနစ်ဖြစ်နေပြီး မြန်မာကလေး၊ လူငယ်လူရွယ်များသင်ကြားရတဲ့ စနစ်ကျတော့ ကျွန်ဖြစ်စေတဲ့ ပညာရေးစနစ် ဖြစ်နေတယ်။ တကယ်တော့ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်ဖြစ်နေပါစေ။ မြန်မာပြည်မှာ ပညာရေးစနစ်ကို ညီတူညီမျှ အတူတူ တစ်မျိုး တစ်စားတည်း ထားသင့်ပါတယ်။ ဒါကြောင့် တက္ကသိုလ်သပိတ်ကြီးကို ညီညီညွတ်ညွတ်နဲ့ ဆက်လက်ဆင်နွှဲကြပါ။ ပြီးတော့ အမျိုးသားကျောင်းများကိုလည်း ထူထောင်ကြပါ" ဟု ထောက်ခံတိုက်တွန်းအားပေးခဲ့သည်။

မြွေမြွေချင်း ခြေမြင်ဆိုသကဲ့သို့ ထိုစဉ်က အာဏာရ "ကွန်ဆာဗေးတစ်ပါတီ"(Conservative Party)အစိုးရ၏ မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးခဲ့သော ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေနှင့် ပညာရေးစနစ်ကို အတိုက်အခံပါတီကြီးဖြစ်သော "လေဘာပါတီ" (Labour Party) မှ လွှတ်တော်အမတ်ကိုယ်တိုင် မြန်မာပြည်သို့ ကိုယ်တိုင်လာရောက်ပြီး ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်ခေါင်းဆောင်များဘက်မှ မားမားမတ်မတ် ရပ်တည်ထောက်ခံအားပေးခဲ့သည်ကို ကြည့်ရှုမှုနှင့်ပင် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ဥပဒေ၏ မူမမှန်သော အဖွဲ့တွင်အတွင်းသရုပ်ရော၊ ဗဟိဒ္ဓ ပြင်ပသွင်ပြင်ကိုပါ ထင်ရှားစွာတွေ့မြင်နိုင်မည် ဖြစ်ပါသည်။

၁၉၂၀ပြည့်နှစ်တွင် ကိုလိုနီခေတ်ပညာရေးစနစ်ကို အသက်သွင်းထားသော အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ "ရန်ကုန်တက္ကသိုလ် အက်ဥပဒေ"(Rangoon University Act) ကို ဆန့်ကျင်သပိတ်မှောက်ခဲ့ကြသည့် ရန်ကုန်တက္ကသိုလ် မျိုးချစ်ကျောင်းသားခေါင်းဆောင်များ၏ ပထမအကြိမ်သပိတ်ကြီးသည် "အမျိုးသားပညာရေးစနစ်"(National Education)ကို ရုပ်လုံးပေါ်ပေါက်လာပြီး မြန်မာပြည်အနှံ့ ကိုယ့်အားကိုယ်ကိုး "အမျိုးသားကျောင်းများ"(National School)ပေါ်ပေါက် လာခဲ့သည့်အပြင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မှုခ်တံခါးကို စတင်ဖွင့်လှစ်ပေးခဲ့သည်မှာ သမိုင်းသက်သေတည်ပြီး ဖြစ်ပါသည်။ ။




ရန်ကုန်တက္ကသိုလ်ရှိ ဝိဇ္ဇာခန်းမ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)




ရန်ကုန်တက္ကသိုလ်ရာပြည့် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးပွဲတော် သရုပ်ဖော် ဒီဇိုင်းလက်ရာအလှ



ရန်ကုန်တက္ကသိုလ်အတွင်းပိုင်း လျှောက်လမ်းတစ်နေရာကို တွေ့ရစဉ်။ ဓာတ်ပုံ – တင်စိုး(မြန်မာ့အလင်း)

# ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

## ထက်လျှံ၊ ဓာတ်ပုံ – ဇော်မင်းလတ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်တိုဘာ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး ။** ။ ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပေါ်နေတဲ့ ကိုဗစ် – ၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုရဲ့ ဒုတိယလှိုင်းဟာ အချိန်ကြာမြင့်လာတာနဲ့အမျှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့လည်း ဒီကပ်ရောဂါကြီးကို ဘယ်လိုရင်ဆိုင်ကျော်လွှားပြီး ပြည်သူတွေအပေါ် ဘယ်လိုမျိုး စောင့်ရှောက်ကုသပေးရမယ် ဆိုတာကို ပိုပြီးနားလည်သဘောပေါက်လာပြီ ဖြစ်ပါတယ်။

အခုအချိန်မှာ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေအနေနဲ့လည်း ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးမှာ ပါဝင်လာနိုင်ဖို့အတွက် ညှိနှိုင်းဆောင်ရွက်မှုတွေကို လုပ်ဆောင်နေပြီလို့ ကြားသိရပါတယ်။ ဒါဆိုရင် ပြည်သူတွေအတွက် ရွေးချယ်စရာတွေ များလာမှာဖြစ်သလို နိုင်ငံပိုင်ဆေးရုံတွေအတွက် ဝန်ထုပ်ဝန်ပိုး အနည်းငယ် လျော့နည်းသွားနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

ကိုဗစ် – ၁၉ နဲ့ပတ်သက်လို့ သိထားရမယ့် သတင်းမှန်အချက်အလက်တွေ၊ လိုက်နာရမယ့် ကိစ္စတွေကို ရှင်းလင်းဖြေကြားပေးဖို့ ဒီနေ့ရဲ့ ဆွေးနွေးမှုမှာ **ဆရာကြီး ပါမောက္ခ ဒေါက်တာထင်အောင်စော [ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်]**၊ **ဆရာကြီး ဒေါက်တာကျော်ကံကောင်း [ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]** တို့နဲ့အတူ **ဆရာမ ဒေါက်တာ ခင်ခင်ကြီး [ညွှန်ကြားရေးမှူး၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]** က ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒီနေ့ရဲ့ မေးခွန်းတွေ မေးမြန်း / ဖြေကြားဆွေးနွေးမှုကို စတင်နိုင်ဖို့အတွက် ဆရာမကနေ ဦးဆောင်ပြီး ဆွေးနွေးပေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာခင်ခင်ကြီး ။** ။ ဒီနေ့ ပဉ္စမအပတ် တတိယနေ့ ဆွေးနွေးပွဲမှာ ဦးဆောင်သူအဖြစ် ပါဝင်ဆွေးနွေးခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ပထမဦးဆုံး ဆရာကြီး ပါမောက္ခ ဒေါက်တာ ထင်အောင်စော ဆီမှာ မေးခွန်းတွေလည်း တော်တော်များများ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေထဲမှာ ဘယ်လိုမျိုး စိတ်ဝင်စားစရာမေးခွန်းတွေ ပါလာမလဲ၊ ဆရာကြီးက ဘယ်လိုဖြေဆိုမလဲဆိုတာ အထူးစိတ်ဝင်စားဖွယ်ဖြစ်ပါတယ်။ ဒါကြောင့် ဆရာကြီး ဦးထင်အောင်စောကို ဖြေကြားပေးဖို့အတွက် အထူးလေးစားစွာ ဖိတ်ခေါ်အပ်ပါတယ်ရှင်။

**ပါမောက္ခဒေါက်တာထင်အောင်စော ။** ။ ကျွန်တော့်ကို အခုလိုမျိုး မေးခွန်းတွေ ဖြေကြားခွင့်ပြုတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ပထမဦးဆုံး ကျွန်တော် ဖြေကြားရမယ့် မေးခွန်းက နှစ်ခု၊ သုံးခုလောက်စုပြီး မေးထားတဲ့ မေးခွန်း ဖြစ်ပါတယ်။ ဦးတိုင်းကျော်ဆိုတဲ့ မေးခွန်းရှင်ရယ်၊ တခြားနာမည် မဖော်ပြထားတဲ့ မေးခွန်းရှင် နှစ်ဦး၊ သုံးဦးက မေးထားတဲ့ မေးခွန်းတွေဖြစ်ပါတယ်။

မေးခွန်းရှင်တစ်ဦးက ဘာပြောလဲဆိုတော့ သူက အပြင်ကိုထွက်တဲ့အခါမှာ နှာခေါင်းစည်း မတပ်နိုင်တဲ့ အခြေအနေမျိုးတွေ ကြုံလို့ရှိရင် ရောဂါပိုးမကူးအောင် နှာခေါင်းကို ဆပ်ပြာနဲ့ပွတ်ပြီး အပြင်ထွက်တယ်။ အဲဒီမေးခွန်းနဲ့ ခပ်ဆင်ဆင်တူတာက ကွမ်းယာစားတဲ့အခါ ကွမ်းယာထဲမှာ ထုံးတွေပါတော့ ဒီကွမ်းယာထဲက ထုံးတွေက ရောဂါပိုးကို ကာကွယ်နိုင်သလား။ ဘာဖြစ်လို့လဲဆိုတော့ ပတ်ဝန်းကျင်မှာ သန့်ရှင်းရေးအတွက် ပိုးသေအောင်လို့ ထုံးတွေဖြူးနေတာတွေ့တော့ အတူတူပဲ မဟုတ်ဘူးလားလို့ဆိုပြီး မေးထားပါတယ်။ ကျွန်တော့်အနေနဲ့ ဒါတွေကို ရှင်းပြချင်ပါတယ်။

ပတ်ဝန်းကျင်မှာ ထုံးဖြူးပြီးတော့ ပတ်ဝန်းကျင်မှာ ပိုးကင်းစင်အောင်လုပ်တဲ့ နည်းစနစ်သည် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြပါပြီ၊ ကုန်ကျစရိတ် သက်သာတဲ့ နည်းတစ်ခုဖြစ်တယ်။ ထိရောက်မှုလည်း ရှိပါတယ်။ တချို့သော ဗက်တီးရီယားတွေ၊ ဗိုင်းရပ်စ်တွေကို ကာကွယ်နိုင်တာ မှန်ပါတယ်။ သို့သော် ဒီထုံးသည် ဘာလဲဆိုရင် ကယ်လ်ဆီယံအောက်ဆိုက်လို့ခေါ်တဲ့ Quick Lime Stones ဖြစ်ပါတယ်။ ဒီဟာကို သုံးစွဲတဲ့အခါမှာ သတိထားရတယ်။ ဒီလိုမှမဟုတ်ရင် လက်တွေကို အပူလောင်တတ်တယ်။ မျက်စိတွေ၊ ပါးစပ်တွေထဲကို ဝင်ရင်လည်း လောင်ကျွမ်းတတ်ပါတယ်။



ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် ပါမောက္ခ ဒေါက်တာ ထင်အောင်စော၊ ဒေါက်တာ ကျော်ကံကောင်းနှင့် ဒေါက်တာ ခင်ခင်ကြီးတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

### ❒ ကွမ်းယာစားတဲ့အခါ ကွမ်းယာထဲမှာ ထုံးတွေပါတော့ ဒီကွမ်းယာထဲက ထုံးတွေက ရောဂါပိုးကို ကာကွယ်နိုင်သလား။ ဘာဖြစ်လို့လဲဆိုတော့ ပတ်ဝန်းကျင်မှာ သန့်ရှင်းရေးအတွက် ပိုးသေအောင်လို့ ထုံးတွေဖြူးနေတာတွေ့တော့ အတူတူပဲ မဟုတ်ဘူးလား

ကွမ်းယာထဲကို ထည့်ပြီးစားတဲ့ ထုံးက မတူပါဘူး။ နည်းနည်းကွာခြားပါတယ်။ သူသည် ကယ်လ်ဆီယံ ဟိုက်ဒြောဆိုက် ဖြစ်ပါတယ်။ နံပါတ် (၁) မတူပါဘူးခင်ဗျာ။ နံပါတ် (၂) သူသည် ပိုးသန့်စင်တာအတွက် အသုံးမဝင်ပါဘူး။ ပြီးခဲ့တဲ့လအတန်ကြာက မှတ်မိကြမယ်ထင်ပါတယ်။ တိုးတက်တဲ့ နိုင်ငံတစ်ခုရဲ့ ခေါင်းဆောင်ကြီးတစ်ဦးကနေ Antiseptic လို့ ခေါ်တဲ့ ပိုးသတ်ဆေးတွေက ပတ်ဝန်းကျင်မှာသုံးရင် ပိုးသေတယ်ဆိုတော့ လူ့ခန္ဓာကိုယ်ထဲ ထိုးရင် ပိုးသေမှာပဲလို့ ပြောမိတဲ့အခါ လူအများကြားထဲမှာ **“မျက်စိ”** ရှုပ်ထွေးမှု၊ **“နားလည်မှု”** ရှုပ်ထွေးမှု ဖြစ်စေခဲ့ပါတယ်။ နောက်မှ ကျန်းမာရေးပညာရှင်တွေက မဆိုင်ဘူးဆိုပြီး မတူတဲ့အချက်တွေကို ရှင်းပြခဲ့ရပါတယ်။ စောစောကပြောတဲ့ ပတ်ဝန်းကျင်မှာ သုံးစွဲတဲ့ပိုးသတ်ဆေးတွေက ခန္ဓာကိုယ်ကို အန္တရာယ်တောင် ဖြစ်စေတတ်တာကို ရှင်းပြခဲ့ရပါတယ်။

ဒါကြောင့်မိုလို့ ဆေးဝါးတွေနဲ့ ပတ်သက်တဲ့အခါကျရင် မတူတဲ့အချက်တွေကို ကျန်းမာရေးပညာရှင်တွေနဲ့ ဆွေးနွေးဖို့လည်း လိုပါတယ်။ ကိုယ်ထင်တိုင်း လုပ်လို့ မရပါဘူး။ ကွမ်းယာစားတဲ့အတွက်ကြောင့်မိုလို့ “ကိုဗစ်” ကို မကာကွယ်နိုင်ပါဘူး။ “ကိုဗစ်” ကို ပိုကူးစက်နိုင်ပါတယ်လို့ ဒီနေရာမှာ ဆွေးနွေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကွမ်းတံတွေးထွေးလို့ ဖြစ်ပါတယ်။ ကိုဗစ်ဟာ အားလုံးသိတဲ့အတိုင်းပဲ အသက်ရှူလမ်းကြောင်းမှာ ဖြစ်တယ်။ ပါးစပ်၊ နှာခေါင်းကထုတ်တဲ့ အမှုန်အမွှားအရည်တွေထဲမှာ ရှိတယ်။ ဒီကနေထွက်ရင် ကူးစက်နိုင်တယ်။ ဒါကြောင့်မိုလို့ ချောင်းဆိုးရင် ပါးစပ်ကို အုပ်ဆိုးဖို့ ပြောကြားရပါတယ်။ နှာခေါင်းစည်းတပ်ဖို့ ပြောကြားရပါတယ်။ စကားပြောရင်တောင် ကူးနိုင်တယ်။ သီချင်းဆိုရင်လည်း ကူးနိုင်တယ်။ ဒီလိုမျိုး ဆိုကြတာတွေ ရှိပါတယ်။

အဲဒီတော့ တံတွေးကနေလည်း ကူးစက်နိုင်တာကို စိုးရိမ်မှုတွေရှိတဲ့အတွက်ကြောင့် တားဆီးနေတဲ့ လုပ်ငန်းတွေ၊ နည်းစနစ်တွေ ရှိပါတယ်။ ဥပမာ – အားကစားကို ပြင်းပြင်းထန်ထန်လုပ်တဲ့ သူတွေဆိုရင် ကြာလာတဲ့အခါ ပါးစပ်ထဲမှာ တံတွေးတွေ ချွဲပျစ်လာတဲ့အတွက်ကြောင့်မို့ တံတွေးထွေးချင်တဲ့ဆန္ဒ ဖြစ်ပေါ်တတ်ပါတယ်။ အထူးသဖြင့် ဘယ်မှာတွေ့ရသလဲဆိုရင် ဘောလုံးသမားတွေ ကစားတဲ့အခါမှာ တွေ့ရလေ့ရှိပါတယ်။ အဲဒီတော့ ပြီးခဲ့တဲ့ ရက် လပိုင်းတွေက အခြားအနောက်နိုင်ငံတွေမှာ ဘောလုံးပြိုင်ပွဲ ပြန်ဖွင့်တဲ့အခါ ဖီဖာလို့ခေါ်တဲ့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကလည်းကောင်း၊ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကလည်းကောင်း အားကစားသမားများ၊ ဘောလုံးသမားများ တံတွေး မထွေးရဘူးဆိုပြီး တားမြစ်ထားပါတယ်။ ကိုဗစ်ရောဂါကူးစက်မှာစိုးလို့ ဖြစ်ပါတယ်။ တကယ်လို့ တံတွေးထွေးလို့ရှိရင် အဝါကတ်ပြမယ်လို့ ပြောခဲ့ဖူးပါတယ်။ အခု အဝါကတ်တော့ မပြဘူး၊ သတိ ပေးတာတော့ ခံရပါတယ်။

အိန္ဒိယနိုင်ငံမှာဆိုရင်လည်း ကျွန်တော်တို့နိုင်ငံမှာလို ကွမ်းစားတာများတယ်။ ကွမ်းတံတွေး ထွေးတာကျတော့ ကွမ်းတံတွေးကြောင့်မို့ ကိုဗစ်ရောဂါကူးစက်မှာစိုးတဲ့အတွက် ကွမ်းတံတွေး ထွေးကြသူများသည် Mask မတပ်သောသူများနှင့် အတူတူပဲလို့ တန်းတူထားပြီး ဒဏ်ငွေဆောင်ရမယ်လို့ ဆိုပါတယ်။ ရူပီး ၅၀၀ မြန်မာငွေနဲ့ဆိုရင် ငွေကျပ် ၁၀၀၀၀ ကျော် ဆောင်ရမှာဖြစ်ပါတယ်။ ဒီတံတွေး ထွေးတာနဲ့ပတ်သက်လို့ ပညာပေးနေတဲ့ လုပ်ငန်းတွေ၊ တားမြစ်နေတဲ့ လုပ်ငန်းတွေ၊ ဒဏ်ရိုက်နေတဲ့ လုပ်ငန်းတွေလည်းရှိပါတယ်။ ကျွန်တော်ကတော့ အရေးကြီးတယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကိုဗစ်ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေမှာ ဘယ်အရာမဆို မလုပ်မဖြစ် ကျန်တဲ့ဟာတွေကို နည်းစနစ်တကျတွေလုပ်ဖို့ သင့်တယ်လို့ ပြောချင်ပါတယ်။

ကွမ်းစားတဲ့အတွက်ကြောင့်မို့ ကိုဗစ်ကူးစက်နိုင်ရုံသာမက တခြားသော မကူးစက်တတ်သော ရောဂါတွေလည်း ဖြစ်နိုင်ပါသေးတယ်။ ဥပမာ – ခံတွင်းကင်ဆာလိုဟာမျိုး ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ထင်ပါတယ်။ ဆရာကြီး ဦးကျော်ကံကောင်းတို့က ဒီရောဂါတွေနဲ့ပတ်သက်လို့ ပိုကျွမ်းကျင်တဲ့အတွက်ကြောင့်မို့ ဆရာရဲ့ ဆွေးနွေးမှုမှာ ပါဝင်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီတော့ ကွမ်းစားခြင်း၊ အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းတို့သည် ကျန်းမာရေးကို ထိခိုက်စေတဲ့ အတွက်ကြောင့်မိုလို့ အခြေခံကျန်းမာရေးကို ချို့ယွင်းစေသော၊ ပိုဆိုးစေသော အချက်အနေနဲ့ ဒီနေရာမှာ အကြံပြုလိုပါတယ်။ တံတွေးထွေးခြင်းအားဖြင့် တီဘီရောဂါကိုလည်း ကူးစက်ဖြစ်ပွားနိုင်တဲ့အတွက်ကြောင့် တီဘီရောဂါအဖြစ်များတဲ့ နိုင်ငံမျိုးမှာ တံတွေးထွေးခြင်းကို အထူးသတိထားစေချင်ပါတယ်။

ဒုတိယတစ်ခုက အစားအသောက်ကနေ ကူးနိုင်သလားဆိုပြီး မေးခွန်းရှင်တစ်ဦးက မေးထားပါတယ်။ ကိုဗစ်ဟာ အစားအသောက်ကနေ မကူးပါဘူး။ သို့သော် အစားအသောက် အတူတူစားကြလို့ရှိရင် Mask တွေ ဖြုတ်ပြီး စားကြမယ်၊ အခန်းအလုံပိတ်ပြီး စားကြမယ်ဆိုရင်တော့ သတိထားဖို့ သင့်ပါတယ်။ ဒါလည်း အရေးကြီးတဲ့ ကိစ္စတစ်ခုပါ။

ဒီတော့ မေးခွန်းတွေအားလုံးကို ခြုံငုံပြီးကြည့်လိုက်မယ်ဆိုရင် များသောအားဖြင့် လူတွေက စိုးရိမ်လို့ မေးကြတာတွေ များပါတယ်။ ရောဂါကူးစက်မှာစိုးလို့၊ ရောဂါဖြစ်မှာစိုးလို့၊ နောက် ဘာဖြစ်မှန်းမသိလို့ဆိုပြီး မေးကြတာပါ။ လူတွေမှာ စိုးရိမ်သောကတွေ ဖြစ်တယ်လို့ ကျွန်တော် ခံစားမိပါတယ်။ ဒီလိုမျိုး စိုးရိမ်သောကတွေဟာ ဆွေးနွေးတိုင်ပင်သင့်တယ်လို့ ကျွန်တော် အကြံပေးချင်ပါတယ်။ ပညာရှင်တွေနဲ့ တိုင်ပင်သင့်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖွင့်ထားတဲ့ 2019 Call Center ကို လည်းကောင်း၊ MMA က ဖွင့်ထားတဲ့ Teleconsultation ကို လည်းကောင်း၊ ကိုဗစ် Consultation နဲ့ပတ်သက်တဲ့ Call Center တွေရှိပါတယ်။ MMA Facebook မှာလည်း ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ ဝင်ရောက်ပြီး ဆွေးနွေးမေးမြန်းနိုင်ပါတယ်။ ကျန်းမာရေးဆိုင်ရာ စိတ်ပညာရှင်တွေက ဒါတွေနဲ့ပတ်သက်ပြီး နှစ်သိမ့်ဆွေးနွေးမှုတွေကိုလည်း ပြုလုပ်ပေးတာလည်း ပါတယ်။ နောက်ပြီး ကိုယ့်ရဲ့ အခြားသော မကူးစက်တတ်တဲ့ ရောဂါတွေနဲ့ပတ်သက်ပြီး ဆွေးနွေးလို့ရတဲ့ အပိုင်းတွေပါတယ်လို့ ကျွန်တော့်အနေနဲ့ အကြံပေးလိုပါတယ်။

**ဒေါက်တာခင်ခင်ကြီး ။** ။ ဆရာကြီးအနေနဲ့ ဒီလို ရှင်းလင်း ပြောပြပေးတဲ့အတွက် ပြည်သူတွေ အများကြီးအကျိုးရှိမယ်လို့ ကျွန်မထင်ပါတယ်။ အခုဆက်လက်ပြီး မကူးစက်နိုင်သော ရောဂါများနဲ့ ပတ်သက်ပြီး မကူးစက်တဲ့ရောဂါတွေနဲ့ ကိုဗစ်ဟာ ဘယ်လိုဆက်စပ်နေတယ်၊ မကူးစက်တဲ့ရောဂါတွေဖြစ်တဲ့ သွေးတိုး၊ နှလုံးရောဂါအခံရှိသူတွေဟာ ကိုဗစ်ဖြစ်လာရင် ဘယ်လောက်အထိ ဆိုးဆိုးရွားရွားခံစားနိုင်ရတယ်ဆိုတဲ့ အချက်တွေကို ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြပေးဖို့အတွက် ဆရာကြီး ဦးကျော်ကံကောင်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာကျော်ကံကောင်း ။** ။ အဲဒီတော့ ပြည်သူလူထုက မေးထားတဲ့ မေးခွန်း သုံးခု ရှိပါတယ်။ ပထမဆုံးမေးခွန်းက ရောဂါအခံရှိတဲ့သူတွေ သေဆုံးမှုများနေတယ်။ ဒုတိယမေးခွန်းက ဘယ်လိုရောဂါတွေကြောင့်မို့ သေဆုံးမှုပိုများနေတာလဲနဲ့ နောက်ဆေးခန်းတွေ သွားရလာရတာ ခက်ခဲတယ်။ ပုဂ္ဂလိကဆေးခန်းတွေကလည်း ကိုဗစ်လို့ သံသယရှိရင် လက်မခံနိုင်ဘူး။ ဒါကို ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်လို့ အဖွင့်မှာလည်း ပြောသွားပြီးပါပြီ၊ ဒါတွေကို ဘယ်လိုလုပ်ရမလဲဆိုပြီး ပြည်သူလူထုက မေးထားတာ ဖြစ်ပါတယ်။

ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ကိုဗစ်ရောဂါကြောင့် သေဆုံးမှုတွေကို ကြည့်မယ်ဆိုရင် လူတိုင်းက ရောဂါဖြစ်လာမယ်ဆိုရင် သေဆုံးမှုကို ကြောက်ကြတာပေါ့နော်။ အဲဒီတော့ ကူးစက်ရောဂါဖြစ်ဖြစ်၊ မကူးစက်ရောဂါဖြစ်ဖြစ် သေဆုံးမှုကို လျှော့ချပေးဖို့ လိုအပ်ပါတယ်။ အဲဒီမှာ Case Fatality Rate လို့ခေါ်တဲ့ ရောဂါကြောင့် သေဆုံးမှုနှုန်းထားကို ကျွန်တော်တို့ အမြဲတမ်းပြန်လည်ပြီး ဆန်းစစ်နေဖို့ လိုပါတယ်။ ကိုဗစ် ကူးစက်မှုကိုထိန်းချုပ်ဖို့ ကျွန်တော်တို့ ဆောင်ရွက်နေသလို ရောဂါကြောင့် သေဆုံးမှုနှုန်းကိုလည်း လျှော့ချဖို့အတွက်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြိုးပမ်းပြီး ဆောင်ရွက်နေပါတယ်။

သေဆုံးမှုအနေအထားတွေကို ကြည့်မယ်ဆိုရင် အောက်တိုဘာလ ၂၇ ရက် ညပိုင်းက ထုတ်ပြန်တဲ့ ဒေတာတွေအရဆိုရင် သေဆုံးသူ စုစုပေါင်း ၁၁၄၁ ဦး ရှိခဲ့ပါပြီ စိတ်မကောင်းစရာပါ။ ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနရဲ့ လေ့လာသုံးသပ်ချက်တွေအရ သေဆုံးသူတွေရဲ့ အသက် ၆၀ ကနေ ၇၅ နှစ်အရွယ် လူနာတွေက သေဆုံးမှု အမြင့်မားဆုံးဖြစ်ပါတယ်။ ဒုတိယအမြင့်မားဆုံးအုပ်စုက အသက် ၄၅ နှစ်ကနေ ၆၀ အရွယ် လူနာတွေဖြစ်ပါတယ်။ ဒါပေမယ့် လူငယ်တွေမှာလည်း သေဆုံးမှုရှိပါတယ်။ သို့သော် သေဆုံးမှုရာခိုင်နှုန်း မများပါဘူး။ အဲဒီမှာ ကျွန်တော်တို့က သေဆုံးမှုတွေကို လျှော့ချဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ ပံ့ပိုးမှု၊ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုတွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ *စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုက သိပ်ကိုအရေးကြီးပါတယ်။ လိုအပ်တဲ့ အသက်ကယ်ဆယ်မှုတွေ ဆောင်ရွက်ဖို့အတွက် အောက်ဆီဂျင် လိုအပ်ချက်တွေ၊ Remdesivir ဆေးဝါးလိုအပ်ချက်တွေကို သွေးရည်ကြည်ကုထုံးနဲ့ ကုသပေးတဲ့ လုပ်ငန်းတွေကို ဝန်ကြီးဌာနအနေနဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ်အနေနဲ့ ချက်ချင်းတွေ့၊ ချက်ချင်းကုသပေးနေပါတယ်။ သေဆုံးမှုတွေကို လျှော့ချနိုင်ဖို့အတွက်ဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်လျက်နည်းတူ ပြည်သူလူထု တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ မိသားစု တစ်စုချင်း၊ ရပ်ကွက်၊ ကျေးရွာတွေမှာ တာဝန်ရှိတဲ့သူတွေက ပူးပေါင်းဆောင်ရွက်ဖို့ အထူးအရေးကြီးပါတယ်။

ရောဂါအခံရှိတဲ့ သက်ကြီးရွယ်အိုတွေ၊ မိမိတို့ကိုယ်တိုင်က ကိုဗစ် – ၁၉ နဲ့ပတ်သက်တဲ့ ညွှန်ကြားချက်တွေကိုလိုက်နာပြီး ကျန်းမာရေးကို ဂရုစိုက်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ အခုလက်ရှိ ဆေးရုံတက်ကုသမှုခံယူနေတဲ့ လူနာတွေထဲက ၈၉ ရာခိုင်နှုန်းဟာ ရောဂါအခံ တစ်ခုရှိတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီရောဂါတွေက ဘာတွေလဲဆိုတော့ ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ ကင်ဆာရောဂါနဲ့ လေဖြတ်ထားသူတွေ ပါတယ်။ တချို့ဆိုရင် ကူးစက်ရောဂါတစ်ခုဖြစ်တဲ့ တီဘီရောဂါကို ဖြစ်ပွားပြီး ထပ်မံ၍ ကိုဗစ်ရောဂါ ကူးစက်ခံရတဲ့အတွက် ပိုမိုဆိုးရွားသွားတာတွေရှိတယ်။ တချို့မှာ အသည်းခြောက်တဲ့ရောဂါ၊ ပန်းနာရင်ကျပ်တဲ့ ရောဂါရှိတဲ့သူတွေလည်း ပိုမိုသေဆုံးတာကို တွေ့ရပါတယ်။

ကိုဗစ်မဖြစ်ခင်ကတည်းက သေဆုံးမှုတွေ ဘာလို့များနေတယ်ဆိုတာကို ပြန်လည်သုံးသပ်ရရင် ရန်ကုန်တိုင်းဒေသကြီးရဲ့ ၂၀၁၉ ခုနှစ် ဒေတာတွေကို အနည်းငယ်တင်ပြလိုပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ မနှစ်တုန်းက သေဆုံးသူစုစုပေါင်း ၆၂၀၀၀ လောက်ရှိပါတယ်။ အဲဒီထဲမှာ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါတွေကြောင့် သေဆုံးသူပေါင်း ၂၀၀၀၀ လောက်ရှိပါတယ်။ ဆီးချို၊ သွေးချိုရောဂါကြောင့် သေဆုံးခဲ့သူတွေ တော်တော်များပါတယ်။ ဆီးချိုရောဂါကနေ ဆက်စပ်ဖြစ်သွားတဲ့ ရောဂါတွေကြောင့် သေဆုံးနေတာဖြစ်ပါတယ်။

ကိုဗစ်သေဆုံးမှုနဲ့နှိုင်းယှဉ်လိုက်ရင် မကူးစက်နိုင်တဲ့ရောဂါတွေရဲ့ သေဆုံးမှုနှုန်းက နဂိုကတည်းက များနေပါတယ်။ ကမ္ဘာပေါ်မှာ ဒါကိုဘယ်လိုခေါ်လဲဆိုတော့ “ကိုဗစ်” ကို ကပ် Pandemic ရောဂါလို့ ခေါ်နေကြတဲ့အချိန်မှာ နဂိုရှိရင်းစွဲ မကူးစက်နိုင်တဲ့ရောဂါတွေရှိနေတဲ့အတွက်ကြောင့် Syndemic လို့ ခေါ်နေကြပါတယ်။ Synergistic Pandemic လို့လည်း တချို့က သုံးနှုန်းကြပါတယ်။

ဘာကြောင့် သေဆုံးမှုကများတာလဲ အခုမေးထားတဲ့မေးခွန်းမှာလည်း ပါပါတယ်။ ဆီးချို၊ သွေးတိုးရောဂါရှိတဲ့သူတိုင်းဟာ ကိုဗစ်ရောဂါ ကူးစက်ခံရလို့ရှိရင် သာမန် Control ရနေတဲ့သူတွေက ဒီလောက်သေဆုံးမှု မများပါဘူး။ နဂိုကတည်းက ဆီးချိုရောဂါ၊ သွေးတိုးရောဂါရှိမယ်၊ ဆေးကို ပုံမှန်သောက်သုံးမှု မရှိဘူး။ သောက်သုံးတဲ့ဆေးဝါးတွေက လွဲနေတယ်။ သေချာကုသမှု မခံယူဘူးဆိုရင် ဒီ ဆီးချို၊ သွေးချို၊ သွေးတိုးလူနာတွေက နဂိုကတည်းက ကျောက်ကပ်ပျက်စီးထားတာဖြစ်မယ်။ နှလုံးတွေ နဂိုကတည်းက အားနည်းထားတာဖြစ်မယ်။ ဒီဟာကြောင့်မို့ “ကိုဗစ်” ဝင်လာတဲ့အခါမှာ နဂိုကတည်းက ခန္ဓာကိုယ်က ခုခံအားနဲ့ ခံနိုင်ရည်မရှိတဲ့အချိန်မှာပိုပြီး သေဆုံးမှုများသွားတာ ဖြစ်ပါတယ်။

ဒါတွေက နဂိုကတည်းက ဆီးချို၊ သွေးတိုးကို ထိန်းသိမ်းထားရမယ်။ ထိန်းချုပ်ထားနိုင်ရမယ်။ လေ့လာဆန်းစစ်မှုတွေအရ သွေးတိုးဆေးတွေ သောက်တာသောက်နေတယ်၊ ဒါပေမယ့် ပုံမှန် သွေးပေါင်ချိန်မရဘူးဆိုတဲ့ အနေအထားတွေကို တွေ့ရှိခဲ့ပါတယ်။ ယခုနောက်ဆုံး ထွက်ပေါ်လာတဲ့ သုတေသနတွေအရ ဆီးချိုတက်နေတယ်၊ သွေးထဲမှာ သကြားဓာတ်များနေတယ်ဆိုရင် ဆဲလ်တွေ၊ တစ်သျှူးတွေ ပျက်စီးနေတဲ့အချိန်ကြောင့်မို့ ဖြစ်ပါတယ်။

ဒါပေမယ့် အခုထပ်မံတွေ့ရှိချက်အရ သွေးထဲမှာရှိတဲ့ ခုခံအားစနစ်တစ်မျိုးဖြစ်တဲ့ Interleukin Regulatory Factor အမှတ် ၁၅ ကို ဒီဆီးချိုတက်နေတယ်ဆိုရင် လှုံ့ဆော်ပေးလိုက်တဲ့အခါ ကိုယ်ခံအားစနစ်က ကိုယ့်ကိုပဲ လွန်ကဲစွာတုံ့ပြန်တဲ့စနစ်တွေ ဖြစ်လာတယ်။ တချို့ ဆီးချိုမရှိသေးဘူး၊ ကိုဗစ် Positive ဖြစ်လို့ ဆေးရုံရောက်သွားတဲ့အခါ လိုအပ်တဲ့ဆေးဝါး သုံးပါတယ်။ အများစုသိကြပါတယ်။ Dexamethasone ဆိုတဲ့ဆေးတွေ သုံးပါတယ်။ အဲဒီတော့ Dexamethasone ဆေးထိုးလိုက်ရင် သာမန် ဆီးချိုမတက်တဲ့သူက ဆီးချိုတက်သွားနိုင်ပါတယ်။

**“ပထမဆုံးမေးခွန်းက ရောဂါအခံရှိတဲ့သူတွေ သေဆုံးမှုများနေတယ်။ ဒုတိယမေးခွန်းက ဘယ်လိုရောဂါတွေကြောင့်မို့ သေဆုံးမှုပိုများနေတာလဲနဲ့ နောက် ဆေးခန်းတွေ သွားရလာရတာ ခက်ခဲတယ်။ ပုဂ္ဂလိကဆေးခန်းတွေကလည်း ကိုဗစ်လို့ သံသယရှိရင် လက်မခံနိုင်ဘူး”**

ဒါတွေက ကုသမှုစင်တာတွေဖြစ်တဲ့ ဝေဘာဂီ၊ တောင်ဥက္ကလာ၊ ဖောင်ကြီးတို့မှာ ကြုံတွေ့နေရပါတယ်။ အဲဒီမှာ အင်ဆူလင်လိုဆေးဝါးမျိုးတွေနဲ့ ဆီးချိုကို ထိန်းနိုင်အောင် လုပ်ပေးနေရတဲ့ အနေအထားမျိုးတွေ ရှိပါတယ်။ ပြောချင်တာကတော့ ပြည်သူလူထုအနေနဲ့ အရင်ကတည်းက ဆီးချို၊ သွေးချိုရှိရင် မှန်မှန်ဆေးသောက်ဖို့၊ ပုံမှန် Checkup လုပ်ဖို့ တိုက်တွန်းလိုပါတယ်။

နောက်ဆုံးမေးခွန်းတစ်ခုက ဆေးခန်းပြလို့မရတဲ့ အခက်အခဲပါ။ ဒီလိုသေဆုံးမှုတွေရှိနေတာက ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါတွေကို Control လုပ်မထားတဲ့အတွက် မသေသင့်ဘဲ သေနေရတာဖြစ်ပါတယ်။ ပြန်လေ့လာရာမှာ ဆေးရုံရောက်တဲ့လူတွေရဲ့ သုံးပုံတစ်ပုံလောက်ဟာ ဆေးရုံရောက်ပြီး တစ်ရက်အတွင်း သေဆုံးသွားတာဖြစ်ပါတယ်။

အဲဒီမှာ ဆေးရုံကိုရောက်ဖို့အကြောင်းကြောင်းကြောင့် နှောင့်နှေးနေတာ တွေ့ရပါတယ်။ ကျွန်တော်တို့ မိတ်ဆွေတွေထံကလည်း ကြားနေရတယ်။ အနံ့ပျောက်သွားတယ်။ ဒါပေမယ့် သူတို့က မသွားချင်ဘူး။ တစ်ခါတလေကျရင် တက္ကစီသမားတွေ အနံ့ပျောက်သွားတယ်။ တက္ကစီမောင်းနေတုန်းပဲ။ ဒါမျိုးတွေက ကူးစက်မှုကို ပိုပြီးများပြားစေပါတယ်။ စောစောစီးစီး မိမိကိုယ်တိုင်ကလည်း ဆေးရုံ၊ ဆေးခန်းတွေကိုလာဖို့ ကျွန်တော်တို့ ပြောလိုပါတယ်။

နောက်တစ်ခုက Stay Home ကာလတွေမှာ အခြေအနေအကြောင်းကြောင်းကြောင့် အိမ်မှာပဲနေရတဲ့အချိန်တွေက များလာတယ်။ အိမ်မှာနေရတာပိုများတော့ အစားအသောက်တွေ ပိုစားဖြစ်တယ်။ လေ့ကျင့်ခန်းလုပ်တာတွေလည်း လျော့သွားတယ်။ အဲဒါမျိုးတွေကိုလည်း ကျွန်တော်တို့ လုပ်ရမယ်။

ခုနက ဆရာကြီး ဦးထင်အောင်စော ဆွေးနွေးသွားသလိုပဲ စိတ်ဖိစီးမှုတွေ၊ သောကတွေ များလာတယ်။ ပူပန်စရာတွေ များလာတဲ့အခါကျတော့ မိမိတို့ ဘာသာတရားအလိုက် ဘုရားရှိခိုးတာ၊ တရားထိုင်တာတွေကိုလည်း ဆောင်ရွက်ဖို့လိုပါတယ်။

ကျွန်တော်တို့ ကုသမှုပေးရတဲ့ တစ်ရက်၊ နှစ်ရက်အတွင်းမှာ ရောက်လာတဲ့သူတွေဟာ စောစောစီးစီး ရောဂါနုတုန်းမှာလာမှ သေဆုံးမှုကို လျှော့ချနိုင်မှာဖြစ်တဲ့အတွက် ဒီအကြောင်းတွေကြောင့် ကျွန်တော်တို့ဘက်ကလည်း လိုအပ်တာတွေကို ပံ့ပိုးမယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုတွေဘက်ကလည်း မိမိအသိစိတ်ဓာတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

နောက်တစ်ခုက ဆေးခန်းတွေ ပိတ်တားတဲ့ကိစ္စမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ ဒေသန္တရကျန်းမာရေးဌာနတွေသည် မြို့ပေါ်မှာ ရှိပါတယ်။ ရန်ကုန်မြို့မှာဆိုလည်း ရှိတယ်။ မြို့လယ်မှာလည်း ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေမှာ ဆီးချို၊ သွေးချိုစစ်ဆေးတဲ့ဆေးခန်းတွေ ရှိပါတယ်။ အပတ်စဉ် ဖွင့်လှစ်နေပါတယ်။

ကိုဗစ်စဖြစ်ကတည်းက Social Distancing Measure တွေနဲ့ လူနာတွေလာမယ်ဆိုရင် သေချာကြည့်ရှုပေးဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ အဲဒီဆေးခန်းတွေက ဖွင့်မြဲအတိုင်း ဖွင့်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖွင့်လှစ်ထားပေးတဲ့ ဒေသန္တရဆေးခန်းတွေ၊ ကျေးလက်ကျန်းမာရေးဌာနတွေကိုလာပြီး လိုအပ်တဲ့ ဆေးဝါးကုသမှုတွေ၊ စစ်ဆေးမှုတွေကို ခံယူဖို့တိုက်တွန်းလိုပါတယ်။

မကူးစက်နိုင်တဲ့ရောဂါတွေ ဖြစ်ပွားရခြင်းရဲ့ အကြောင်းရင်းက ဆေးလိပ်သောက်သုံးမှုများတာ၊ ကွမ်းစားသုံးမှုများတာ၊ ဆေးရွက်ကြီးသုံးစွဲတာများတာ၊ အရက်အလွန်အကျွံသောက်တာ၊ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်နေတဲ့ အနေအထားတွေက အချိုလွန်ကဲတဲ့ အစားအသောက်တွေ၊ အဆီလွန်ကဲတဲ့ အစားအသောက်တွေ၊ အငန်လွန်ကဲတဲ့ အစားအသောက်တွေက NCD ရဲ့ Modifiable Risk Sector တွေဖြစ်ပါတယ်။

ဒါတွေအားလုံးကို လိုက်နာကျင့်သုံးခြင်း၊ ရှောင်ရှားခြင်း၊ လေ့ကျင့်ခန်းတွေလုပ်ခြင်းအားဖြင့် NCD ရောဂါတွေ ဖြစ်ပွားမှုကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ပြည်သူလူထုက ဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။

**ဒေါက်တာခင်ခင်ကြီး ။** ။ ကူးစက်ရောဂါနဲ့ ဆိုင်တဲ့ မေးခွန်းတွေ ကျွန်မကို မေးမြန်းထားတာ ရှိပါတယ်။ ပြည်သူလူထုထဲမှာ စိုးရိမ်စိတ်တွေ လွန်ကဲတယ်။ စားစရာတွေအပေါ်မှာ ပိုးသတ်ဆေးတွေ ဖျန်းမယ်။ ဝယ်လို့ရတယ် စသဖြင့် ဒါမျိုးတွေ ကြော်ငြာနေတဲ့ ကိစ္စတွေလည်း တွေ့ရပါတယ်။

ဒါတွေဟာ အလွန်အန္တရာယ်ရှိတဲ့ ကိစ္စရပ်တွေ ဖြစ်ပါတယ်။ ဒီနေရာမှာ FAO ၊ OIE ၊ WHO နဲ့ World Food Programme တို့ပူးတွဲပြီး ကိုဗစ် – ၁၉ နဲ့ အစားအသောက်ဆိုပြီး လက်ကမ်းစာစောင်တွေ၊ ပိုစတာတွေ လုပ်ထားတာရှိပါတယ်။ ဒါက ဘာပြောထားသလဲဆိုတော့ လက်ကို မကြာခဏ ဆေးခြင်းက အကောင်းဆုံး ဖြစ်ပါတယ်။

ဘယ်အချိန်မှာ လက်ဆေးမလဲ အစားအသောက်တွေ ကိုင်တွယ်ရာမှာ၊ အစားအသောက်တွေ ချက်ပြုတ်ရာမှာ၊ စားသောက်ရာမှာ၊ ရေသောက်ရာမှာ လက်ကိုဆေးရမှာ ဖြစ်ပါတယ်။ အိမ်သာသွားပြီးအခါမှာ၊ နောက်တစ်ခုက ညစ်ပတ်နေတဲ့ အရာတွေကို ကိုင်တွယ်လိုက်မိပြီဆိုရင် လက်ဆေးပါ။

နောက်တစ်ခု ထူးခြားတာက တိရစ္ဆာန်တွေကို ကိုင်တွယ်ပြီးရင် လက်ဆေးပါ။ ဒီအဖွဲ့ လေးခုက ပြောထားတာဖြစ်ပါတယ်။ အချက် ၁၀ ချက်ကို ချုပ်ပြီး ပြောထားပါတယ်။ အစားအသောက်ကနေ ကူးစက်တယ်ဆိုတဲ့ အထောက်အထားမရှိပါဘူး။ ဒါက နံပါတ် (၁)အချက်ဖြစ်ပါတယ်။ နံပါတ် (၂)အချက်က ကိုဗစ် – ၁၉ ဗိုင်းရပ်စ်က အစားအသောက်မှာ မကြီးထွားနိုင်ပါဘူး။ မရှင်သန်နိုင်ပါဘူး။ ပိုးမပွားနိုင်ပါဘူး။

ခန္ဓာကိုယ်ကိုလည်း ကျန်းမာရေးနဲ့ ညီညွတ်အောင် ဆပ်ပြာနဲ့ ရေချိုးတာ၊ လက်ကိုလည်း မကြာခဏဆေးတာ ဒီလိုကိုဗစ် – ၁၉ နဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေကို သေချာလုပ်ဖို့လိုပါတယ်။ ဒါက နံပါတ် (၃) ပါ။

နောက်တစ်ခုက အစားအသောက်တွေ ကျက်အောင်ချက်ဖို့လည်း အရေးကြီးပါတယ်။ ဒါဆိုရင် အစိမ်းစားတဲ့ အသီးအနှံတွေ၊ အစိမ်းစားတဲ့ အရွက်တွေကို ဘယ်လိုလုပ်ရမလဲဆိုတော့ အဲဒီအတွက်လည်း ရှိပါတယ်။ ဒါဆိုရင် အစိမ်းစားမယ့် အသီးအနှံအရွက်တွေကို ရိုးရိုးရေနဲ့ပဲ ဆေးဖို့ လိုအပ်ပါတယ်။ ဆပ်ပြာရေနဲ့ လုံးဝဆေးစရာ မလိုအပ်ပါဘူး။

ဒါတွေကို ဆပ်ပြာရေနဲ့ ဆေးခြင်းဟာ မလိုအပ်ဘဲနဲ့ ဆိုးကျိုးတွေကို ဖြစ်စေပါတယ်။ ရိုးရိုးရေနဲ့ဆေးပြီး စိတ်ချလက်ချစွာ စားသုံးနိုင်ပါတယ်။ ဒါကနံပါတ် (၅) ပါ။ နံပါတ် (၆) ကတော့ အစားအသောက်၊ ဒီပစ္စည်းတွေကို ထုပ်ပိုးထားတဲ့အရာတွေက ကိုဗစ် – ၁၉ ကူးစက်မှုဖြစ်ဖို့အတွက် အလွန်ခဲယဉ်းပါတယ်။ ဖြစ်ဖို့ နည်းပါတယ်။

ဒါကြောင့် ပါဆယ်တွေ၊ အထုပ်အပိုးတွေ၊ Delivery က အစားအသောက်တွေ လာပြီဆိုရင် လက်ကို သေချာဆေးပြီးမှ ပါကင်ကိုဖွင့်ပြီး ပစ္စည်းတွေ၊ အခွံတွေ၊ အမှိုက်တွေကို စနစ်တကျ စွန့်ပစ်ပြီးရင် လက်ကို သေချာဆေးပါ။ အဲဒီလိုမျိုးလုပ်ရင် လုံလောက်ပါတယ်။

နံပါတ် (၇) ကတော့ Shopping ထွက်တဲ့အခါမှာလည်း ကျန်းမာရေးနဲ့ညီညွတ်တဲ့ အချက်အလက်တွေကို လိုက်နာပါ။ ဖျားနေတယ်၊ ချောင်းဆိုးနေတယ်၊ တစ်ခုခု ရောဂါဝေဒနာ ခံစားနေရတယ်ဆိုရင် လုံးဝ Shopping မထွက်ပါနဲ့။ တစ်နေရာတည်းမှာ အကြာကြီး နေတာတွေ မလုပ်ပါနဲ့။ အချိန်ကြာလေလေ အန္တရာယ်ရှိလေပါပဲ။ ဒီလိုမျိုးတွေ ကျင့်သုံးရမှာ ဖြစ်ပါတယ်။

နံပါတ် (၈) အချက်ကတော့ အခုအချိန်မှာဆိုရင် အစားအသောက်တွေကို ပို့ဆောင်ပေးတာ၊ အစားအသောက်တွေ စဉ်ဆက်မပြတ်ရရှိဖို့ လုပ်ဆောင်ပေးနေတဲ့ သူတွေကိုကျေးဇူးတင်ပါ။ သူတို့တွေ ရောင်းချပေးနေတယ်၊ သူတို့တွေ ပို့ပေးနေတယ်ဆိုတာတွေက ကိုယ့်ကို ရောဂါမကူးစက်အောင် ဆောင်ရွက်နေတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါ။

နံပါတ် (၉) အချက်က စိုက်ပျိုးထုတ်လုပ်ပေးတဲ့ သူတွေဟာ တစ်နည်းအားဖြင့် အစားအသောက် Supply Chain ကို မပြတ်တောက်အောင် ဆောင်ရွက်ပေးနေတာ ဖြစ်တဲ့အတွက် သူတို့တွေကို ကျေးဇူးတင်ပါ။

နံပါတ် (၁၀) ကတော့ အပေါ်က အရာတွေအကုန်လုံးကို ဆောင်ရွက်ပါ။ ဆောင်ရွက်ပြီးတဲ့အခါ လက်ကိုဆေးပါ။ ဒါက တစ်ပတ်လည်သွားတာပါ။ ဒီအချက်တွေကို ဆောင်ရွက်ရင် အစားအစာ ဘေးကင်းလုံခြုံရေးက စိတ်ပူစရာမရှိပါဘူး။ ဘယ်လိုအရာမျိုးက ပိုပြီးကူးစက်နိုင်ဆုံးလဲဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် ပူးပူးကပ်ကပ်နေတာ၊ တစ်ယောက်နဲ့တစ်ယောက် ခြောက်ပေ မခွာဘဲနဲ့ အတူရှိနေတာ ဖြစ်ပါတယ်။

သူ့ရဲ့အသက်ရှူလိုက်တဲ့ အစက်အမှုန်တွေက အပြင်ကို ထွက်လာပါတယ်။ အစက်အမှုန်က အကြီးကြီးတွေ ထွက်လာတာရှိတယ်။ အသေးတွေ ထွက်လာတာရှိတယ်။ နဂိုကတည်းက ကိုဗစ် – ၁၉ ဗိုင်းရပ်စ်က ကြီးတဲ့အုပ်စုထဲမှာပါတဲ့အတွက် သူက အကြီးကြီးအမှုန်တွေအနေနဲ့ ထွက်လာပြီဆိုရင် သူကလေထဲမှာ ကမ္ဘာမြေရဲ့ ဆွဲအားနဲ့ ပြုတ်ကျသွားတတ်ပါတယ်။ လေထဲမှာ အကြာကြီး မနေတတ်ပါဘူး။

သို့သော် အစက်အမှုန်သေးသေးလေးတွေက Particle လိုမျိုး အသေးအမွှားလေးတွေ ဖြစ်တယ်ဆိုရင်တော့ သူကလေထဲမှာ ရှိနိုင်ပါတယ်။ ဒီအချိန်မှာ ထိတွေ့မှုရှိတယ်၊ တစ်ယောက်နဲ့တစ်ယောက် နီးကပ်တယ်၊ သူနှာချေ၊ ချောင်းဆိုးလိုက်တယ်၊ အော်ဟစ်လိုက်တယ်၊ ပြောလိုက်တယ်၊ သဘောကျလို့ တဟားဟားနဲ့ ရီ (ရယ်) တယ် အဲဒီအခါမှာ ဗိုင်းရပ်စ်တွေအများကြီးပါတဲ့ အစက်အမှုန်တွေက အားပါးတရနဲ့ ထွက်လာတယ်။

သူ့အနီးအနားမှာ ရှိနေတယ်ဆိုရင်တော့ ကိုယ်က မလွှဲမရှောင်သာဘဲနဲ့ ကူးစက်သွားမှာ ဖြစ်ပါတယ်။ ဒီဥစ္စာသည် လေထဲမှာ ကူးစက်နေပြီလား၊ အသက်တောင်ကောင်းကောင်းမရှူရဲဘူး ဆိုတာမျိုးတွေ ဖြစ်လာတယ်။ တံခါးပေါက်တွေတောင် မဖွင့်ရဲဘူးဆိုတာမျိုးတွေကို သူက ရှင်းထားပါတယ်။

တချို့ Infection တွေက ကိုဗစ်ရယ်လို့ မဟုတ်ပါဘူး။ ဗိုင်းရပ်စ်တွေက လေထဲမှာ မိနစ်အနည်းငယ် ကြာတတ်ပါတယ်။ နေရာတိုင်းမှာတော့ မဖြစ်ပါဘူး။ တကယ်လို့ လေကောင်းလေသန့် မရဘူး။ အခန်းကလည်း ကျဉ်းမယ်။ လူတွေကလည်း အများကြီးဖြစ်မယ်။ အဲဒီမှာလည်း Activity တွေက များမယ်။ အဲဒီနေရာ၊ အဲဒီအချိန်မှာရှိတဲ့ လူတွေကို ကူးစက်နိုင်ပါတယ်။ ရောဂါပိုးရှိတဲ့သူက အဲဒီအခန်းက ထွက်သွားပြီးရင်တောင်မှ အချိန်အတိုင်းအတာတစ်ခုအထိတောင်မှ ကူးစက်စေနိုင်ပါတယ်လို့ ရှင်းပြထားပါတယ်။

ဒါဟာဆိုရင် သာမန်အချိန်မှာလေထဲကနေ လွတ်လွတ်လပ်လပ်ကြီး ကူးစက်နိုင်တဲ့ရောဂါတော့ မဟုတ်ပါဘူး အဲဒါလေးကို သိစေချင်ပါတယ်။ နောက်ပြီး နံပါတ် (၃) က ဘယ်လိုကူးစက်တာလဲဆိုရင် ညစ်ပတ်နေတဲ့မျက်နှာပြင်တွေကနေ ကူးစက်တာပါ။ အဲဒါကတော့ ညစ်ပတ်နေတဲ့ မျက်နှာပြင်တွေကို ထိမယ်၊ ကိုယ့်ရဲ့ နှာခေါင်း၊ ပါးစပ်၊ မျက်နှာကို ပွတ်လိုက်မယ်။ ပြီးတဲ့အခါ အသက်ရှူသွင်းလိုက်မယ်ဆိုရင် ဒါက ကူးစက်တာဖြစ်ပါတယ်။

တချို့တွေ စိတ်ဝင်စားပါတယ်။ တိရစ္ဆာန်တွေကနေ ကျွန်မတို့ကို ကူးစက်မှာလားပေါ့။ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း CDC ကနေ ရှင်းထားပါတယ်။ လူကနေ တိရစ္ဆာန်ကိုပဲ ကူးစက်နိုင်ပါတယ်။ အလွန်နီးကပ်နေတဲ့အခါမှာ ကိုယ့်ရဲ့ ခွေးလေးတွေ၊ ကြောင်လေးတွေကို ကူးစက်နိုင်ပါတယ်။ လက်ရှိအထောက်အထားအရ တိရစ္ဆာန်ကနေ လူကိုကူးစက်တဲ့ အထောက်အထား မရှိသေးပါဘူးဆိုတာကို သိရပါတယ်။

ဒါကြောင့် ခွေးတွေ၊ ကြောင်တွေ တိရစ္ဆာန်တွေကို ကိုင်ပြီးရင် လက်ဆေးဖို့ သူက ပြောထားခြင်း ဖြစ်ပါတယ်။ လက်ဆေးဖို့က အရေးကြီးပါတယ်။ WHO က ပြောထားတာကတော့ အမှိုက်သရိုက်က ကူးစက်နိုင်တာတွေ အလွန်နည်းတယ်လို့ ပြောပါတယ်။

နောက်တစ်ခုက ဆီးမှာ ကိုဗစ် – ၁၉ ပိုးတွေ့တာ တစ်ခု ရှိပါတယ်။ ဝမ်းမှာ ကိုဗစ် – ၁၉ ပိုးတွေ့တာ သုံးခု ရှိပါတယ်။ သို့သော် ဆီးမှာ ပိုးတွေ့ခြင်း၊ ဝမ်းမှာ ပိုးတွေ့ခြင်းဟာ လူကို ကူးစက်နိုင်တဲ့ အထောက်အထား လုံးဝ မရှိပါဘူးဆိုပြီး ပြောပါတယ်။ ဒါကြောင့်မို့ အခုလက်ရှိ အနေအထားအရ ဒီလို ကူးစက်နိုင်တဲ့နည်းကို သိပြီဆိုရင် မေးထားတဲ့ မေးခွန်းတွေဖြစ်တဲ့ ည ၈ နာရီအထိ လူအများ သွားလာခဲ့တဲ့ လမ်းမတွေပေါ်မှာ နံနက်စောစော လူတွေ မသွားမီ၊ နှာခေါင်းစည်းတပ်ပြီး ကျန်းမာရေးအတွက် နာရီဝက်ခန့် လမ်းလျှောက်ရင် ကိုဗစ် – ၁၉ ကူးစက်မှု အန္တရာယ် ရှိပါသလားဆိုတာနဲ့ ပတ်သက်ရင် လူတွေ အသွားအလာမရှိတဲ့အချိန်မှာ လမ်းလျှောက်တာ ဘာမှ အန္တရာယ်မရှိပါဘူး။ ခုနပြောတဲ့ လူအများရှိတဲ့နေရာတွေ၊ လူအများသွားတဲ့ နေရာတွေကိုသွားရင် အန္တရာယ်ရှိပါတယ်။

*စာမျက်နှာ ၁၀ သို့*

# ပုဂ္ဂလိကဆေးခန်းတွေ၊ ပုဂ္ဂလိကဆေးရုံတွေ ပိုပြီး ကိုဗစ်ရောဂါထိန်းချုပ်ရေးထဲမှာ ပါနိုင်အောင်လို့ အစီအစဉ်တွေလုပ်နေ



ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ကိုဗစ် ဒုတိယလှိုင်း နည်းနည်းကြာလာတာနဲ့အမျှ ဒီဟာကို ဘယ်လိုရင်ဆိုင်ရမယ်၊ ဘယ်လိုကျော်လွှားရမယ်၊ ဆက်ပြီးတော့ တွေ့တဲ့ ကိုဗစ်ရောဂါရှိနေတဲ့ ပြည်သူတွေကို ဘယ်လိုစောင့်ရှောက်ရမယ်၊ ကုသရမယ်ဆိုတာ ပိုပိုပြီးတော့ နားလည်လာပါတယ်။ ပိုပိုပြီး နားလည်တာနဲ့အမျှ ပိုပြီး ထိထိရောက်ရောက် ကိုင်တွယ်နိုင်ပါတယ်။ ဒီအချိန်မှာဆိုရင် ပုဂ္ဂလိကဆေးခန်းတွေ၊ ပုဂ္ဂလိကဆေးရုံတွေ ပိုမိုပြီးတော့ ကိုဗစ်ရောဂါထိန်းချုပ်ရေးထဲမှာ ပါနိုင်အောင်လို့လည်း ကျွန်မတို့ အစီအစဉ်တွေလုပ်နေပါတယ်။ ပြည်သူတွေအနေနဲ့လည်း ကိုယ့်ဘာသာကိုယ် ရွေးချယ်ပိုင်ခွင့် ရှိအောင်လို့ပါ။ ပုဂ္ဂလိကဆေးခန်းတွေကို သွားချင်တယ်၊ ပုဂ္ဂလိကဆေးရုံတွေကို တက်ချင်တယ်ဆိုရင် ကိုဗစ်ကြောင့်ပဲဖြစ်ဖြစ်၊ ရှိပြီးသား အခံရောဂါတွေ၊ တခြားရောဂါတွေကြောင့်ပဲဖြစ်ဖြစ် တက်နိုင်အောင်လို့၊ ကိုယ့်ရဲ့ ဆုံးဖြတ်ချက်အရ ရွေးချယ်နိုင်အောင်လို့ပါ။ ဒီလို ရွေးချယ်တဲ့နေရာမှာလည်း ရွေးချယ်ပြီးတော့ သွားတဲ့ ပြည်သူတွေအတွက်ရော၊ ဆေးရုံအတွက်ရော၊ အများပြည်သူအတွက်ရော လုံလုံခြုံခြုံဖြစ်အောင်လို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက စည်းမျဉ်းစည်းကမ်းတွေ ချပြီးတော့ ပုဂ္ဂလိကဆေးခန်းတွေ၊ ဆေးရုံတွေနဲ့ ညှိနှိုင်းပြီး လုပ်ဆောင်နေပါတယ်။ ဒီဟာက ပြည်သူတွေအနေနဲ့ ရွေးချယ်ချင်သလို ရွေးချယ်နိုင်တဲ့အပြင် နိုင်ငံတော်ရဲ့ ဆေးရုံတွေအပေါ်မှာ ဝန်ထုပ်ဝန်ပိုး နည်းနည်းလျော့သွားနိုင်တယ်။ အဲဒါကလည်း ကိုဗစ်ကို ရင်ဆိုင်တဲ့နေရာမှာ အထောက်အကူဖြစ်မယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၆-၁၀-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံး အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

*စာမျက်နှာ ၉ မှ*

လူဦးရေထူထပ်စွာနေထိုင်တဲ့ အိမ်ရာများမှာ မြေညီထပ်၊ ပထမထပ်တို့မှာ ပြတင်းပေါက် တံခါးတွေ ဖွင့်ထားရင် အိမ်အပြင်မထွက်သော်လည်း ကိုဗစ် – ၁၉ ကူးစက်နိုင်ခြေရှိပါသလားတဲ့ ဒါနဲ့ ပတ်သက်ရင်လည်း ကိုဗစ် – ၁၉ က လေထဲကနေ ကူးစက်တာ မဟုတ်တဲ့အတွက် လေကောင်းလေသန့်ရရှိဖို့ Ventilation ကောင်းကောင်းရရှိဖို့အတွက် အရေးကြီးပါတယ်။ ဒါကြောင့် ပြတင်းပေါက်တွေ ဖွင့်ထားတာ၊ နေရောင်ခြည်ရရှိဖို့အတွက် ဆောင်ရွက်တာဟာ ကောင်းပါတယ်။ ပြတင်းပေါက်တွေဖွင့်ထားလို့ ကိုဗစ် – ၁၉ မကူးပါဘူး။ ဒါလေးကိုလည်း သိစေချင်ပါတယ်။

နောက်တစ်ခုက မေးထားတာကတော့ ဆရာကြီးလည်း ခုနက ပြောပြီးပါပြီ။ အစားအသောက်မှာ ကပ်ပါပြီး စားသုံးမိရင် ခံတွင်း၊ အစာအိမ်၊ အူလမ်းကြောင်းကနေ ကူးစက်နိုင်ပါသလားဆိုတော့ မကူးစက်နိုင်ပါဘူး။

နောက်ပြီး မေးထားပါတယ်။ ရောဂါပိုးက လေထဲ ဘယ်လောက်ကြာကြာရှိသလဲ။ ရေထဲ ဘယ်လောက်ကြာကြာရှိသလဲ ဒါနဲ့ပတ်သက်လို့ ကျွန်မတို့အနေနဲ့ အထောက်အထားတော့ မရှိပါဘူး။ သို့သော် WHO က ထွက်ထားတဲ့ Paper မှာ အဝတ်အစားနဲ့ သစ်သားမှာဆိုရင်တော့ တစ်ရက်အသက်ရှင်နိုင်ပါတယ်။ ဖန်ခွက်မှာဆိုရင် နှစ်ရက် အသက်ရှင်နေနိုင်ပါတယ်။ စတီးလ်တို့၊ ပလတ်စတစ်တို့မှာဆိုရင် လေးရက် အသက်ရှင်နေနိုင်ပါတယ်။ Mask တွေရဲ့ အပြင်ဘက်မှာဆိုရင် ခုနစ်ရက် အသက်ရှင်နေနိုင်ပါတယ် ဆိုတာလေးတွေ ရှိပါတယ်။ ဒါတွေကလည်း သူက ဓာတ်ခွဲခန်းအခြေအနေမှာ စမ်းသပ်ထားတာဖြစ်တဲ့အတွက် လက်ရှိအခြေအနေမှာ နည်းနည်းတော့ကွာဟမှု ရှိနိုင်ပါတယ်။ ဒါလေးတွေကို သိစေချင်ပါတယ်။

စမ်းသပ်စစ်ဆေးတဲ့အခါမှာ မြန်မာတစ်နိုင်ငံလုံးက အာခေါင်တို့ဖတ်ပဲ ယူနေရတုန်းလားရှင်။ Blood Test ဆိုလား အဲဒါနဲ့ မစစ်ဆေးရသေးဘူးလား။ ဘာဟာက ပိုသေချာသလဲဆိုပြီး မေးထားတာရှိပါတယ်။ ဒါနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင် အခုကျွန်မတို့ စမ်းသပ်စစ်ဆေးနေတဲ့ PCR Test နဲ့ Antigen Test တွေဟာဆိုရင် ရောဂါပိုး ရှိ/မရှိကို စစ်တဲ့ Test တွေဖြစ်ပါတယ်။ အခုမေးခွန်းရှင် မေးထားတဲ့သွေးကို စစ်တယ်ဆိုတာက Antibody ကို စစ်တာဖြစ်ပါတယ်။ ရောဂါ ရှိ / မရှိ ကို စစ်တာ မဟုတ်ပါဘူး။ Antibody ကို စစ်တယ်ဆိုတာက သူက အရင်တုန်းက ရောဂါပိုး ကူးစက်ခဲ့သလား၊ နောက်တစ်ခုက အရင်တုန်းက ရောဂါပိုးရှိခဲ့တယ်။ ဒါပေမယ့် အခု သူက Convalescent Plasma လှူမယ်။ လှူတဲ့အခါမှာ သူ့ရဲ့ Antibody ကိုသိဖို့လိုတယ်။ ဒီလိုအခါမျိုးမှာ Antibody Test က သုံးတာဖြစ်ပါတယ်။

ကျွန်မတို့အခုလက်ရှိသုံးနေတဲ့ PCR Test ကဆိုရင် ဗိုင်းရပ်စ်ရဲ့ Gene ကိုစစ်တာဖြစ်တဲ့အတွက် Gold Standard ဖြစ်ပါတယ်။ မှန်ကန်တိကျမှု အပြည့်ရှိပါတယ်။ အခုသုံးနေတဲ့ Rapid Antigen Test တွေကလည်း ဗိုင်းရပ်စ်ရဲ့ ပရိုတင်းကို စစ်တာဖြစ်တဲ့အတွက် PCR ကို အစားထိုးတာ မဟုတ်ပါဘူး။ PCR လောက်တော့ တိကျမှု မရှိပါဘူး။ သို့သော် သူကလည်း ပိုးရှိရင်ရှိကြောင်း ၈၀ ရာခိုင်နှုန်းအထက် မှန်ကန်ပါတယ်။ ပိုးမရှိရင် မရှိကြောင်းကလည်း ၉၅ ကနေ ၉၇ ရာခိုင်နှုန်းအထိ မှန်ကန်ပါတယ်။

ကမ္ဘာပေါ်မှာ ရောဂါဖြစ်ပွားသူက ၄၄ သန်း ပြည့်တော့မှာ ဖြစ်ပါတယ်။ သေဆုံးတဲ့သူ ကလည်း ၁၁ သိန်းနဲ့ ၇ သောင်းနီးပါးရှိနေပြီ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရဲ့ အန္တရာယ်ကို လျှော့မတွက်ဖို့အတွက် သတိပေးတာဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ပြီးခဲ့တဲ့ ၂၀ ရက်နေ့က WHO ရဲ့ တစ်ပတ်စာ Epidemiological Analysis အရဆိုရင် အခုလက်ရှိမှာ ရောဂါဖြစ်ပွားမှု အများဆုံးဒေသက ဥရောပ ဖြစ်ပါတယ်။

ဥရောပဒေသရဲ့ ရောဂါဖြစ်ပွားမှုကို ပြီးခဲ့တဲ့အပတ်နဲ့နှိုင်းယှဉ်ရင် ၂၅ ရာခိုင်နှုန်း တက်လာတယ် ဆိုတာကို တွေ့ရှိရပါတယ်။ ကျွန်မတို့ နိုင်ငံပါဝင်တဲ့ အရှေ့တောင်အာရှဒေသက ဖြစ်ပွားမှုရော၊ သေဆုံးမှုရော ၁၁ ရာခိုင်နှုန်းကျလာပြီဆိုတာကို ဝမ်းသာစရာကောင်းတဲ့အချက်တစ်ချက်အနေနဲ့ တွေ့ရှိရပါတယ်။

သို့သော် ပေါ့လို့မရပါဘူး။ လက်ရှိအနေအထားကလည်း ပေါ့လို့မရပါဘူး။ မကြာခင်မှာ "ဆောင်း" ဝင်လာတော့မယ်။ ဆောင်းတွင်းဝင်လာရင် ရာသီတုပ်ကွေး အပါအဝင် အခြားအအေးမိ၊ နှာစေးဗိုင်းရပ်စ်တွေနဲ့ အခု ကိုဗစ်နဲ့ ပြီးရင်လူတစ်ယောက်တည်းမှာပဲ ဗိုင်းရပ် နှစ်မျိုးလည်း ဝင်နိုင်ပါတယ်။ ရာသီတုပ်ကွေးလည်း ဝင်နိုင်သလို ကိုဗစ်လည်း ဝင်နိုင်ပါတယ်။

ဒါကြောင့် ရောဂါကပေါ့ဆလို့မရပါဘူး။ ကူးစက်ရောဂါထိန်းချုပ်ရေးနဲ့ ပတ်သက်လို့ မင်နီဆိုးတားက ပရော်ဖက်ဆာတစ်ယောက်က ပြောထားတာရှိပါတယ်။ နောက်တစ်လခွဲကနေ သုံးလလောက်အထိမှာဆိုရင် အခုဖြစ်နေတဲ့ ကပ်ရောဂါကြီးရဲ့ အမိုက်မှောင်ဆုံးကာလတွေ ဆက်ရှိဦးမယ်ဆိုပြီး Forecast ကြိုတင်မှန်းဆပြီး ပြောထားတာတွေလည်း ရှိပါတယ်။

ကျွန်မတို့ နိုင်ငံက အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ သေဆုံးမှုက နံပါတ် ၃ လောက်မှာ ရှိနေတယ်ဆိုပေမယ့် ဒါကိုပေါ့ဆလို့ မရပါဘူး။ ကျွန်မတို့အနေနဲ့ ကိုယ့်နိုင်ငံသား တစ်ယောက်ချင်းက ကိုယ့်ရဲ့ မိဘတွေ၊ ကိုယ့်ရဲ့ မောင်နှမတွေ ဖြစ်ပါတယ်။ တစ်ယောက်ချင်းစီကို ရောဂါမဖြစ်စေချင်သလို၊ သေဆုံးမှုကိုလည်း ဘယ်နည်းနဲ့မှ မဖြစ်စေချင်ပါဘူး။

ကျွန်မတို့ နိုင်ငံရဲ့ အခုလက်ရှိ ကာကွယ်ထိန်းချုပ်နေတဲ့ စနစ်တွေက On the Right Track မှာ ရှိနေပါတယ်။ ဒါလေးကိုလည်း ပြောချင်ပါတယ်။ ပြည်သူတွေသာ ချမှတ်ထားတဲ့ စည်းကမ်းကို ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မအောင်မြင်စရာမရှိပါဘူး။ ဖြစ်ပွားမှုတွေရော၊ သေဆုံးမှုတွေရော ကျဆင်းသွားမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မကတော့ အသက်ဝဝရှူနိုင်မယ့်နေ့ မြန်မြန်ရောက်ချင်နေပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ၂၉-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၂၃၂၉ | ၅၉၃၄၀၉၈ | ၂၃၃၁၅၇ |
| ၂။ | အိန္ဒိယ | ၈၀၄၀၅၁ | ၇၃၁၅၉၈၉ | ၁၂၀၅၈၃ |
| ၃။ | ဘရာဇီး | ၅၄၆၉၇၅၅ | ၄၉၃၄၅၄၈ | ၁၅၈၄၆၈ |
| ၄။ | ရုရှား | ၁၅၈၁၆၉၃ | ၁၁၈၆၀၄၁ | ၂၇၃၀၁ |
| ၅။ | ပြင်သစ် | ၁၂၃၅၁၃၂ | ၁၁၃၉၇၇ | ၃၅၇၈၅ |
| ၆။ | စပိန် | ၁၁၉၄၆၈၁ | စိစစ်ဆဲ | ၃၅၄၆၆ |
| ၇။ | အာဂျင်တီးနား | ၁၁၃၀၅၃၃ | ၉၃၁၁၄၇ | ၃၀၀၇၁ |
| ၈။ | ကိုလံဘီယာ | ၁၀၄၁၉၃၅ | ၉၄၁၈၇၄ | ၃၀၇၅၃ |
| ၉။ | ဗြိတိန် | ၉၄၂၂၇၅ | စိစစ်ဆဲ | ၄၅၆၇၅ |
| ၁၀။ | မက္ကဆီကို | ၉၀၆၈၆၃ | ၆၆၃၆၃၉ | ၉၀၃၀၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၉- ၁၀ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၀၄၀၄၈ | ၃၂၉၇၇၈ | ၁၃၇၀၁ |
| ဖိလစ်ပိုင် | ၃၇၆၉၃၅ | ၃၂၉၈၄၈ | ၇၁၄၇ |
| စင်ကာပူ | ၅၇၉၉၄ | ၅၇၈၉၀ | ၂၈ |
| မြန်မာ | ၅၀၄၀၃ | ၃၀၀၀၇ | ၁၁၉၉ |
| မလေးရှား | ၃၀၀၉၀ | ၁၉၇၅၇ | ၂၄၆ |
| ထိုင်း | ၃၇၆၃ | ၃၅၇၀ | ၅၉ |
| ဗီယက်နမ် | ၁၁၇၇ | ၁၀၆၂ | ၃၅ |
| ကမ္ဘောဒီးယား | ၂၉၀ | ၂၈၃ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၃ | ၃ |
| လာအို | ၂၄ | ၂၂ | ၀ |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၅:၃၀)နာရီ

၁။ (၂၈-၁၀-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် တွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၀၆) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၁၂၇ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၈၈ |
| | | အင်းစိန် | ၈၇ |
| | | မြောက်ဥက္ကလာပ | ၈၀ |
| | | လှိုင် | ၈၀ |
| | | သန်လျင် | ၅၂ |
| | | သင်္ဃန်းကျွန်း | ၄၆ |
| | | တာမွေ | ၄၀ |
| | | ရန်ကင်း | ၃၅ |
| | | တောင်ဥက္ကလာပ | ၃၃ |
| | | ကမာရွတ် | ၃၂ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၂၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၄ |
| | | အလုံ | ၂၁ |
| | | သာကေတ | ၂၀ |
| | | လှိုင်သာယာ | ၁၉ |
| | | ပုဇွန်တောင် | ၁၉ |
| | | မရမ်းကုန်း | ၁၉ |
| | | ဗိုလ်တထောင် | ၁၇ |
| | | ကြည့်မြင်တိုင် | ၁၆ |
| | | ဗဟန်း | ၁၅ |
| | | မင်္ဂလာတောင်ညွန့် | ၁၃ |
| | | စမ်းချောင်း | ၁၃ |
| | | လသာ | ၁၃ |
| | | ဒေါပုံ | ၁၂ |
| | | ကျောက်တန်း | ၁၂ |
| | | တွံတေး | ၁၁ |
| | | ထန်းတပင် | ၁၁ |
| | | ကွမ်းခြံကုန်း | ၁၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၀ |
| | | သုံးခွ | ၁၀ |
| | | မှော်ဘီ | ၉ |
| | | ဒလ | ၇ |
| | | ခရမ်း | ၇ |
| | | လမ်းမတော် | ၆ |
| | | ကော့မှူး | ၆ |
| | | ရွှေပြည်သာ | ၅ |
| | | ဒဂုံ | ၄ |
| | | လှည်းကူး | ၄ |
| | | ကျောက်တံတား | ၃ |
| | | ပန်းဘဲတန်း | ၂ |
| | | တိုက်ကြီး | ၁ |
| | | စိစစ်ဆဲ | ၂ |
| | | စုစုပေါင်း | ၁၀၆၈ |
| ၂။ | မကွေးတိုင်းဒေသကြီး | မင်းဘူး | ၂၉ |
| | | မြို့သစ် | ၁၂ |
| | | တောင်တွင်းကြီး | ၁၁ |
| | | အောင်လံ | ၅ |
| | | မကွေး | ၄ |
| | | နတ်မောက် | ၂ |
| | | စလင်း | ၂ |
| | | ချောက် | ၁ |
| | | သရက် | ၁ |
| | | ပွင့်ဖြူ | ၁ |
| | | ပခုက္ကူ | ၁ |
| | | မြိုင် | ၁ |
| | | ဆင်ပေါင်ဝဲ | ၁ |
| | | စုစုပေါင်း | ၇၁ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၁၇ |
| | | ချမ်းအေးသာစံ | ၁၆ |
| | | အောင်မြေသာဇံ | ၉ |
| | | ညောင်ဦး | ၇ |
| | | ပြည်ကြီးတံခွန် | ၅ |
| | | တောင်သာ | ၂ |
| | | စဉ့်ကိုင် | ၂ |
| | | ပုသိမ်ကြီး | ၂ |
| | | အမရပူရ | ၂ |
| | | မြစ်သား | ၂ |
| | | မိတ္ထီလာ | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | မလှိုင် | ၁ |
| | | တံတားဦး | ၁ |
| | | မြင်းခြံ | ၁ |
| | | စုစုပေါင်း | ၆၉ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၁၆ |
| | | သာယာဝတီ | ၉ |
| | | အုတ်ဖို | ၇ |
| | | ပြည် | ၇ |
| | | ပန်းတောင်း | ၇ |
| | | ရွှေတောင် | ၄ |
| | | သနပ်ပင် | ၄ |
| | | မင်းလှ | ၂ |
| | | ကြို့ပင်ကောက် | ၂ |
| | | ဖြူး | ၂ |
| | | အုတ်တွင်း | ၁ |
| | | ဒိုက်ဦး | ၁ |
| | | ပေါင်းတည် | ၁ |
| | | စုစုပေါင်း | ၆၃ |
| ၅။ | ကရင်ပြည်နယ် | ဘားအံ | ၅၄ |
| | | လှိုင်းဘွဲ့ | ၃ |
| | | ကော့ကရိတ် | ၃ |
| | | မြဝတီ | ၃ |
| | | စုစုပေါင်း | ၆၃ |
| ၆။ | ရေဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ၉ |
| | | မအူပင် | ၄ |
| | | ဒေးဒရဲ | ၄ |
| | | ပုသိမ် | ၃ |
| | | ကျိုက်လတ် | ၂ |
| | | မြောင်းမြ | ၁ |
| | | ဟင်္သာတ | ၁ |
| | | ကြံခင်း | ၁ |
| | | စုစုပေါင်း | ၂၅ |
| ၇။ | ရခိုင်ပြည်နယ် | မြောက်ဦး | ၄ |
| | | အမ်း | ၄ |
| | | ဘူးသီးတောင် | ၃ |
| | | စစ်တွေ | ၃ |
| | | ပေါက်တော | ၂ |
| | | မန်အောင် | ၂ |
| | | ကျောက်တော် | ၁ |
| | | မောင်တော | ၁ |
| | | ပုဏ္ဏားကျွန်း | ၁ |
| | | စုစုပေါင်း | ၂၁ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၇ |
| | | မုံရွာ | ၂ |
| | | စုစုပေါင်း | ၉ |
| ၉။ | ရှမ်းပြည်နယ် | တောင်ကြီး | ၃ |
| | | ကလော | ၂ |
| | | ရပ်စောက် | ၁ |
| | | ဆီဆိုင် | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၀။ | မွန်ပြည်နယ် | မော်လမြိုင် | ၃ |
| | | ပေါင် | ၁ |
| | | သထုံ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၁။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံ | ၁ |
| | | မြိတ် | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | ကချင်ပြည်နယ် | မိုးညှင်း | ၁ |
| | | မြစ်ကြီးနား | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၃။ | နေပြည်တော် | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၁ |
| (၂၈-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၄၀၆) ဦး |

မှတ်ချက်။ (၂၈-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၀၆) ဦးတွင် အနံ့မရရှိသူ (၁၆၈) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

*❋ ကျောဖုံးမှ*

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၂၉-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၂၅၂) ဦး | (၆၆၂၄၄၉) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၃၃၁) ဦး | (၅၀,၄၀၃) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၃၇၁) ဦး | (၃,၀၀၀၇) ဦး |
| သေဆုံးလူနာ | (၂၇) ဦး | (၁,၁၉၉) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ယနေ့ **သေဆုံးသူ (၂၇) ဦး**အနက် ရောဂါအခံရှိသူ (၂၂) ဦးပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့သည့်–
    - o Hotel Quarantine မှ (၂၄၇) ဦး၊
    - o Facility Quarantine မှ (၂၃၆) ဦး၊
    - o Community Based Facility Quarantine မှ (၁,၅၇၆) ဦးနှင့်
    - o Anosmia Center များမှ (၉၆) ဦး၊

စုစုပေါင်း (၂,၁၅၅) ဦးအား ၄င်းတို့၏နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိ၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



# သာစည်မြို့သို့ ကိုဗစ် - ၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

**သာစည် အောက်တိုဘာ ၂၉**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကူးစက်မှုရောဂါ ဖြစ်ပွားနေချိန်ကာလတွင် နိုင်ငံအဝန်းသို့ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၂၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးခုတင် ၅၀ သို့ ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (သာစည်မြို့ဘဏ်ခွဲ) တာဝန်ခံ ဒေါ်အိယဉ်မင်းနှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၄င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် ဆေးရုံသုံးနှာခေါင်းစည်း ၂၀၀၀၀၊ ခေါင်းစွပ် ၁၀၀၀၊ လက်အိတ် ၁၀၀၀၀၊ မျက်နှာအကာ ၅၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၅၀၀၊ တစ်ကိုယ်ရေသုံးဝတ်စုံ ၁၀၀၊ မျက်မှန် ၁၀၀ နှင့် ဆေးရုံကြီးအတွက် အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)**မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်မင်းထူးနှင့် ဆရာဝန်၊ သူနာပြုများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ်သိန်းပေါင်း ၇၈၄၀၄ သိန်း လှူဒါန်းထားရှိပြီး ဆက်လက်၍ နိုင်ငံတော်နှင့်ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာမရွေး လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် လှူဒါန်းရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုကျော်**

# အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာအရေအတွက် အမေရိကန်ကို အမီလိုက်

နယူးဒေလီ အောက်တိုဘာ ၂၉

**အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာပေါင်း ရှစ်သန်းကျော်လွန်လာပြီဖြစ်ကြောင်း လွန်ခဲ့သော ၁၈ ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပမာဏ ယခုလိုများလာခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။**

ကမ္ဘာ့ဒုတိယလူဦးရေအများဆုံးနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုတွင် အမေရိကန်ပြည်ထောင်စုကို အမီလိုက်နေကြောင်းနှင့် အမေရိကန်ပြည်ထောင်စု၏ ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာပေါင်းသည် ၈ ဒသမ ၈ သန်းကျော်လွန်လာပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ထုတ်ပြန်ဖော်ပြလိုက်သည်။

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာ ၄၉၈၈၁ ဦးရှိပြီး သေဆုံးသူ ၅၁၇ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူပေါင်းမှာလည်း ၁၂၀၅၂၇ ဦး ရောက်ရှိလာသည်။

လွန်ခဲ့သော လေးရက်အတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၅၀၀၀၀ ထက်လျော့နည်းလာသည့်အတွက် အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုသည် စတင်နေးကွေးလာသည်ဟု ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ အတည်ပြုလူနာထက်ဝက်ခန့်သည် အိန္ဒိယနိုင်ငံအနောက်ပိုင်းပြည်နယ် မဟာရက်စ်ထရာ၊ အရှေ့တောင်ပိုင်းပြည်နယ် ဥတ္တာပရာဒေ့ရှ်နှင့် တောင်ပိုင်းပြည်နယ်နှစ်ခုတို့မှဖြစ်သည်။

အိန္ဒိယဗဟိုအစိုးရသည် တစ်နိုင်ငံလုံးအသွားအလာကန့်သတ်ပိတ်ဆို့မှုများကို မတ်လနှောင်းပိုင်းမှ မေလကုန်အထိ ချမှတ်ခဲ့ပြီး ဇွန်လမှစကာ ဖြေလျှော့မှုများ တဖြည်းဖြည်း ပြုလုပ်ခဲ့သည်။

သို့သော်လည်း ပြည်ထဲရေးဝန်ကြီးဌာနက အောက်တိုဘာ ၃၁ ရက်တွင် နိုင်ငံ၏စီးပွားရေးကို ပြန်ဖွင့်ရန် စီစဉ်ထားမှုကို နိုဝင်ဘာ ၃၀ ရက်အထိတိုးမြှင့်လိုက်ကြောင်း ပြောကြားလိုက်သည်။ ဟိန္ဒူပွဲတော်ကာလအတွင်း ကိုဗစ်-၁၉ ကူးစက်မှုတိုးလာမည်ကို စိုးရိမ်သောကြောင့် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ **ကျိုတို**



အသွားအလာကန့်သတ်ပိတ်ဆို့မှုကာလအတွင်း ပြည်သူများ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ်မြို့တော် အာဂါတာလာရှိ ဈေးအတွင်းသို့ ဝင်ရောက်ဈေးဝယ်ခြင်းမပြုမီ အပူချိန်စစ်ဆေးခံရန် တန်းစီစောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

## ၂၀၂၁ နှစ်ကုန် သို့မဟုတ် ၂၀၂၂ နှစ်ကုန်အထိ အမေရိကန်ပြည်သူများ ပုံမှန်လူနေမှုဘဝပြန်ရဦးမည်မဟုတ်ဟုဆို

**ဝါရှင်တန် အောက်တိုဘာ ၂၉**

အမေရိကန်အများစု၏ ပုံမှန်ဘဝနေထိုင်မှုမျိုးကို ၂၀၂၁ အကုန် သို့မဟုတ်၂၀၂၂အကုန်အထိပြန်လည်ရရှိလိမ့်ဦးမည်မဟုတ်ကြောင်း နိုင်ငံ၏ ထိပ်တန်းကူးစက်ရောဂါဆိုင်ရာ အကြံပေးအန်တိုနီဖော်စီက အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားလိုက်သည်။

“ လာမည့် ၂၀၂၁ ခုနှစ်အကုန် ဒါမှမဟုတ် ၂၀၂၂ အကုန်အထိ ပုံမှန်ဘဝနေထိုင်မှုမျိုးပြန်ရရန် မသေချာသေးကြောင်း” မဲလ်ဘုန်းတက္ကသိုလ်က ကျင်းပသည့် ကိုဗစ်- ၁၉ နှင့် ပတ်သက်ပြီး ကမ္ဘာ့အမြင်ဆွေးနွေးပွဲတွင် ဖော်စီက ဆက်လက်ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုအတွင်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုသည် ဆိုးရွားလာကြောင်း ဖော်စီက ပြောကြားလိုက်သည်။




အမေရိကန်နိုင်ငံ၏ ထိပ်တန်းကူးစက်ရောဂါဆိုင်ရာအကြံပေး အန်တိုနီဖော်စီ

လွန်ခဲ့သော သီတင်းပတ်က အမေရိကန်ပြည်ထောင်စု၏ တစ်နေ့ ကိုဗစ်-၁၉ ကူးစက်မှုနှုန်းသည် ပုံမှန်အားဖြင့် ၇၁၀၀၀ ကျော်လွန်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ် - ၁၉ ကူးစက်အတည်ပြုလူနာပေါင်း ၈၈၅၀၀၀၀ ကျော်လွန်လာခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့် အင်ဂျင်နီယာဌာန၏ သတင်းအချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း ယခုလို ကိုဗစ်- ၁၉ ကူးစက်မှုအခြေအနေဆိုးရွားလာခြင်းမှာ ကွဲပြားသော အမေရိကန်ပြည်နယ်များ၏ ကျန်းမာရေးဆိုင်ရာ သဘောထားကွဲလွဲမှုများကြောင့် ဖြစ်နိုင်ကြောင်း ဖော်စီက ထောက်ပြသည်။

အကယ်၍ ပြည်သူများက ညီညာဖြဖြဖြင့် နှာခေါင်းစည်းသာ တပ်ဆင်ကြမည်ဆိုလျှင် ယခုလိုအခြေအနေမျိုး ရောက်ရှိဦးမည်ဟု မထင်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စု၏ နှာခေါင်းစည်းတပ်ဆင်ရေးသည် နိုင်ငံရေးကြေညာချက်တစ်ခုလို ဖြစ်လာကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

အမေရိကန် ပြည်သူများက နှာခေါင်းစည်းတပ်ဆင်ခြင်းကို လှောင်ပြောင်သရော်မှုတစ်ခုလို ထင်နေကြောင်း၊ ၎င်းက မိမိမည်သည့် နိုင်ငံရေးအမြင်ပေါ်တွင် ရပ်တည်နေသလဲ ဆိုသည့်အပေါ်မူတည်ကြောင်း၊ သမားတော်တစ်ဦး၊ သိပ္ပံပညာရှင်တစ်ဦး၊ ပြည်သူ့ကျန်းမာရေးပုဂ္ဂိုလ်တစ်ဦး အနေဖြင့်အလွန်ကိုနာကျင်ရကြောင်း ဖော်စီက ဆက်လက်ပြောကြားသည်။

ထို့အပြင် ဖော်စီက ၎င်းအနေဖြင့် နိုင်ငံ၏ ကူးစက်ရောဂါပျံ့နှံ့မှုအခြေအနေနှင့်ပတ်သက်ပြီး သတိထားနေရကြောင်း၊ ဆောင်းရာသီနှင့် အားလပ်ရက်ရာသီသို့ ရောက်ရှိတော့မည့် နောက်ထပ် လအနည်းငယ်အတွက် အလွန်ကို စိုးရိမ်ကြောင်း ပြောသည်။

လာမည့်လအနည်းငယ်အတွင်း ကိုဗစ်- ၁၉ ကာကွယ်ဆေးရရှိတော့မည်ဖြစ်သော်လည်း ၂၀၂၁ ဒုတိယသုံးလပတ် သို့မဟုတ် တတိယသုံးလပတ်မတိုင်မီ လုံလောက်သည့်ထိုးနှံမှု လုပ်ဆောင်နိုင်ဦးမည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။ **ဆင်ဟွာ**

## ကိုဗစ်-၁၉ ကြောင့် လာမည့်နှစ်ကုန်တွင် ဘိုးရင်းက အလုပ်အကိုင်ပေါင်း ၃၀၀၀၀ လျှော့ချမည်

**ဝါရှင်တန် အောက်တိုဘာ ၂၉**

ကိုဗစ်-၁၉ ရောဂါကြောင့် တတိယသုံးလပတ်အတွင်း အကြီးအကျယ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ဘိုးရင်းကုမ္ပဏီက နောက်ထပ် အလုပ်အကိုင်များ ပိုမိုလျှော့ချမည် ဖြစ်ကြောင်း အောက်တိုဘာ ၂၈ ရက်က ကြေညာလိုက်သည်။

အမေရိကန်လေယာဉ် ကုမ္ပဏီတစ်ခုဖြစ်သော ဘိုးရင်းကုမ္ပဏီသည် ဧပြီလတွင် အလုပ်အကိုင်ပေါင်း ၁၆၀၀၀ လျှော့ချခဲ့သည့်အပြင် လာမည့် နှစ်ကုန်တွင် နောက်ထပ်အလုပ်အကိုင်ပေါင်း ၁၄၀၀၀ ထပ်မံလျှော့ချသွားရန် မျှော်မှန်းထားသည်။ နှစ်နှစ်မပြည့်မီအချိန်အတွင်း အလုပ်အကိုင်ဆုံးရှုံးမှုအရေအတွက် ၃၀၀၀၀ ခန့်ရှိလာကြောင်း သိရသည်။

လေယာဉ်မှာယူမှုများ ကျဆင်းလာမည်ဟု ခန့်မှန်းထားသောကြောင့် ဘိုးရင်းက ဈေးကွက်အနေအထားနှင့် ချိန်ညှိလုပ်ဆောင်ရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

လေယာဉ်ပျက်ကျမှု နှစ်ကြိမ်ဖြစ်ပွားပြီး ၇၃၇ - မက်စ်အမျိုးအစားလေယာဉ်မှာယူမှုများ အောက်ဆုံးအထိ ကျဆင်းပြီးနောက် ကိုဗစ်- ၁၉ က ဘိုးရင်းကုမ္ပဏီ၏ ငွေရေးကြေးရေးအခက်အခဲကို ပိုမိုကျပ်တည်းအောင် ပြုလုပ်လိုက်သည်။

စက်တင်ဘာအထိ သုံးလတာအတွင်း ဘိုးရင်းကုမ္ပဏီသည်အသားတင်အရှုံး အမေရိကန်ဒေါ်လာ ၄၆၆ သန်းရှိမှုနှင့်အတူ ရောင်းအားမှာလည်း ၂၉ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ဘိုးရင်းကုမ္ပဏီအနေဖြင့် အရှုံးဆက်လက်ပေါ်နေကြောင်း သိရသည်။

အမေရိကန်လေကြောင်းလိုင်းကုမ္ပဏီသည် ခက်ခဲမှုပေါင်းမြောက်မြားစွာနှင့် ရင်ဆိုင်နေရသည်။

အမေရိကန်လေကြောင်းလိုင်းနှင့် ယူနိုက်တက်လေကြောင်းလိုင်းတို့သည် အလုပ်အကိုင် ၃၂၀၀၀ လျှော့ချခဲ့သည်။ **အင်န်အိတ်ချ်ကေ**



ဘိုးရင်းလေယာဉ် ကုမ္ပဏီမှ ထုတ်လုပ်သည့် လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

## ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာ ၁၆၂၀၂ ဦး မှတ်တမ်းတင်ခဲ့

**မော်စကို အောက်တိုဘာ ၂၉**

ရုရှားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာအရေအတွက် ၁၆၂၀၂ ဦးမှတ်တမ်းတင်ခဲ့ကြောင်း အောက်တိုဘာ ၂၆ ရက်က ဖော်ပြခဲ့သည့် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသည့်ပမာဏ ၁၇၃၄၇ ဦး အောက်လျော့နည်းလာကြောင်း နိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေး ဌာနက အောက်တိုဘာ ၂၈ ရက်တွင် ဖော်ပြလိုက်သည်။

**ကြေညာချက်တွင် ဖော်ပြ**

ရုရှားနိုင်ငံ၏ စုစုပေါင်းကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာပေါင်းသည် ၁၅၆၃၉၇၆ ဦးအထိ ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၆၉၃၅ ဦးနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၁၇၁၃၀၁ ဦးရှိလာကြောင်း ကိုဗစ်-၁၉ တုံ့ပြန်ရေးဌာန၏ကြေညာချက်တွင် ဖော်ပြထားသည်။

**ကူးစက်မှုတိုးလာ**

မော်စကိုမြို့တွင် လွန်ခဲ့သောရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၃၆၇၀ ရှိလာခဲ့ပြီး စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၀၉၀၂၂ ဦးရှိသည်။

ကန့်သတ်ချက်များဖယ်ရှားပေးလိုက်သည့်နည်းတူ လူစုလူဝေးများလည်း ပြန်လည်တွေ့မြင်လာခဲ့ပြီးနောက် အခြားဥရောပနိုင်ငံများကဲ့သို့ပင် ရုရှားနိုင်ငံတွင်လည်း လွန်ခဲ့သော သီတင်းပတ်ကာလများအတွင်း ကိုဗစ်-၁၉ ကူးစက်မှုတိုးလာခဲ့သည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်သိန်းကျော်လာ

**တိုကျို အောက်တိုဘာ ၂၉**

ဂျပန်နိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ အသစ်ဖြစ်ပွားသူ ၃၀၆ ဦးရှိလာကြောင်း မှတ်တမ်းတင်ဖော်ပြခဲ့သည်။ ယင်းပမာဏသည် အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ကနဦးထုတ်ပြန်လိုက်သည့် စာရင်းဖြစ်သည်။

**၁၀၀၀၀၀ ကျော်လွန်လာ**

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရမှုများနှင့်အတူ ဂျပန်နိုင်ငံ၏ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းသည် ယခုအခါတွင် ၁၀၀၀၀၀ ကျော်လွန်လာပြီဖြစ်ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အသစ်ဖြစ်ပွားသူ ၃၀၆ ဦးအနက် လူဦးရေ ၁၄ သန်း နေထိုင်သော တိုကျိုမြို့တွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ ၂၂၁ ဦးပါဝင်သည်။

**ပထမဆုံးအကြိမ်ဖြစ်**

အောက်တိုဘာ ၂၄ ရက်မှစကာ တိုကျိုမြို့၏ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်သူအရေအတွက် ၂၀၀ ကျော်လွန်လာခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း အောက်တိုဘာ ၂၉ ရက်စာရင်းဖော်ပြချက်အရ သိရသည်။

အောက်တိုဘာ ၂၉ ရက် ကိုဗစ်-၁၉ စာရင်းထုတ်ပြန်ဖော်ပြချက်အရ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀ ရက်ဆက်တိုက် ၁၀၀ ကျော်လွန်လာကြောင်း သိရသည်။

တိုကျိုမြို့သည် ဂျပန်နိုင်ငံ၏ ခရိုင် ၄၇ ခရိုင်အနက် ကိုဗစ်-၁၉ ကူးစက်မှု အဆိုးဆုံး ခံစားနေရသည့်နေရာဖြစ်ကြောင်း အစိုးရက ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**



ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်

# ပြင်သစ်နိုင်ငံတစ်ဝန်း အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြုလုပ်မည်

**ပါရီ အောက်တိုဘာ ၂၉**

ပြင်သစ်နိုင်ငံတွင် ကိုဗစ် - ၁၉ ဒုတိယအကျော့ကြောင့် နိုင်ငံတစ်ဝန်း နောက်ထပ်အသွားအလာပိတ်ဆို့ကန့်သတ်မှုပြုလုပ်ရန် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က အမိန့်ပေးခဲ့သည်။ မကြာသေးမီရက်ပိုင်းအတွင်း ပြင်သစ်နိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်မှု လျင်လျင်မြန်မြန်တိုးလာခဲ့သည်။

ပြင်သစ်သည် ကူးစက်ခံရသူပေါင်း ၁ ဒသမ ၂ သန်းဖြင့် ဥရောပတွင် ကူးစက်မှုအမြင့်ဆုံးအဖြစ် စံချိန်တင်ထားသည်။ အောက်တိုဘာ ၂၇ ရက်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူမှာ ၅၀၀ အထက်တွင် ရှိနေခဲ့ပြီး တိုင်းပြည်၏ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများကို ခြိမ်းခြောက်လျက်ရှိသည်။

အောက်တိုဘာ ၂၈ ရက်က ပြုလုပ်ခဲ့သည့်သတင်းစာရှင်းလင်းပွဲတွင် အောက်တိုဘာ ၃၀မှစတင်ကာ ဒီဇင်ဘာ ၁ ရက်အထိ နိုင်ငံတစ်ဝန်းအသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ပြုလုပ်မည်ဟု ပြင်သစ်သမ္မတ မက်ခရွန်က ကြေညာခဲ့သည်။

အလုပ်သွား အလုပ်ပြန်နှင့် ကျန်းမာရေးဆိုင်ရာ အကြောင်းပြချက်၊ အခြားသော မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းများမှလွဲ၍ ပြင်သစ်နိုင်ငံရှိ ပြည်သူများသည် နေအိမ်၌သာ နေထိုင်ရမည်ဖြစ်သည်။

ယခုအချိန်တွင် ဗိုင်းရပ်စ်ကူးစက်မှုကို မရပ်တန့်နိုင်ပါက နိုင်ငံတစ်ဝန်းဆေးရုံများတွင် လူနာများနှင့် ပြည့်နှက်နေမည်ဖြစ်ပြီး မည်သည့်လူနာအား ဆေးကုသရမည်ကို ဆရာဝန်က ဆုံးဖြတ်ရတော့မည့်အခြေအနေသို့ ရောက်ရှိသွားမည်ဟု ပြင်သစ်နိုင်ငံ၏အခြေအနေနှင့်ပတ်သက်ပြီး မက်ခရွန်က ပြောသည်။ ယခုတစ်ကြိမ် ပြုလုပ်သည့် နိုင်ငံတစ်ဝန်းအသွားအလာပိတ်ဆို့ကန့်သတ်မှုမှာ ဒုတိယအကျော့ပြုလုပ်သည့် ပိတ်ဆို့ကန့်သတ်မှုလည်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဂျာမနီနိုင်ငံတွင် စားသောက်ဆိုင်နှင့် ကဇာတ်ရုံများ တစ်လကြာ ပိတ်မည်

**ဘာလင် အောက်တိုဘာ ၂၉**

ကိုဗစ် - ၁၉ ကို ထိန်းချုပ်နိုင်ရန်အတွက် ဂျာမနီ နိုင်ငံတစ်ဝန်းလုံးရှိ စားသောက်ဆိုင်များ၊ ဘားများနှင့် ကဇာတ်ရုံများကို နိုဝင်ဘာ ၂ ရက်မှ စတင်ကာ တစ်လကြာပိတ်မည်ဟု ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က ပြောသည်။

လွန်ခဲ့သည့် သီတင်းပတ်မှ စတင်ကာ ဂျာမနီနိုင်ငံတွင် ကိုဗစ် -၁၉ နေ့စဉ်ကူးစက်ခံရမှုနှုန်းမှာ ၁၀၀၀၀ ကျော်ရှိလာခဲ့သည်။ အောက်တိုဘာ၂၈ ရက်တွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၄၉၆၄ ဦး စံချိန်တင်တွေ့ရှိခဲ့သည်။

အောက်တိုဘာ ၂၈ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ကိုဗစ် -၁၉ ကူးစက်မှုတိုးနေသည့် သတိပေးခေါင်းလောင်းသံ ကြားနေရကြောင်း နိုဝင်ဘာ ၃၀ အထိ ပိတ်ဆို့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အင်ဂျလာမာကယ်က ပြောကြားခဲ့သည်။

ဝင်ငွေဆုံးရှုံးရသည့် ကုမ္ပဏီများအတွက်လည်း နစ်နာကြေးပေးရန် ယူရို ၁၀ ဘီလီယံအထိ အစိုးရက ပြင်ဆင်ထားကြောင်း အင်ဂျလာမာကယ်က ကြေညာခဲ့သည်။

လုပ်သားအင်အား ၅၀ ထက်ပိုသည့် ကုမ္ပဏီများနှင့်လုပ်ငန်းများတွင် လွန်ခဲ့သည့်နှစ် နိုဝင်ဘာလဝင်ငွေ၏ ၇၅ ရာခိုင်နှုန်းကို အစိုးရက ပြန်လည်ထောက်ပံ့ပေးမည်ဖြစ်သည်။ ဈေးဆိုင်ကြီးများ၊ ကျောင်းများ၊ မူလတန်းကျောင်းများကိုမူ ဆက်လက်ဖွင့်ခွင့်ပေးထားမည်ဖြစ်ပြီး ရောဂါကူးစက်မှု ကာကွယ်ရေးအတွက် နည်းလမ်းများ ဆက်လက်ကျင့်သုံးသွားရမည် ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်

## အိန္ဒိယနိုင်ငံ၏ ပထမဆုံးရွေးကောက်ပွဲကို စတင်ကျင်းပလျက်ရှိ

**နယူးဒေလီ အောက်တိုဘာ ၂၉**

ကိုဗစ်-၁၉ ကူးစက်ရောဂါ စတင်ဖြစ်ပွားချိန်မှစကာ အိန္ဒိယနိုင်ငံသည် ၎င်း၏ ပထမဆုံး ရွေးကောက်ပွဲကို စတင် ကျင်းပလျက်ရှိကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် အောက်တိုဘာ ၂၉ ရက်က ဖော်ပြလိုက်သည်။

အိန္ဒိယနိုင်ငံ၏ တတိယလူဦးရေအများဆုံးပြည်နယ်တစ်ခုဖြစ်သည့် နိုင်ငံအရှေ့ပိုင်းပြည်နယ် ဘီဟာတွင် တင်းကျပ်သော ကိုဗစ်-၁၉ လမ်းညွှန်ချက်များကြား ဆန္ဒမဲပေးမှုများကို အောက်တိုဘာ ၂၈ ရက်က စတင်ခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်က မဲရုံများတွင် မဲပေးမည့် လူဦးရေအနည်းဆုံးရှိရမည့် အရေအတွက် အပါအဝင် လမ်းညွှန်ချက် အသေးစိတ်ကို ထုတ်ပြန်ထားသည်။ မဲပေးရမည့်အချိန်၊ အသက် ၈၀ ကျော်လွန်သူများအတွက် မဲပေးမှုများကိုပါ အဆင်ပြေအောင် စီစဉ်ပေးထားကြောင်း သိရသည်။

ကန့်သတ်စောင့်ကြည့် ကိုဗစ်-၁၉ ရောဂါ ဝေဒနာရှင်များပါ မဲပေးနိုင်ကြောင်းနှင့် ရွေးကောက်ပွဲအတွင်း မဲဆန္ဒရှင်ပေါင်း ၇၃ သန်း မဲပေးမည်ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုပြီးလျှင် ကမ္ဘာ့ဒုတိယ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအမြင့်ဆုံးနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး ဗိုင်းရပ်စ်ကူးစက်သူရှစ်သန်း ကျော်လွန်လာပြီဖြစ်သည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကျဆင်းလာသော်လည်း လာမည့်ဆောင်းရာသီနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပရာ ပွဲတော်ရာသီများတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုပြန်လည်မြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိသည်။

စီးပွားရေးပြန်လည်ကောင်းမွန်လာရန် အစိုးရက နိုင်ငံ၏စီးပွားရေးကို အပြည့်အဝ ပြန်လည်ဖွင့်ပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် - ၁၉ ကူးစက်မှု တိုးနေသဖြင့် အင်တီဂျင်ဆေးစစ်မှုကို အီးယူတိုးမြှင့်လုပ်ဆောင်မည်

**ဘရပ်ဆဲလ် အောက်တိုဘာ ၂၉**

ကိုဗစ် - ၁၉ ကို ထောက်လှမ်းနိုင်ရေးအင်တီဂျင်ဆေးစစ်မှု တိုးမြှင့်ပြုလုပ်အရေးအတွက် ဒေါ်လာ ၁၁၇ သန်း သုံးရန် အစီအစဉ်ရှိသည်ဟု ဥရောပသဂ္ဂ ( အီးယူ ) က ပြောသည်။ ဥရောပတွင် ကိုဗစ် - ၁၉ ကူးစက်မှု ပြန်လည်တိုးလာပြီးနောက် ယခုလိုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခုလအစောပိုင်း၌ပင် ပြင်သစ်နှင့် စပိန်နိုင်ငံတို့တွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူပေါင်းတစ်သန်းကျော်ရှိပြီ ဖြစ်သည်။ ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် ပတ်သက်ပြီး အစီအစဉ်များကို ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်က အောက်တိုဘာ ၂၈ ရက်တွင် ကြေညာခဲ့သည်။

အင်တီဂျင်ဆေးစစ်မှုများသည် ပီစီအာဆေးစစ်မှုကဲ့သို့ မတိကျသော်လည်း အချိန်ကာလတိုအတွင်း ရလဒ်များ လျင်လျင်မြန်မြန်ထုတ်ပေးနိုင်သည်။ အီးယူသည် အဖွဲ့ဝင်နိုင်ငံများ၏ နယ်စပ်များတွင် ကိုဗစ် - ၁၉ ခြေရာခံနိုင်မည့် အက်ပလီကေးရှင်းကို အတည်ပြုသွားရန်လည်း အီးယူမှ စီစဉ်ထားသည်။

အောက်တိုဘာ ၂၉ ရက်တွင် ပြုလုပ်သည့် အွန်လိုင်းဆွေးနွေးပွဲတွင် အဆိုပါကိစ္စရပ်များ ဆွေးနွေးရန် ရည်ရွယ်ထားသည်။ အီးယူအတွက်လာမည့် ဧပြီလတွင် ကာကွယ်ဆေး သန်း ၂၀မှ ၅၀အထိ ရရှိကောင်းရနိုင်သည်ဟု ဗွန်ဒါလီယန်က သတင်းထောက်များကိုပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် မြေပြိုမှုဖြစ်ပွားရာ ၁၆ ဦး သေဆုံး



ဗီယက်နမ်နိုင်ငံရှိ မြေပြိုမှုဖြစ်ပွားခဲ့သည့်နေရာတွင် နေအိမ်များထိခိုက်ပျက်စီးမှုကိုတွေ့ရစဉ်။

**ဟန္နိုင်း အောက်တိုဘာ ၂၉**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကွမ်နမ်ပြည်နယ်၌ အောက်တိုဘာ ၂၈ ရက်က မြေပြိုမှုနှစ်ခုဖြစ်ပွားခဲ့ရာ ၁၆ ဦး သေဆုံးခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြသည်။ အဆိုပါနေ့အစောပိုင်းက သေဆုံးသူအရေအတွက် ရှစ်ဦးရှိရာမှ ၁၆ ဦးအထိ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၈ ရက်ကလည်း ကွမ်နမ်ပြည်နယ် နမ်တရာမိုင်ဒေသရှိ တရာဗန်နှင့် တရာလန်တို့တွင် မြေပြိုမှုနှစ်ခုဖြစ်ပွားခဲ့သည်။ နောက်ထပ် တွေ့ရသည့် အလောင်းရှစ်လောင်းမှာ တရာလန်မှဖြစ်ကြောင်း သိရသည်။ မြေပြိုမှုအတွင်းပျောက်ဆုံးနေသူများကို တပ်မတော်သားများနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များက စက်ယန္တရားများအသုံးပြုကာ ဝိုင်းဝန်းရှာဖွေလျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို ရင်ဆိုင်နေရသည့် ဗီယက်နမ်နိုင်ငံတွင် မြေပြိုမှုများအတွင်း ကျရောက်ခဲ့သူများနှင့်ပျောက်ဆုံးနေသူများကို အမြန်ဆုံး ကယ်ဆယ်နိုင်ရေးအတွက် ရနိုင်သမျှနည်းလမ်းမျိုးစုံကို အသုံးပြုကြရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့်ရှာဖွေရေးအဖွဲ့များ၊ တပ်ဖွဲ့ဝင်များနှင့် ဒေသအာဏာပိုင်များ အတူတကွ ဝိုင်းဝန်းကြိုးပမ်းကြရန် ဗီယက်နမ် ဝန်ကြီးချုပ် ငုယင်စွမ်ဖုက တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း မိုလေ့သည် အောက်တိုဘာ ၂၈ ရက်တွင် ဗီယက်နမ်အလယ်ပိုင်းသို့ ဝင်ရောက်ခဲ့ရာ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့သည်။

**ဆင်ဟွာ**

# သံသယကြောင့် တုပ်ကွေးကာကွယ်ဆေးထိုးခြင်းကို စင်ကာပူရပ်ဆိုင်း

**ကလျာမိုးမြင့်**

**တောင်ကိုရီးယားနိုင်ငံမှာ မကြာသေးမီက ပြည်သူလူထုအတွင်း တုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမယ့် အကြောင်းတိုက်ဆိုင်စွာနဲ့ပဲ တုပ်ကွေးကာကွယ်ဆေးထိုးပြီး နောက်ပိုင်းမှာ သေဆုံးသူတချို့ရှိလာတဲ့အတွက် တောင်ကိုရီးယားပြည်သူတွေအကြားမှာ ကာကွယ်ဆေးနဲ့ပတ်သက်တဲ့ သံသယတွေနဲ့ စိုးရိမ်ကြောင့်ကြမှုတွေ ရှိလာခဲ့ရပါတယ်။**



## ကာကွယ်ဆေးနဲ့သက်ဆိုင်ခြင်းမရှိ

နိုင်ငံအတွင်းမှာ တုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံပြီးနောက်ပိုင်း သေဆုံးတဲ့သူအရေအတွက် ၄၈ ဦးအထိ ရှိလာခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် သေဆုံးတဲ့ဖြစ်စဉ်တွေဟာ ကာကွယ်ဆေးနဲ့ သက်ဆိုင်ခြင်းမရှိဘူးလို့ ကျန်းမာရေးဆိုင်ရာ အာဏာပိုင်တွေက ပြောပါတယ်။ တုပ်ကွေးကာကွယ်ဆေးထိုးလို့ သေဆုံးရတယ်ဆိုတဲ့ တိုက်ရိုက်ဆက်နွှယ်မှုမျိုး မတွေ့ရကြောင်း တောင်ကိုရီးယားအာဏာပိုင်တွေက ဆိုထားပြီး ၎င်းတို့အနေနဲ့ ပြည်သူလူထုအတွင်း ကာကွယ်ဆေးအခမဲ့ထိုးနှံတဲ့ လှုပ်ရှားမှုကို ဆက်လုပ်သွားဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။

## ရပ်ပစ်လို့မရ

ကိုဗစ်-၁၉ ရောဂါကျရောက်နေတဲ့ လက်ရှိအချိန်ကာလမျိုးမှာ ဒီနှစ်အတွက် တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးခြင်းဟာ သိပ်ကို အရေးကြီးနေတဲ့အတွက် ကာကွယ်ဆေးထိုးတဲ့ အစီအစဉ်ကို ရပ်ပစ်လို့မရသေးဘူးလို့ ကိုရီးယားရောဂါ ထိန်းချုပ်ရေးအေဂျင်စီ ဒါရိုက်တာ ဂျယ်အွန်ချွန်းက သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

ယခုနှစ်မှာ ကိုဗစ်- ၁၉ ရောဂါကျရောက်မှုရဲ့ နောက်ဆက်တွဲသက်ရောက်မှုတွေ လျော့ပါးသက်သာစေတဲ့ နည်းလမ်းတစ်ခုအနေနဲ့ နိုင်ငံအများအပြားမှာ တုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို အလောတကြီး လုပ်ဆောင်နေကြတာကို တွေ့ရပါတယ်။

တောင်ကိုရီးယားမှာ တုပ်ကွေးကာကွယ်ဆေးထိုးနှံပြီးနောက်ပိုင်း လူသေဆုံးမှုတချို့ရှိလာခြင်းက တောင်ကိုရီးယားနိုင်ငံထုတ် တုပ်ကွေးရောဂါ ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေတဲ့ စင်ကာပူနိုင်ငံက ကျန်းမာရေးအာဏာပိုင်တွေကို ထိတ်ထိတ်ပျာပျာဖြစ်သွားစေခဲ့ပါတယ်။

## စင်ကာပူမှာအသုံးပြုနေ

ဒီတော့ အာဏာပိုင်တွေက ကြိုတင်ကာကွယ်တဲ့အနေနဲ့ နိုင်ငံအတွင်းမှာ အသုံးပြုနေတဲ့ တုပ်ကွေးရောဂါကာကွယ်ဆေးနှစ်မျိုး အသုံးပြုနေတာကို ယာယီရပ်ဆိုင်းလိုက်ပါတယ်။ တုပ်ကွေးကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်နေတဲ့ နိုင်ငံတွေအကြားမှာ စင်ကာပူက ကာကွယ်ဆေးထိုးခြင်းကို ရပ်ဆိုင်းကြောင်း လူသိရှင်ကြား ကြေညာတဲ့ ပထမဆုံးနိုင်ငံတစ်ခု ဖြစ်လာပါတယ်။ စင်ကာပူနိုင်ငံမှာ လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သုံးနေတဲ့ ကာကွယ်ဆေးနှစ်မျိုးကတော့ တောင်ကိုရီးယားကုမ္ပဏီ SK Bioscience ကထုတ်တဲ့ ကာကွယ်ဆေးနဲ့ ပြင်သစ်နိုင်ငံကထုတ်တဲ့ ကာကွယ်ဆေးတွေပဲ ဖြစ်ပါတယ်။

> **“သေဆုံးတဲ့လူတွေကို လေ့လာလိုက်တဲ့အခါမှာ အသက်ကြီးပုဂ္ဂိုလ်တွေ၊ နှလုံးရောဂါအပါအဝင် တခြားကျန်းမာရေးဆိုင်ရာ ပြဿနာရှိတဲ့သူတွေ သေဆုံးရတာကို တွေ့ရပါတယ်။ ပြီးတော့ ကာကွယ်ဆေးထိုးပြီးနောက်ပိုင်းမှာ သေဆုံးတဲ့သူတွေဟာ များသောအားဖြင့် အသက် ၇၄ နှစ် အရွယ်တွေ ဖြစ်နေတာကို တွေ့ရပါတယ်”**

## ရပ်နားဖို့ ဆုံးဖြတ်

ယနေ့အချိန်အထိတော့ စင်ကာပူမှာ တုပ်ကွေး ကာကွယ်ဆေးထိုးခြင်းကြောင့်ဖြစ်ရတဲ့ သေဆုံးမှုမျိုး တစ်ခါမှ မရှိသေးဘူးဆိုပေမယ့် ပြည်သူလူထုရဲ့ ကျန်းမာရေးကို ကာကွယ်တဲ့အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးသိပ္ပံဆိုင်ရာ အာဏာပိုင်အဖွဲ့က ကာကွယ်ဆေးထိုးခြင်းကို ရပ်နားဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်တယ်လို့ သိရပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ တုပ်ကွေးရာသီရောက်တိုင်း လူပေါင်း ၁၄၀၀၀၀ ကနေ ၈၁၀၀၀၀ အထိ ဆေးရုံတက်ရပြီး တုပ်ကွေးအဖျားရောဂါကြောင့် သေဆုံးသူအရေအတွက်ဟာ ၆၁၀၀၀ အထိ ရှိတယ်လို့ ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဗဟိုဌာနက ခန့်မှန်းတွက်ချက်ဖော်ပြခဲ့ပါတယ်။ တကယ်လို့သာ ကာကွယ်ဆေးထိုးနှံခြင်းမရှိရင် အရေအတွက်က ဒီထက်ပိုပြီး မြင့်မားနိုင်တယ်လို့ သိရပါတယ်။

## ကိုဗစ်-၁၉ လူနာတွေကို ပိုဂရုစိုက်နိုင်မှာဖြစ်

တုပ်ကွေးရောဂါကာကွယ်ဆေးထိုးခြင်းက ရောဂါနဲ့ဆက်နွှယ်တဲ့အပြင်းဖျားခြင်းနဲ့ ဆေးရုံတက်ရောက်ကုသရခြင်းကို လျှော့ချနိုင်ပါတယ်။ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျန်းမာရေးစောင့်ရှောက်ရေးစနစ်ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ယခုနှစ်မှာဆိုရင် ကာကွယ်ဆေးထိုးခြင်းက ပိုပြီး အရေးကြီးတာ အမှန်ပါပဲ။ ဘာကြောင့်လဲဆိုတော့ တုပ်ကွေးရောဂါဖြစ်ပြီး ဖျားနာတာတွေကြောင့် ဆေးရုံကို တက်ရတဲ့သူအရေအတွက် လျော့နည်းသွားရင် ကိုဗစ်-၁၉ ကူးစက်ခံရတဲ့လူနာတွေကို ဂရုစိုက်ကုသပေးဖို့ လူအင်အားနဲ့ အရင်းအမြစ်တွေ ပိုမိုရရှိနိုင်မှာ ဖြစ်လို့ပါပဲ။

## ယာယီရပ်ဆိုင်း

တောင်ကိုရီးယားနိုင်ငံမှာ တစ်နိုင်ငံလုံး တုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံခြင်းဟာ ယခင်ကလည်း အထစ်အငေါ့တွေ ဖြစ်ခဲ့ရဖူးပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလတုန်းက ပြဿနာတချို့ကြောင့် အစိုးရက ကာကွယ်ဆေးထိုးနှံခြင်းကို ယာယီရပ်ဆိုင်းခဲ့ပါတယ်။ အောက်တိုဘာလ အစောပိုင်းမှာလည်း စက်ရုံတစ်ရုံမှာ ဆေးဝါးသိုလှောင်သိမ်းဆည်းတဲ့ ပစ္စည်းတွေထဲမှာ ညစ်ညမ်းမှုဖြစ်စေတဲ့ အရာတွေ တွေ့ရှိခဲ့ရပြီးနောက် ကာကွယ်ဆေး အခုရေ ၆၀၀၀၀၀ လောက်ကို အသုံးမပြုဖို့ ညွှန်ကြားချက်ထုတ်ခဲ့ရပါတယ်။

## ကျန်းမာရေးပြဿနာရှိသူတွေ သေဆုံး

ဒါပေမယ့် တောင်ကိုရီးယားနိုင်ငံက ကျန်းမာရေးအာဏာပိုင်တွေကတော့ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ သေဆုံးမှုတွေဟာ ကာကွယ်ဆေးထိုးခြင်းနဲ့ သက်ဆိုင်ပုံမပေါ်ဘူးလို့ ပြောပါတယ်။ စက်ရုံပေါင်းခုနစ်ခုက ကာကွယ်ဆေးထိုးခြင်း ပြုလုပ်ခဲ့တဲ့ လူတချို့ သေဆုံးခဲ့တာဖြစ်ပြီး သေဆုံးတဲ့လူတွေကို လေ့လာလိုက်တဲ့အခါမှာ အသက်ကြီးပုဂ္ဂိုလ်တွေ၊ နှလုံးရောဂါအပါအဝင် တခြားကျန်းမာရေးဆိုင်ရာ ပြဿနာရှိတဲ့သူတွေ သေဆုံးရတာကို တွေ့ရပါတယ်။ ပြီးတော့ ကာကွယ်ဆေးထိုးပြီးနောက်ပိုင်းမှာ သေဆုံးတဲ့သူတွေဟာ များသောအားဖြင့် အသက် ၇၄ နှစ် အရွယ်တွေဖြစ်နေတာကို တွေ့ရပါတယ်။

## ပြင်းထန်တဲ့ဓာတ်မတည့်မှုဖြစ်နိုင်

တုပ်ကွေး ကာကွယ်ဆေးထိုးခြင်းကြောင့် တိုက်ရိုက်ဖြစ်ရတဲ့ သေဆုံးမှုမျိုးဖြစ်ဖို့က ခဲယဉ်းတယ်ဆိုပေမယ့် ကာကွယ်ဆေးထိုးတဲ့ အရေအတွက်တစ်သန်းလောက်မှာ ၁ ဒသမ ၃၁ ရာခိုင်နှုန်းလောက်ဟာ ကာကွယ်ဆေးမှာပါတဲ့ ပါဝင်ပစ္စည်းနဲ့ ပြင်းပြင်းထန်ထန် ဓာတ်မတည့်မှု ဖြစ်ပွားတယ်လို့ အမေရိကန်ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဗဟိုဌာနက ပြောကြားခဲ့ပါတယ်။ ပြီးတော့လည်း ဒီလိုဓာတ်မတည့်တဲ့ တုံ့ပြန်မှုဆိုးဆိုးရွားရွားဖြစ်တာမျိုးက အတော်လေးရှားပါးတာကြောင့် ကာကွယ်ဆေးထိုးခြင်းရဲ့ အကျိုးကျေးဇူးနဲ့ စာရင် မပြောပလောက်တဲ့ကိစ္စဖြစ်တယ်လို့ သိရပါတယ်။

**ကိုးကား- စီအင်န်အင်န်**

---

**နိုင်ငံတကာသတင်းတိုထွာ**

## တူရကီနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူများ တိုးလာ

**အင်ကာရာ အောက်တိုဘာ ၂၉**

တူရကီနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၀၅ ဦးရှိလာခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၆၈၅၁၃ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။

ကိုဗစ်-၁၉ ကြောင့် ၂၄ နာရီအတွင်း သေဆုံးသူ ၇၇ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် နိုင်ငံအတွင်း သေဆုံးသူ ၁၀၁၂၇ ဦးအထိရှိလာကြောင်း ရောဂါမှ ပြန်လည်သက်သာလာသူ ၃၁၉၁၈၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ထားသည်။

တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီး ကိုကာက အောက်တိုဘာ ၂၈ က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အစိုးရအနေဖြင့် ခရီးသွားလာခွင့်ပိတ်ပင်ခြင်းနှင့် အိမ်မှာနေထိုင်စေခြင်းများကို ပြုလုပ်ရန် လတ်တလောတွင် မစဉ်းစားသေးကြောင်း၊ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန် တိုက်တွန်းကြောင်းနှင့် မလိုအပ်ဘဲ အပြင်သွားလာခြင်းမပြုလုပ်ရန်နှင့် အပြင်ထွက်မည်ဆိုပါက နှာခေါင်းစည်းများကို တပ်ဆင်ရန် လိုအပ်ကြောင်း ပြောကြားလိုက်သည်။ လတ်တလောတွင် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကိုဗစ်-၁၉ အခြေအနေဆိုးရွားလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## မြောက်ကိုရီးယားနှင့်တွေ့ဆုံဆွေးနွေးမှုကို တောင်ကိုရီးယား ဆက်လက်လုပ်ဆောင်သွားမည်

**ဆိုးလ် အောက်တိုဘာ ၂၉**

မြောက်ကိုရီးယားနှင့် တွေ့ဆုံဆွေးနွေးမှုများကို တောင်ကိုရီးယားအစိုးရက ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သမ္မတ မွန်ဂျေအင်းက မကြာသေးမီတွင် ပြောကြားလိုက်သည်။

အောက်တိုဘာ ၂၈ ရက်က လွှတ်တော်တွင် သမ္မတမွန်ဂျေအင်းက ရသုံးမှန်းခြေငွေစာရင်းနှင့်ပတ်သက်ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါမိန့်ခွန်းတွင် လွန်ခဲ့သည့်လက မြောက်ကိုရီးယားစစ်တပ်၏ ပစ်ခတ်မှုကြောင့် တောင်ကိုရီးယားငါးဖမ်းအရာရှိတစ်ဦး သေဆုံးသည့်အကြောင်းအရာပါဝင်ခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ပြည်သူလူထု၏ စိုးရိမ်မှုအပေါ် တောင်ကိုရီးယားသမ္မတမွန်ဂျေအင်းက မိမိအစိုးရအနေဖြင့် အမှန်တရားဖော်ထုတ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အဆိုပါဖြစ်ရပ်အပေါ် ပူးတွဲစုံစမ်းစစ်ဆေးရန် တောင်ကိုရီးယားအစိုးရ၏ ကမ်းလှမ်းချက်နှင့်ပတ်သက်ပြီး မြောက်ကိုရီးယားဘက်က မည်သည့်တုံ့ပြန်မှုမှ မပြုလုပ်သေးကြောင်း သိရသည်။ ယင်းဖြစ်ရပ်အပေါ် နှစ်နိုင်ငံအမြင်ကွာဟလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်သည် ငြိမ်းချမ်းရေး၏ အရေးပါပုံကို မီးမောင်းထိုးပြသလို ဖြစ်ခဲ့ကြောင်း သမ္မတ မွန်ဂျေအင်းက ပြောကြားလိုက်သည်။

ထို့အပြင် ကူးစက်ရောဂါနှင့် သဘာဝဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် ကိုရီးယားနှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မွန်ဂျေအင်းက တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၉**

**ရက်**

**သာ**

**လိုတော့သည်။**

❑*ကျောဖုံးမှ*

၄။ သို့ရာတွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေးဆောင်ရွက်ရာတွင် သတ်မှတ်လူဦးရေထက် ကျော်လွန်ဆောင်ရွက်ခြင်း၊ Social Distancing Rule ကို လိုက်နာရန် လိုအပ်ခြင်း၊ ဝန်းရံသူပြည်သူများအနေဖြင့်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှု အားနည်းခြင်းများကို တွေ့ရှိရသဖြင့် မဲဆွယ်စည်းရုံးရေးကာလအတွက် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် မိမိတို့၏ ပါတီဝင်များ၊ ဝန်းရံသူမဲဆန္ဒရှင်ပြည်သူများကို အဆိုပါ ညွှန်ကြားချက်များနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်စေရေး ကြီးကြပ်သွားရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၄-၁၀-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ်(၁၉၉/၂၀၂၀)ကို ထုတ်ပြန်၍ မေတ္တာရပ်ခံထားပြီး ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီဝန်းရံသူများအနေဖြင့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ညွှန်ကြားချက်များ၊ အချိန်ကာလ/နေရာ ဒေသအလိုက် ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရန်ဖြစ်ပြီး မော်တော်ယာဉ်၊ ရေယာဉ်၊ အနေးယာဉ် စသည့်မည်သည့် ယာဉ်အမျိုးအစားဖြင့်ဖြစ်စေ လိုက်ပါဝန်းရံသည့်အခါ Social Distancing မှုများနှင့် အညီ လူ ၅၀ ဦးထက်မပိုစေဘဲ လိုက်ပါခြင်းဖြင့် မလိုလားအပ်သည့်ဖြစ်စဉ်များ မဖြစ်ပွားစေရေး လိုက်နာဆောင်ရွက်ကြရန်နှင့် လိုက်နာဆောင်ရွက်မှု မရှိပါက တည်ဆဲဥပဒေများအရ သက်ဆိုင်ရာ၏အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ ယနေ့မှစတင်၍ ကြိုတင်ဆန္ဒမဲပေး

**ရန်ကုန် အောက်တိုဘာ ၂၉**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများတွင် ယနေ့နံနက်ပိုင်းက စတင်၍ ဆောင်ရွက်ကြသည်။

"ဒေါပုံမြို့နယ်မှာ ဒီနေ့မနက် ၈ နာရီကစပြီး ကြိုတင်မဲပေးနိုင်ဖို့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ မိုဘိုင်းပုံစံ ရွှေ့လျားမဲပုံးနဲ့ တစ်လမ်းဝင်တစ်လမ်းထွက် တစ်အိမ်တက်ဆင်း မဲပေးနိုင်အောင် ဆောင်ရွက်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်က အဖွဲ့ဝင်တစ်ယောက်၊ မဲရုံမှူး သို့မဟုတ် ဒုမဲရုံမှူးတစ်ဦးပါပါတယ်။ မနက် ၈ နာရီကနေ ညနေ ၆ နာရီ အထိ မဲပေးနိုင်အောင် ဆောင်ရွက်ထားပါတယ်။ ဒေါပုံမြို့နယ်မှာ မဲပေးပိုင်ခွင့် ရှိသူ ခုနစ်သောင်းခန့်ရှိပါတယ်။ အဲဒီအထဲမှာမှ အသက် ၆၀ အထက် သက်ကြီးရွယ်အိုတစ်သောင်းခန့် ရှိပါတယ်" ဟု ဒေါပုံမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးစန်းက ပြောသည်။

အသက် ၆၀ နှစ် နှင့် အထက် အသက်အရွယ်ကြီးရင့်သူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို ယနေ့မှစတင်ကာ နိုဝင်ဘာ ၅ ရက်အထိ ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့မတောင်ရပ်ကွက်နေ အသက် ၇၃ နှစ်အရွယ် ဦးကြင်အေး က " ဒီနေ့ ရပ်ကွက်ကော်မရှင်ရုံးက တာဝန်ရှိသူတွေ၊ မဲရုံမှူးတွေ အိမ်တိုင်ရာရောက် ကြိုတင်မဲပေးနိုင်ဖို့ လာကြပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိအောင် အဘကိုယ်တိုင်လည်း နှာခေါင်းစည်းတပ်ထားတယ်။ လာတဲ့သူတွေကလည်း နှာခေါင်းစည်းတွေ၊ လက်အိတ်တွေ စနစ်တကျဝတ်ဆင်ပြီး လာကြပါတယ်။ အဓိက တစ်ခြားမဲဆန္ဒရှင်တွေကို ပြောချင်တာက ကိုယ့်ရဲ့မဲတစ်ပြားကို ဆုံးရှုံးမှုမရှိအောင် မဲပေးကြပါလို့ ပြောချင်ပါတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် စစ်တောင်းရိပ်မွန်အိမ်ရာနေ ဦးမောင်မောင်အေး က " ဒီနေ့ ညနေမှာ ရွေးကောက်ပွဲ ကော်မရှင်က သတ်မှတ်ထားတဲ့ မဲရုံကိုသွားပြီး မဲသွားပေးခဲ့ပါတယ်။ မဲပေးရတာ ပွင့်လင်းမြင်သာမှုရှိပါတယ်" ဟု ပြောသည်။



သန်လျင်မြို့နယ်တွင် ကြိုတင်ဆန္ဒမဲ ပေးစဉ်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မဲပေးခြင်းလုပ်ငန်းစဉ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များနှင့်အညီဖြစ်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ရက်များတွင် ကြိုတင်ဆန္ဒမဲပေးရန် အကျုံးဝင်သည့် မဲဆန္ဒရှင်ပြည်သူများ၊ Quarantine Center များတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေရသည့် မဲဆန္ဒရှင်ပြည်သူများ၊ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးနိုင်မည့် အခွင့်အရေးမဆုံးရှုံးစေရန် ကြိုတင်ဆန္ဒမဲပေးခြင်းကို ယနေ့မှစတင်၍ သတ်မှတ်နေရာများအလိုက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးနှင့် နေအိမ်များတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရေးအတွက် ဆန္ဒမဲပေးရာတွင် ပါးစပ်၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်လာရန်၊ Social Distancing နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်ရန်နှင့် ကိုယ်အပူချိန်တိုင်းတာခြင်း လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ပါးစပ်၊ နှာခေါင်းစည်း၊ မျက်နှာအုပ်အကာများ၊ ရေမလိုလက်သန့်ဆေးရည်များကိုလည်း စနစ်တကျ သုံးစွဲနိုင်ရန် ထားရှိပေးမည်ဖြစ်သည့်အပြင် နေအိမ်များတွင် ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး ပစ္စည်းများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဆန္ဒမဲကောက်ယူသည့် နေရာအလိုက်စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

"ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ရုံးမှာ ကြိုတင်မဲ လာပေးကြတဲ့သူတွေကို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိအောင် နှာခေါင်းစည်းတပ်လာစေတယ်။ လက်သန့်ဆေးရည်တွေနဲ့ လက်ကို သန့်စင်စေပါတယ်။ တာဝန်ထမ်းဆောင်ကြတဲ့ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်က အဖွဲ့ဝင်တွေ၊ မဲရုံမှူးနဲ့ ဒုမဲရုံမှူးတွေကို လက်အိတ်တွေ၊ နှာခေါင်းစည်းတွေ၊ မျက်နှာအုပ်အကာတွေ တပ်ဆင်ပြီးမှ မဲပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်စေတယ်။ လက်သန့်ဆေးရည်တွေကိုလည်း အချိန် မရွေးအသုံးပြုနိုင်အောင် ကိုယ်နဲ့မကွာ ဆောင်ခိုင်းထားပါတယ်" ဟု ဒေါပုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးစန်းက ပြောသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီးတွင် မဲရုံပေါင်း ၅၈၀၉ ရုံ လျာထားပြင်ဆင်ဆောင်ရွက်နေပြီး မဲရုံများတွင် တာဝန်ထမ်းဆောင်ရန် မဲရုံမှူးနှင့် အဖွဲ့ဝင်အင်အား ငါးသောင်းကျော် စီစဉ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၂၉၅ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၆၉ ဦး၊ တိုင်းဒေသကြီး မဲဆန္ဒနယ်(၁) လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၉၅ ဦး၊ တိုင်းဒေသကြီး မဲဆန္ဒနယ်(၂) လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၇၇ ဦး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာလွှတ်တော် ကိုယ်စားလှယ်လောင်း ခြောက်ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၂ ဦး ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီးတွင် မဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၅၆ သိန်းခန့်ရှိကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ပါက ရန်ကုန်တိုင်းဒေသကြီးတွင် မဲပေးပိုင်ခွင့် ရှိသူဦးရေ ခြောက်သိန်းခန့် တိုးလာကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ရုံးက သိရသည်။ **မင်းသစ်(MNA)၊ ဓာတ်ပုံ - သန်းဝင်း**

# ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲအတွက် နေပြည်တော်၌ ကြိုတင်ဆန္ဒမဲများ စတင်ပေး

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် နေပြည်တော်၌ ကြိုတင်ဆန္ဒမဲပေးကြမည့်သူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲများ ပေးကြသည်။

မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ၊ တာဝန်အရ မဲဆန္ဒနယ်ပြင်ပတွင် တာဝန်ထမ်းဆောင်ရမည့် မဲဆန္ဒရှင် (နိုင်ငံ့ဝန်ထမ်း) များ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံသို့ လာရောက်နိုင်ခြင်းမရှိသော မဲဆန္ဒရှင်များ၊ အသက် ၆၀ နှင့်အထက်ရှိသူများသည် ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ရှိ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲများ ပေးကြသည်။

ကြိုတင်ဆန္ဒမဲလာရောက်ပေးသူများကို မဲရုံပြင်ပ ကြီးကြပ်ရေးတာဝန်ထမ်းဆောင်သူများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်များသန့်စင်ပေးခြင်း၊ နှာခေါင်းစည်းထုတ်ပေးခြင်း၊ မဲရုံမှူးများက မဲစာရင်းစစ်ဆေးခြင်း၊ မဲလက်မှတ်ထုတ်ပေးခြင်း၊ ဆန္ဒမဲပေးပြီးကြောင်း လက်မှတ်ထိုးခြင်း၊ မဲပေးခြင်းလုပ်ငန်းစဉ် အချိန်ကြန့်ကြာမှုမရှိစေရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ မဲပေးနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်ပေးကြသည်။



ဥတ္တရသီရိမြို့နယ်တွင် ကြိုတင်ဆန္ဒမဲပေးစဉ်။



ပျဉ်းမနားမြို့နယ်တွင် ကြိုတင်ဆန္ဒမဲပေးစဉ်။

ကျန်းမာရေးအခြေအနေအရ ကိုယ်တိုင်သွားရောက်ရန် အခက်အခဲရှိသည့် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များကို နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အသက် ၆၀ နှစ်နှင့်အထက်ရှိသူ မဲဆန္ဒရှင်များအနေဖြင့် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။

မျိုးသွင်ကျော်

# နိုင်ငံသားဆိုင်ရာအသိပညာနှင့် ရွေးကောက်ပွဲတွင် မဲပေးခြင်းဆိုင်ရာ အသိပညာများရရှိရန် ကချင်ပြည်နယ်ရှိ လူငယ်များအား ပြည်သူ့နီတိသင်တန်းကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် သင်ကြားပို့ချ

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာပိုင်အမ်စီအေနှင့် မြစ်ကြီးနားပိုင်အမ်စီအေတို့ ပူးပေါင်းပြီး ရွေးကောက်ပွဲတွင် မဲပေးကြမည့် ကချင်ပြည်နယ်ရှိ လူငယ်များ နိုင်ငံသားဆိုင်ရာ အသိပညာနှင့် ရွေးကောက်ပွဲတွင် မဲပေးခြင်းဆိုင်ရာ အသိပညာများရရှိရန်အတွက် ပြည်သူ့နီတိသင်တန်းကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။



သင်တန်းကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ လူငယ်သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၁၆ ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းသားများအနေဖြင့် သင်တန်းပြီးဆုံးပါက မိမိတို့သိရှိခဲ့သော အကြောင်းအရာများကို မိမိတို့၏ ပတ်ဝန်းကျင်သို့ ဆင့်ပွားပြန်လည်ဝေမျှခြင်းဖြင့် နိုဝင်ဘာလတွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများအနေဖြင့် တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ပါဝင်နိုင်ကြမည်ဖြစ်သည်။

မြန်မာပိုင်အမ်စီအေသည် ရေရှည်တည်တံ့ခိုင်မြဲသော အသက်မွေးဝမ်းကျောင်းနှင့် လူမှုဖွံ့ဖြိုးရေး စီမံကိန်းအနေဖြင့် ပြည်သူ့နီတိသင်တန်းများကို ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်ရှိသော လူငယ်များအတွက် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မချမ်းဘောမြို့နယ် မဲရုံ ၁၇ ရုံတွင် သက်ကြီးရွယ်အိုများနှင့် မဲရုံသို့မလာနိုင်သည့်သူများ ကြိုတင်ဆန္ဒမဲစတင်ပေး

**မချမ်းဘော အောက်တိုဘာ ၂၉**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်အတွင်းရှိ မဲရုံ ၁၇ ရုံတွင် အောက်တိုဘာ ၂၉ ရက် နံနက်မှစ၍ ကြိုတင်မဲပေးမည့်သူများ စတင်မဲထည့်ခြင်း ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ ကြိုတင်မဲထည့်သူများမှာ မချမ်းဘောမြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများနှင့် နိုဝင်ဘာ ၈ ရက်တွင် မဲမထည့်နိုင်သူများ၊ မဲရုံစောင့်တာဝန်ရှိသူများ၊ မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်မည့်သူများက နံနက် ၉ နာရီမှ စတင်၍ ကြိုတင်မဲထည့်ခြင်းကို ပြုလုပ်ကြောင်း မဲရုံကော်မတီအဖွဲ့ဝင် ဦးနန်ဇ့ဖုန်ဆန်းထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တောင်ငူ၌ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲများ စတင်ပေး

**တောင်ငူ အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲများ ပေးပွဲကို အောက်တိုဘာ ၂၉ ရက်မှ စတင်ကျင်းပလျက်ရှိရာ အသက် ၆၀ နှင့်အထက် ဆန္ဒမဲပေးခွင့်ရှိသူများနှင့် အခြားမဲပေးခွင့်ရှိသူများ စတင်မဲပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

တောင်ငူမြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၄ ခုတို့မှ မဲပေးခွင့်ရှိသူ ၁၉၅၃၄၉ ဦးရှိပြီး အရွေးချယ်ခံသည့် ပါတီခုနစ်ခုရှိကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ အရပ်ဘက်မဲရုံပေါင်း ၁၈၄ ခုနှင့် တပ်မဲရုံ ကိုးခု စုစုပေါင်း ၁၉၃ ရုံတို့တွင် ကြိုတင်ဆန္ဒမဲများပေးနိုင်မည်ဖြစ်ကြောင်း သိရပြီး လုံခြုံရေးအထူးရဲ ၁၉၃ ဦးနှင့် မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့စခန်း ခြောက်ခုတို့မှ သန္နေရဲ ၄၀၀ ခန့်တို့က လုံခြုံရေးတာဝန်ယူကြမည်ဖြစ်ကြောင်း သိရသည်။

၀၄၈



# ကျောက်မဲမြို့နယ်တွင် ကြိုတင်ဆန္ဒမဲလက်မှတ်များ ထုတ်ပေး

**ကျောက်မဲ အောက်တိုဘာ ၂၉**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ဆန္ဒမဲလက်မှတ်များနှင့် မဲရုံလုပ်ငန်းသုံးပုံစံများကို ကျောက်မဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူးများထံသို့ ယမန်နေ့ကစ၍ ထုတ်ပေးလျက်ရှိသည်။

အဆိုပါ ဆန္ဒမဲလက်မှတ်များနှင့် မဲရုံလုပ်ငန်းသုံးပုံစံများ ထုတ်ပေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် မဲရုံမှူးများထံ စနစ်တကျ ထုတ်ပေးခြင်းဖြစ်သည်။

ကျောက်မဲမြို့နယ် အနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၉၀၊ ကနဦး လျာထားမဲရုံပေါင်း ၁၁၁ ရုံရှိပြီး မဲဆန္ဒရှင်တစ်သိန်းသုံးသောင်းကျော် ရှိသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကျေးရွာအုပ်စု ၁၂ အုပ်စုတွင် ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိတော့ကြောင်း ကြေညာခဲ့သည့်အတွက် ကျန်ရှိကျေးရွာအုပ်စုအတွက်သာ ကြိုတင်ဆန္ဒမဲလက်မှတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အတွင်း ရှိနေသော်လည်း အကြောင်း အမျိုးမျိုးကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သူများ၊ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ၊ ဆေးရုံတက်ရောက်နေသူများ၊ အချုပ်ခံနေရသူများ၊ နိုင်ငံ့တာဝန်ဖြင့် မဲဆန္ဒနယ်ကျော်လွန်၍ ခရီးသွားမည့် နိုင်ငံ့ဝန်ထမ်းများ၊ ရွေးကောက်ပွဲတာဝန် ထမ်းဆောင်မည့်သူများ စသည့်ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

# ပြည်ခရိုင်ရှိ မြို့နယ်ခြောက်မြို့နယ်တွင် ကြိုတင်မဲပေးခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

**ပြည် အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရှိ မြို့နယ်ခြောက်မြို့နယ်တွင် ယနေ့နံနက် ၈ နာရီမှစ၍ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲပုံးအလွတ်များ လုံခြုံရေးကြိုးတပ်ခြင်း၊ ချိပ်ပိတ်ခြင်းအခမ်းအနားနှင့် ကြိုတင်မဲပေးခြင်းလုပ်ငန်းများကို နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ဝင်များ ရှေ့မှောက်တွင် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ရွှေဝင်း (ပြည်)

# နိုင်ငံတစ်ဝန်းတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲ စတင်ပေး



မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို အောက်တိုဘာ ၂၉ ရက်က ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက် တွင် ကြိုတင်ဆန္ဒမဲပေးစဉ်။ ရဲဝင်းနိုင်(ပြန်/ဆက်)



ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူတစ်ဦးကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ကယားပြည်နယ် လွိုင်ကော်မြို့တွင် ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူများကို တွေ့ရစဉ်။ စိုးလှိုင်ငွေ(ပြန်/ဆက်)




ကော့သောင်းမြို့တွင် ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူတစ်ဦးကို တွေ့ရစဉ်။ ကျော်စိုး(ကော့သောင်း)



ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် ရောက်ရှိနေမှုကို တွေ့ရစဉ်။ ထင်ပေါ်ဝင်း(ကမာရွတ်)



ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ကြိုတင်ဆန္ဒမဲ လာရောက်ပေးနေသည်ကို တွေ့ရစဉ်။ တင်ထွန်း(ပြန်/ဆက်)



ခရမ်းမြို့နယ်တွင် အသက် ၆၀ နှင့် အထက် မဲဆန္ဒရှင်တစ်ဦး ကြိုတင်ဆန္ဒမဲ ပေးနေစဉ်။ ကိုမင်း(ခရမ်း)



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူတစ်ဦးကို တွေ့ရစဉ်။ သူရ(တောင်ငူ)

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်ဇနီး ရွှေဘိုမြို့ အမှတ်(၃) ရပ်ကွက်ရှိ မဲရုံ(၁)တွင် ကြိုတင်ဆန္ဒမဲစတင်ပေးပြီး ရွှေဘိုမြို့ပေါ်ရှိ မဲရုံများတွင် မိဘပြည်သူများ စိတ်ချမ်းမြေ့လုံခြုံစွာ ကြိုတင်ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေး

**ရွှေဘို အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီး ဒေါ်တင့်တင့်(ခ)ဒေါ်ချူးချူးသည် ရွှေဘိုခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့်အတူ ယနေ့ နံနက် ၈ နာရီက ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ရွှေဘိုမြို့ အမှတ် (၃) ရပ်ကွက်ရှိ မဲရုံ(၁)တွင် ကြိုတင်ဆန္ဒမဲ စတင်ထည့်ပေးခဲ့ပြီး ရွှေဘိုမြို့ပေါ်ရပ်ကွက် စုစုပေါင်း ၁၀ ရပ်ကွက်ရှိ မဲရုံများတွင် အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်ပြည်သူများ စိတ်ချမ်းမြေ့လုံခြုံစွာ ကြိုတင်ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ မဲရုံများ၌ ကြိုတင်ဆန္ဒမဲပေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မိဘပြည်သူများအတွက် စိတ်ချမ်းမြေ့လုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး သက်ဆိုင်ရာဌာနများမှ တာဝန်ပေးအပ်ထားသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ဆန္ဒမဲပေးရာတွင် ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားမကူးစက်ရေးအတွက်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ အားလုံးစနစ်တကျ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးကို အထူးအလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ပြန်/ဆက်)**





## Online Learning System ဖြင့် ဖွင့်လှစ်ပို့ချခဲ့သော အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ် (၁၁၆) သင်တန်းဆင်း

**နေပြည်တော် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် Online Learning System ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည့် အရာထမ်းငယ်အခြေခံ သင်တန်းအမှတ်စဉ် (၁၁၆) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် ညနေ ၄ နာရီတွင် ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်က Online မှ တစ်ဆင့် သင်တန်းဆင်း အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီကျောင်းအုပ်ကြီး / ဒုတိယ ပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနကြီးမှူး/ပါမောက္ခ(ဌာနမှူး/တာဝန်ခံ)များ၊ ဌာနမှူး/တွဲဖက်ပါမောက္ခများနှင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၂၆ ခုမှ ဒုတိယဦးစီးမှူးအဆင့်ရှိ အရာထမ်းငယ် သင်တန်းသား ၄၃ ဦး၊ သင်တန်းသူ ၅၇ ဦး စုစုပေါင်း ၁၀၀ တို့ Online ဖြင့် တက်ရောက်ခဲ့ကြသည်။

သင်တန်းကာလ ရက်သတ္တလေးပတ်အတွင်း ပို့ချသူနှင့် အပြန်အလှန်ဆွေးနွေးခြင်းကို Zoom Cloud Meetings ဖြင့်လည်းကောင်း၊ သင်ခန်းစာသင်ယူခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် ကိုယ်တိုင်လေ့လာသင်ယူခြင်းတို့ကို Google Class Room အသုံးပြု၍လည်းကောင်း၊ သင်တန်းသား၊ သင်တန်းသူများအား ဆန်းစစ်ခြင်း (Assessment) အတွက် Tutorial ဖြေဆိုခြင်း၊ Lesson Assessment ရေးသားဖြေဆိုခြင်း၊ Daily Attendance တို့ကို Online System ဖြင့် အကဲဖြတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လားရှိုးမြို့၌ ကိုဗစ်ကာလ အလှူငွေများ ပေးအပ်လှူဒါန်း

**လားရှိုး အောက်တိုဘာ ၂၉**

လားရှိုးမြို့ ရပ်ကွက်(၁၂) ဟူးမွန်ကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါကြောင့် အခက်အခဲဖြစ်နေသည့် ရွာသူရွာသားများအား ဦးကျော်ဟန်နှင့်ဇနီး မရှောက်စီ မိသားစုက ဆန် ၁၉ အိတ်၊ ဆီငါးပိဿာ ၁၉ ပုံး၊ ကြက်သွန်နီ၊ ဆားအပြင် ငွေသားတစ်အိမ်ထောင် ကျပ်သုံးသောင်း လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**ဇော်လွင်(လားရှိုး)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် အောက်တိုဘာ ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**




## နွားထိုးကြီး၌ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲပုံးများ လုံခြုံရေးကြိုးဖြင့် ချိပ်ပိတ်

**နွားထိုးကြီး အောက်တိုဘာ ၂၉**

နွားထိုးကြီးမြို့နယ် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲပုံးများအလွတ်ဖြစ်ကြောင်းကို ရွေးကောက်ပွဲဆိုင်ရာတာဝန်ရှိသူများ၏ ရှေ့မှောက်တွင် ပြသပြီး လုံခြုံရေးကြိုးဖြင့် ချိပ်ပိတ်တပ်ဆင်ခြင်းကို ယနေ့ နံနက် ၈ နာရီက ပြုလုပ်ဆောင်ရွက်သည်။

**ရွေ့လျားမဲရုံစနစ်ဖြင့် ဆောင်ရွက်သွားမည်**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးရန် အကျုံးဝင်သည့် မဲဆန္ဒရှင်ပြည်သူများ၊ သွားလာမှုကန့်သတ်သည့်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေသည့် မဲဆန္ဒရှင်များ၊ အသက် ၆၀ နှစ်နှင့်အထက် အသက်ကြီး မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ သတ်မှတ်နေရာများ၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးနှင့် မသန်စွမ်းသူများကို နေအိမ်များ၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ရွေ့လျားမဲရုံစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူထံမှ သိရသည်။

နွားထိုးကြီးမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင် ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များနှင့်အညီ ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းအောင်ဇော်**

## ဆွမ်ပရာဘွမ်မြို့နယ်၌ အထွေထွေရွေးကောက်ပွဲကာလခန့်အပ်မည့် အထူးရဲသင်တန်းဆင်း

**ဆွမ်ပရာဘွမ် အောက်တိုဘာ ၂၉**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲရုံများ လုံခြုံရေးတာဝန်ပေးအပ်နိုင်ရေးအတွက် ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်တွင် အထူးရဲသင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ဘက်ရှုခန်းမ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်တိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းဇော်ဦးတို့က အထူးရဲတပ်ဖွဲ့ဝင်များ မဲရုံလုံခြုံရေးတာဝန်များထမ်းဆောင်ရာတွင် သိရှိလိုက်နာရမည့်ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ၊ ရွေးကောက်ပွဲဥပဒေများ၊ ရဲကျင့်ဝတ်များ၊ မီဒီယာကျင့်ဝတ်များ၊ တပ်ဖွဲ့ဝင် ယူနီဖောင်း ဝတ်ဆင်ခြင်းများ၊ စစ်ပညာများကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စံနှုန်းများနှင့်ကြေညာစာတမ်းများကို စာတွေ့ လက်တွေ့သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ရာ ရွေးကောက်ပွဲအခြေခံအကျဆုံး တာဝန်ထမ်းဆောင်ရမည့် အထူးရဲများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မမျှော်မှန်းနိုင်သောလုပ်ငန်းတာဝန်များကို ဘက်ပေါင်းစုံမှကြည့်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်များနှင့်အညီ သတိကြီးစွာဆောင်ရွက်သွားကြရာမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကြီးကို တာဝန်ကျေပွန်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲပြီးစီးသွားပါက သတ်မှတ်ချက်နှင့်ကိုက်ညီသူများအနေဖြင့်ဆန္ဒရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်ပါကြောင်း ပြောကြားသည်။

ဆွမ်ပရာဘွမ်မြို့နယ်အနေဖြင့် မဲရုံ ၁၂ ရုံအတွက် အထူးရဲသင်တန်းသား ၁၂ ဦးအား အောက်တိုဘာ ၁ ရက်မှ စတင်ကာ အောက်တိုဘာ ၂၈ ရက်အထိ သင်တန်းပို့ချပေးခဲ့ပြီး အထူးရဲသင်တန်းတွင် ဆုရရှိသူများနှင့် သင်တန်းသားများအား စစ်ရေးပြထူးချွန်ဆု၊ ဥပဒေဘာသာရပ်ထူးချွန်ဆု၊ ဘက်စုံထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို တက်ရောက်လာသောဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကုမ္ဘေ(ပြန်/ဆက်)**



# သံတွဲမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုပြီးစီး

**သံတွဲ အောက်တိုဘာ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် သံတွဲမြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ပေ ၁၉၅၀၊ ကွန်ကရစ်တံတား လေးစင်း၊ ရေထုတ်ပြွန်ရှစ်ခု၊ ကွန်ကရစ်ရေပြွန် ၁၀ ခုနှင့် ပေ ၃၂၀ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများကို စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၄၈ ဒသမ ၈၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသည်။

အဆိုပါ လုပ်ငန်းများမှ စန္ဒြားတောင်စေတီ ဘုရားတက်ကားလမ်းနှင့် ဘုရားရင်ပြင်လမ်း ပေ ၂၉၅၀ အနက် (၁၉၅၀ x ၁၂ )ပေ ကွန်ကရစ်ခင်းခြင်း၊ ၁၂ x ၁၄ ပေ သံကူကွန်ကရစ်တံတားတစ်စင်းနှင့် ရေထုတ်ပြွန်နှစ်ခု တည်ဆောက်ခြင်းလုပ်ငန်းတို့ကို စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၂၉ ဒသမ ၅၉၁ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရာ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများအားလုံး သတ်မှတ်စံချိန် စံညွှန်းများအတိုင်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သံတွဲမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်ထံမှ သိရသည်။

ယင်းစန္ဒြားတောင်စေတီ ဘုရားတက် ကားလမ်းနှင့် ဘုရားရင်ပြင်လမ်း ပေ ၂၉၅၀ ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၁၀၀၀ x ၁၂ ပေကို ဆောင်ရွက်ပေးပြီး ယခု ဘဏ္ဍာနှစ်တွင်လည်း အထက်ပါလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် ယခင်က မြေသားလမ်း၊ သစ်သားတံတားများနှင့် ခက်ခဲစွာသွားလာနေရသော ဒေသခံပြည်သူများနှင့် ဘုရားဖူး ဧည့်သည်များမှာ သမိုင်းဝင်စန္ဒြားတောင်စေတီနှင့် သံတွဲမြို့များသို့ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သန့်ဇင် (ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ် သမဝါယမအသင်းစုမှ စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

ကျေးလက်နေ တောင်သူများ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် စပါးများအား ရောင်းချရာတွင် လက်ရှိဖြစ်ပေါ်လျက် ရှိသော စပါးဈေးနှုန်းများအရ တောင်သူများအခက်အခဲ မဖြစ်ပေါ်စေရေးအတွက် သမဝါယမကဏ္ဍမှ စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သမဝါယမအသင်းစုမှ စပါးတင်း ၁၀၀၀၀ ဝယ်ယူရေးအတွက် မိုးဟုတ်ကျေးရွာ၌ စပါးအဝယ်ဒိုင်ဖွင့်လှစ်၍ စပါးဝယ်ယူရေးလုပ်ငန်းကို အောက်တိုဘာ ၂၁ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ကျေးရွာ ၆၄ ရွာတွင် တစ်အိမ်ထောင်သုံး ဆိုလာမီးလင်းရေး ဆောင်ရွက်

**မုံရွာ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၆၄ ရွာတွင် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် တစ်အိမ်ထောင်သုံး ဆိုလာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းကျော်မျိုးထံမှ သိရသည်။

တစ်အိမ်ထောင်သုံး ဆိုလာမီးလင်းရေး လုပ်ဆောင်ပေးမည့် အစီအစဉ်အဖြစ် မင်းကင်းမြို့နယ်မှ ကျေးရွာတစ်ရွာ၊ မြင်းမူမြို့နယ် ကျေးရွာတစ်ရွာ၊ ခင်ဦးမြို့နယ်မှ ကျေးရွာကိုးရွာနှင့် ရေဦးမြို့နယ်မှ ကျေးရွာလေးရွာ၊ ပုလဲမြို့နယ်ရှိ ကျေးရွာရှစ်ရွာ၊ ကျွန်းလှမြို့နယ်မှ ကျေးရွာတစ်ရွာ၊ ဖောင်းပြင်မြို့နယ်မှ ကျေးရွာငါးရွာ၊ ဟုမ္မလင်းမြို့နယ်မှ ကျေးရွာ ၃၅ ရွာတွင် လည်းကောင်း ဆောင်ရွက်ပေးမည် ဖြစ်သည်။

တစ်အိမ်ထောင်သုံး ဆိုလာမီးလင်းရေးစနစ် တပ်ဆင်ပေးနိုင်ခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မြို့နယ်ရှစ်မြို့နယ်ရှိ ကျေးရွာ ၆၄ ရွာတို့မှ အိမ်ခြေ ၈၆၂ အိမ် လျှပ်စစ်မီးများ သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| **အငယ်တန်း သတင်းထောက်များ** | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၁၀ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၈၇ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၁၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၄၅ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၇၄ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၃၄ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၇ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၁ . ၇၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၄၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၀၉ . ၈၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၂၈၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀ | ၂၃၁ | ၂၃၀၉၉၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၃၀၆ | ၁၁၂၇၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၅၄ | ၁၁၉၅၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၇၃ | ၁၂၈၀၉၀၀ |
| EFR | ၃၃၀၀ | ၃၅၅၀ | ၁၀၅ | ၃၄၇၁၀၀ |

ခင်ရတနာ - စုစည်းသည်

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ

အေးမင်းထက်(ရေဦး)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတွင် ကျေးလက်ဒေသဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်နိမိတ်၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်နှင့် တပ်မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ထားသော နယ်မြေတွင် ပါဝင်ခြင်းမရှိသော ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နယ်မြေအားလုံးကိုဆိုသည် ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုနှင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)ဖြင့် ဖွဲ့စည်းထားပါသည်။ ပြည်ထောင်စုကြီးအတွင်းတွင် ပြည်နယ်ခွဲ ၂ ခု၊ ခရိုင် ၇ ခု၊ မြို့ ၄၆၄ မြို့၊ မြို့နယ် ၃၃၀၊ ကျေးရွာအုပ်စု ၁၃၅၉၇ စုနှင့် ကျေးရွာပေါင်း ၆၃၂၆၄ ရွာရှိပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူဦးရေ ၅၁ ဒသမ ၄၉ သန်း ရှိပါသည်။ နိုင်ငံလူဦးရေ၏ ၇၀ ဒသမ ၄ % ဖြစ်သော ၃၆ ဒသမ ၂၅ သန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပါသည်။ ကျေးလက်လူဦးရေ၏ ၂၉ ဒသမ ၂ % ဖြစ်သော လူဦးရေ ၁၀ ဒသမ ၅ သန်းခန့်သည် ဆင်းရဲသည့်ပုဂ္ဂိုလ်များ ဖြစ်သည်ဟု ကောက်ယူရရှိသော စာရင်းများအရ သိရှိရပါသည်။

### မြန်မာနိုင်ငံကျေးလက်ဒေသ ဖွံ့ဖြိုးရေးဥပဒေများ

၁၉၂၁ ခုနှစ်မှ စတင်၍ ၁၉၉၃ခုနှစ်အထိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကအားဖြင့် မြန်မာနိုင်ငံ ကျေးလက်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေ၊ The Myanmar Rural Self Government Act 1921အရ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြဋ္ဌာန်းပြီး ယင်းဥပဒေအရ မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့များက တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၉၀ ဖြင့် မြန်မာနိုင်ငံ ကျေးလက်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေကို ရုပ်သိမ်းခဲ့ပါသည်။

ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈၈ အရစည်ပင်သာယာဥပဒေပြုရေးအာဏာသည် ဇယား ၂ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုစာရင်းတွင် ပါဝင်ခဲ့ပြီး မြို့တော်ကြီးများအပ ပြည်ထောင်စုတစ်ဝန်းလုံး လွှမ်းခြုံအာဏာတည်ခဲ့သော ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေသည် ပျက်ပြယ်ခဲ့ရပါသည်။ ထို့နောက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့အလိုက် စည်ပင်သာယာရေးဝန်ကြီးဌာနများ ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သက်ဆိုင်ရာ စည်ပင်သာယာရေးဝန်ကြီးဌာနများအောက်သို့ လွှဲပြောင်းရောက်ရှိခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စည်ပင်သာယာရေးဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့ကြပါသည်။ ထို့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးဦးစီးဌာနကိုလည်း ဖျက်သိမ်းခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ် မေလ ၇ ရက်နေ့ ရက်စွဲပါစာအမှတ် ၃(၁)/ ၇/ သမ္မတရုံးအရ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် ယခင်စည်ပင်သာယာရေးဦးစီးဌာနအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ယင်းဦးစီးဌာနအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်တွင်ထားရှိ၍ ပြည်ထောင်စုတစ်ဝန်းရှိ ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုလွှတ်တော်သည် အထက်တွင် ဖော်ပြခဲ့သော ပြည်ထောင်စုလူဦးရေ၏ ၇၀ ဒသမ ၄ % နေထိုင်လျက်ရှိသည့်ပြည်ထောင်စုတစ်ဝန်းရှိ ကျေးလက်ဒေသအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များကို ခေတ်စနစ်နှင့်အညီ စနစ်တကျအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉ အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေသည် သီးခြားအကြောင်းအရာတစ်ခုနှင့် သက်ဆိုင်သော ဥပဒေဖြစ်၍ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၁ အရ အထူးဥပဒေတစ်ရပ် ဖြစ်ပါသည်။



မြိုင်မြို့နယ် ဖိုလ်ကုန်းကျေးရွာ စက်ရေတွင်းတူးဖော်နေမှုကို တွေ့ရစဉ်။

**"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် ဒေသန္တရအစိုးရများက ချမှတ်ပေးသည့် ရန်ပုံငွေဖြင့်ဖြစ်စေ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့များဖြင့် ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ၏ အကူအညီများကို ရယူရမည့်အပြင် သက်ဆိုင်ရာဒေသခံ ပြည်သူလူထုကလည်း ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်ဖြင့် ထည့်ဝင်ကြရမည်ဖြစ်၊ ထိုသို့ ဘက်စုံအင်အားဖြင့် တွန်းပို့ပေးခြင်းဖြင့် ကျေးလက်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရှေ့သို့ ရွေ့လာမည်ဖြစ်"**

### ဥပဒေ၏ ရည်ရွယ်ချက်များ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေအခန်း(၂) တွင် ဥပဒေ၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်းဖွင့်ဆိုထားပါသည်–

(က) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

( ခ ) မြို့ပြနှင့်ကျေးလက်ဒေသအကြား လူမှုစီးပွားအဆင့်အတန်း ကွာဟချက်များ ကျဉ်းမြောင်းလာစေရန်၊

( ဂ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကိုပြည်သူပူးပေါင်းပါဝင်မှုဖြင့် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊

(ဃ) ကျေးလက်ဒေသနေပြည်သူများ၏ စွမ်းဆောင်ရည် တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများဖြစ်ပေါ်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ရန်၊

( င ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန်၊

( စ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်၊

(ဆ) ကျေးလက်ဒေသနေ ပြည်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိမ်တွင်းလေထုညစ်ညမ်းမှုကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေသည် ကျေးလက်ဒေသရှိ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပြီး ထိုစွမ်းအားများဖြင့် ကျေးလက်ဒေသနေပြည်သူလူထု၏ လူမှု – စီးပွားရေးဘဝနှင့် လူနေမှုအဆင့်မြင့်မားတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်စီမံထားခြင်း ဖြစ်ပေသည်။ ကျေးလက်ပြည်သူလူထုအား အထင်သေး အမြင်သေးဖြင့် ခွဲခြားဆက်ဆံမှုအလေ့အကျင့်ဆိုးများကို ရိုက်ချိုးပယ်ဖျက်ပြီး တစ်ဆင့်ထက်တစ်ဆင့် အစဉ်တိုးတက်မြင့်မားနေသော ကျေးလက်လူနေမှုဘဝ၏ တိုးတက်မှုကွန်ရက်ကို ကျေးလက်ပြည်သူလူထုကိုယ်တိုင်ပါဝင်၍ တည်ဆောက်နိုင်ရေးသို့ ဦးတည်သည်ကို တွေ့ရှိရပါသည်။

### ဥပဒေပါပြဋ္ဌာန်းချက်များ

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အခန်း ၁၃ ခန်း၊ ပုဒ်မ ၄၈ ခုဖြင့် ကျစ်လျစ်စွာ ရေးဆွဲပြဋ္ဌာန်းထားသည်ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်–

- အခန်း( ၁ ) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ပုဒ်မ ၁ မှ ၂ ထိ
- အခန်း( ၂ ) ရည်ရွယ်ချက်၊ ပုဒ်မ ၃
- အခန်း( ၃ ) ဗဟိုကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ပုဒ်မ ၄ မှ ၅ ထိ
- အခန်း( ၄ ) ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ပုဒ်မ ၆ မှ ၇ ထိ
- အခန်း( ၅ ) ဦးစီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ပုဒ်မ ၈ မှ ၉ ထိ
- အခန်း( ၆ ) ကျေးလက်ဒေသ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ၊ ပုဒ်မ ၁၀ မှ ၁၁ ထိ
- အခန်း( ၇ ) ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်း၊ ပုဒ်မ ၁၂ မှ၂၀ ထိ
- အခန်း( ၈ ) ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး လုပ်ငန်း၊ ပုဒ်မ ၂၁ မှ ၂၄ ထိ
- အခန်း( ၉ ) ကျေးလက်ဒေသ အိမ်ရာတည်ဆောက်ရေးလုပ်ငန်း၊ ပုဒ်မ ၂၅ မှ၂၈ ထိ
- အခန်း(၁၀ ) အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်း၊ ပုဒ်မ ၂၉ မှ ၃၃ ထိ
- အခန်း(၁၁ ) ဘဏ္ဍာရန်ပုံငွေ ထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်းလုပ်ငန်း၊ ပုဒ်မ ၃၄ မှ ၃၉ ထိ
- အခန်း( ၁၂ ) ပြစ်မှုပြစ်ဒဏ်များ၊ပုဒ်မ ၄၀ မှ ၄၁ထိ
- အခန်း( ၁၃ ) အထွေထွေ၊ ပုဒ်မ ၄၂မှ ၄၈ ထိ။

### ကျယ်ပြန့်သော စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်များ

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို တာဝန်ခံ၊ တာဝန်ယူ၍ ဖော်ဆောင်ပေးရမည့်သူမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ၎င်း၏ လက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ဖြစ်ပါသည်။ သို့သော်လည်းကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ကြည့်မြင်ပြီး ကျယ်ပြန့်စွာနှင့် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်သည့် အဖွဲ့အစည်းများဖြင့် ***စာမျက်နှာ ၂၁ သို့***



မံစီမြို့နယ် စီအူကျေးရွာ၌ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

# ကျွန်းစုမြို့နယ်ရှိ ကျေးရွာခြောက်ရွာ၌ တစ်အိမ်သုံးဆိုလာစနစ် တပ်ဆင်ဆောင်ရွက်ပြီးစီး

**ကျွန်းစု အောက်တိုဘာ ၂၉**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာ၌ NEP စီမံကိန်း ICB – 4 တစ်အိမ်သုံးဆိုလာစနစ် တပ်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၆ ရက်က ကျွန်းစုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာ ခြောက်ရွာတို့မှ ကျေးရွာ မီးလင်းရေးကော်မတီဝင်များနှင့် ဆိုလာတပ်ဆင်အသုံးပြုသူအိမ်ထောင်စုများအား မိမိတို့နေအိမ်များတွင် တပ်ဆင်ပြီးစီးခဲ့သည့် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို ရေရှည်အသုံးပြုနိုင်ရေးအတွက် စနစ်တကျထိန်းသိမ်းကိုင်တွယ်အသုံးပြုနိုင်ရေး၊ အသုံးပြုသူများ လိုက်နာရမည့်သတ်မှတ်ချက်များနှင့်ပျက်စီးမှုများဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်ပြုပြင်နိုင်ရေး ရှင်းလင်းပြောကြားသည်။

အဆိုပါ တစ်အိမ်သုံးဆိုလာစနစ်တပ်ဆင်ပြီးစီးခဲ့သော ကျေးရွာများမှာ ကဘင်းချောင်း၊ ကျောက်ပုံချောင်း၊ ဝါရစ်မြန်မာ၊ ပင်ပွားအော်၊ ရေပြည့်အော်၊ တောင်ပုကျေးရွာတို့ရှိအိမ်ခြေ ၆၉၄ အိမ်တွင် ၆၀ ဝပ် ၄၂၅ စုံ၊ ၁၀၀ ဝပ် ၂၆၉ စုံ၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ ဘာသာရေးအဆောက်အအုံ တစ်လုံးနှင့် လမ်းမီးတိုင် ၁၆ တိုင်တို့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးကြပ်၍ Earth Renewable Energy Co., Ltd. မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၅ ရက်တွင် တာဝန်ယူဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၃ ရက်တွင် ဆိုလာတပ်ဆင်မှု လုပ်ငန်းများပြီးစီးကြောင်း သိရသည်။

၂၀၁၉ – ၂၀၂၀ ပြည့်ဘဏ္ဍာနှစ်တွင်အမျိုးသားအဆင့် လျှပ်စစ်ဓာတ်အားပေးစီမံကိန်းဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းကို ကမ္ဘာ့ဘဏ်က ၆၀ ရာခိုင်နှုန်း၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၃၀ ရာခိုင်နှုန်းနှင့် ပြည်သူ ၁၀ ရာခိုင်နှုန်းတို့ ထည့်ဝင်ပူးပေါင်း၍ ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးနိုင်လင်းထွန်းထံမှ သိရသည်။

မြင့်ဦး(မြိတ်)



# သာလင်း- မြင်သား မြစ်သာမြစ်ကူးတံတား ဆောက်လုပ်ထားသဖြင့် ဆက်သွယ်သွားလာမှု အဆင်ပြေလွယ်ကူ

**ဂန့်ဂေါ အောက်တိုဘာ ၂၉**
ဂန့်ဂေါမြို့နယ် သာလင်းရွာနှင့် မြင်သားရွာ ကျေးရွာချင်း ဆက်လမ်းရှိသာလင်း-မြင်သား မြစ်သာမြစ်ကူးတံတားကို ယခုနှစ်တွင် ဆောက်လုပ်၍ ဖွင့်လှစ်ဖွင့်ပြီးထားပြီဖြစ်ရာ ဒေသနေပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူနေကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကို ၂၀၀၅ ခုနှစ်က လူကူးကြိုးတံတားအဖြစ် ဆောက်လုပ်ခဲ့သော်လည်း မြစ်သာမြစ်ရေမြင့်တက်မှုများသည့်နှစ်၌ မျောပါပျက်စီးသွားရာ ၂၀၁၉ ခုနှစ်တွင် ယခု တံတားသစ်ကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါတံတားမှာ တံတားဦးစီးဌာန တံတားအထူး အဖွဲ့(၃)က ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

တံတားကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၉၀၀၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၂၀ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး ရန်ပုံငွေကျပ် ၃၀၇ သန်းဖြင့် စုစုပေါင်းခန့်မှန်း စီမံကိန်း တန်ဖိုးကျပ်သန်း ၁၆၂၀ ဖြင့် အကျယ် ၁၂ ပေ လေးလက်မ၊ အလျားပေ ၈၁၀ နှစ်လွှာတစ်ထပ် ဘေလီသံကူကွန်ကရစ်တံတားအမျိုးအစားအဖြစ် ဆောက်လုပ်ထားသည်။ ၂၀၁၉ ခုနှစ် မတ်လ ၁၀ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်တွင်ပြီးစီး၍ အောက်တိုဘာ ၁၄ ရက်တွင် စတင်ဖြတ်သန်းခွင့်ပြုခြင်းဖြစ်သည်။



သာလင်း-မြင်သား မြစ်သာမြစ်ကူးတံတား ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

မြစ်သာမြစ်အရှေ့ဘက်ရှိ မြင်သား၊ ကုန်းရွာ၊ ရွာမ၊ အလယ်ရွာ၊ စန်းမြို့စသည့်ကျေးရွာနေ ပြည်သူများသည် ယခင်က မြစ်ရေကျသည့်အခါတွင် ဆက်သွယ်မှုလွယ်ကူသော်လည်း မိုးရာသီမြစ်ရေမြင့်တက်သည့်အခါများ၌ လှေဖြင့်သာ ဖြတ်ကူးခဲ့ကြရသည်။ ယခုအခါ တံတားဆောက်လုပ်ပြီး၍ ကား၊ ထော်လာဂျီ၊ လှည်း စသည်တို့ဖြင့် လွယ်ကူစွာ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်သည့်အပြင် မြစ်သာမြစ်အနောက်ဘက်ရှိ ဂန့်ဂေါ-ကလေး ကားလမ်းသို့ ရာသီမရွေးဆက်သွယ်သွားလာနိုင်ကြပြီဖြစ်၍ ကျေးရွာများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

၁၄၄

# ထီးချိုင့်မြို့နယ် ကျေးရွာပေါင်း ၃၀ ၌ သောက်သုံးရေတွင် ရောဂါပိုးပါဝင်မှု ရှိ မရှိ စစ်ဆေး

**ထီးချိုင့် အောက်တိုဘာ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာပေါင်း ၃၀ မှ လက်ရှိသောက်သုံးနေသော သောက်ရေတွင်းများ၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်စေတတ်သော ဗက်တီးရီးယားရောဂါပိုး ပါဝင်ခြင်း ရှိမရှိအီကိုလီစမ်းသပ်ကိရိယာများဖြင့် စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ကျေးရွာပေါင်း ၁၁၈ ရွာ ရှိကြောင်း၊ ကျေးလက်ဒေသများ၏ ရေသုံးစွဲမှု အခြေအနေများကိုလည်း RWS MIS အက်ပလီကေးရှင်း အသုံးပြုပြီး ကျေးရွာပေါင်း ၅၀ တွင် ကောက်ယူပြီးဖြစ်ကြောင်း၊ ယခုအခါ ကျေးလက်နေပြည်သူများ ကျန်းမာရေးညီညွတ်သည့် သန့်ရှင်းသော သောက်သုံးရေသုံးစွဲနိုင်စေရန် ရည်ရွယ်၍ လက်ရှိသောက်သုံးရေများတွင် ဝမ်းပျက်၊ ဝမ်းလျှောဖြစ်တတ်သော ရောဂါပိုးပါဝင်ခြင်းရှိ မရှိ စစ်ဆေးခြင်းဖြစ်ကြောင်း၊ စစ်ဆေးရာတွင် နှစ်ရက်အကြာ သင့်တင့်သောအပူချိန်၌ထားပြီးမှသာ အဖြေသိရကြောင်း၊ ယင်းနောက် အချက်အလက်များရေးသွင်းခြင်း ဆောင်ရွက်ရကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦးက ပြောသည်။

ထီးချိုင့်မြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုဘဏ္ဍာနှစ်မှစတင်၍ ကျေးရွာပေါင်း ၅၅ ရွာကို သောက်သုံးရေရရှိရေးလုပ်ငန်းများကို နှစ်စဉ်ဘတ်ဂျက် လျာထားဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်းမာရေးနှင့် ညီညွတ်သော၊ သန့်ရှင်းသော သောက်သုံးရေများ သုံးစွဲနိုင်စေရန်အတွက် စမ်းသပ်စစ်ဆေးပေးလျက်ရှိရာ ပထမအကြိမ်ရွာ ၅၀ စစ်ဆေးရန် လျာထားဆောင်ရွက်ရာ၌ ကျေးရွာပေါင်း ၃၀ တွင် စမ်းသပ်စစ်ဆေးပြီးစီး၍ အချက်အလက်ရေးသွင်းဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မွေးကြူဇင်**

*စာမျက်နှာ ၂၀ မှ*
ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်၌ ဗဟိုကြီးကြပ်မှုကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းရန်နှင့် ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးထားသည်ကို တွေ့ရှိရပါသည်။

အောက်ခြေရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဌာနဆိုင်ရာ ဝန်ထမ်းများကသာ ဆောင်ရွက်ခြင်းမျိုးမဖြစ်စေဘဲ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် ကျေးလက်နေပြည်သူလူထုတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်စေရန်၊ မြို့နယ်နှင့် ကျေးရွာအလိုက် လိုအပ်သည့်လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်စေရန် ဥပဒေ၏ အခန်း (၅) ပုဒ်မ ၈ (ဌ )တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် လုပ်ငန်းဆောင်ရွက်သည့်အခါ ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်အကောင်အထည်ဖော်နိုင်ရန် ဥပဒေပုဒ်မ ၈ (ထ )တွင် ဖော်ပြပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ "ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်"။

ဥပဒေပုဒ်မ ၈ (ဏ)တွင်လည်း "ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဝန်ထမ်းများ၊ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များ အရည်အသွေးမြင့်မားတိုးတက်လာစေရေးအတွက် ပြည်တွင်းပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ နည်းပညာပြပွဲများနှင့် လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးရန်" ပြဋ္ဌာန်းထားခြင်းမှာ ကျေးလက်ဒေသနေပြည်သူ လူထုအပါအဝင်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပေးမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ပေးမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရန် စီမံထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဘဏ္ဍာရန်ပုံငွေအရင်းအနှီးများ**

"ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဖြစ်စေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဖြစ်စေ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့များဖြင့် ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ၏ အကူအညီနှင့် ဒေသခံပြည်သူလူထုထည့်ဝင်ငွေများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြစ်စေ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်" ဥပဒေပုဒ်မ ၈ (ဃ)တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် ဒေသန္တရအစိုးရများက ချမှတ်ပေးသည့် ရန်ပုံငွေဖြင့်ဖြစ်စေ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့များဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ၏ အကူအညီများကို ရယူရမည့်အပြင် သက်ဆိုင်ရာဒေသခံ ပြည်သူလူထုကလည်း ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်ဖြင့် ထည့်ဝင်ကြရမည်ဖြစ်ပါသည်။ ထိုသို့ ဘက်စုံအင်အားဖြင့် တွန်းပို့ပေးခြင်းဖြင့် ကျေးလက်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရှေ့သို့ ရွေ့လာမည်ဖြစ်ပါသည်။

ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှု မရှိစေရန် ကိုင်တွယ်သုံးစွဲနည်းကို ဥပဒေအခန်း(၁၁) ဘဏ္ဍာရန်ပုံငွေ ထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်းအခန်းတွင် အောက်ပါအတိုင်း တိကျပြည့်စုံစွာ ပြဋ္ဌာန်းထားရှိသည်ကို တွေ့ရှိရပါသည်-

ပုဒ်မ ၃၄ ။ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအတွက် ခွင့်ပြုဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ သုံးစွဲရမည်။

ပုဒ်မ ၃၅ ။ ဝန်ကြီးဌာနသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ပြည်တွင်းပြည်ပအကူအညီ အထောက်အပံ့အဖြစ် ရရှိသော နိုင်ငံခြားသုံးငွေ အပါအဝင် ငွေကြေးနှင့် ပစ္စည်းများကို လက်ခံခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်းတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

ပုဒ်မ ၃၆ ။ ဦးစီးဌာနသည်ပုဒ်မ ၃၅အရ ပြည်တွင်းပြည်ပအကူအညီအထောက်အပံ့အဖြစ် ရရှိသော နိုင်ငံခြားသုံးငွေ အပါအဝင် ငွေကြေးများကို သတ်မှတ်ချက်များအတိုင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သီးခြားဘဏ်စာရင်း ဖွင့်လှစ်၍ ဥပဒေနှင့်အညီ လိုက်နာသုံးစွဲ ဆောင်ရွက်ရမည်။

ပုဒ်မ ၃၇ ။ ဦးစီးဌာနသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် သက်ဆိုင်ရာ ခွင့်ပြုချက် ရရှိပြီးသည့် တိုက်ရိုက်ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဒေသခံပြည်သူများသို့ တိုက်ရိုက်လွှဲပြောင်းပေးအပ်ဆောင်ရွက်စေ၍ ငွေကြေးသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

ပုဒ်မ၃၈ ။ ဦးစီးဌာနသည် သက်ဆိုင်ရာ ကျေးရွာလုပ်ငန်းကော်မတီသို့မဟုတ် လုပ်ငန်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသုံးစရိတ် ရှင်းတမ်းများကို သတ်မှတ်သည့် ကာလအပိုင်းအခြားဖြင့် အများမြင်သာသည့်နေရာတွင် ဖော်ပြနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည်။

ပုဒ်မ ၃၉ ။ ဦးစီးဌာနအပါအဝင် ဤဥပဒေအရ ဖွဲ့စည်း တာဝန်ပေးအပ်ထားသည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် လုပ်ငန်းအဖွဲ့များသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ငွေကြေးနှင့်ပစ္စည်းများ ရရှိသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်း ခံယူရမည်။

ထို့အပြင် အခန်း(၁၃ ) အထွေထွေခန်းတွင်

ပုဒ်မ ၄၅ ။ ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည် တွင်းပြည်ပအကူအညီ အထောက်အပံ့ဖြင့် ရရှိသည့် ငွေကြေး၊ ပစ္စည်းသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ထုတ်ပြန်ကြေညာရမည်။

ပုဒ်မ ၄၆ ။ မည်သူမဆို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ ပစ္စည်းသို့မဟုတ် ငွေကြေးကို အလွဲသုံးစားပြုလျှင် ထိုသူကို တည်ဆဲဥပဒေအရ အရေးယူရမည်ဟု ပွင့်လင်းမြင်သာမှုနှင့် လုံခြုံမှုတို့အတွက် ပြဋ္ဌာန်းချက်များ ပါရှိသည်ကိုလည်း တွေ့ရှိရပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့်အတူ ( ၄၄ )

# ဆန္ဒမဲပေးကြပါမည် စုံစုံညီညီ

မောင်စာဂ

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် ၉ ရက်မျှသာ လိုတော့သည်။ အချို့သော မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲတွေ ပေးပြီးကြပြီ။ အချို့ကြိုတင် ဆန္ဒမဲတွေ ပေးနေကြသည်။ အချို့သော မဲဆန္ဒရှင်များအတွက် ၎င်းတို့နေထိုင်ရာ အိမ်တိုင်ရာရောက် ကြိုတင်ဆန္ဒမဲတွေရယူကြမည်။ အချို့က ရပ်ကွက်/ ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲတွေပေးကြမည်။ အချို့က မဲရုံသို့ကိုယ်တိုင်သွားရောက်ကာ ဆန္ဒမဲတွေပေးကြရဦးမည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံးကိုယ်စီကိုယ်စီ စုံစုံညီညီဆန္ဒမဲပေးကြရန် လိုအပ်သည်။ အနှစ်ချုပ်မှုဝေပါရစေ။

### ပြည်ပရောက်မဲဆန္ဒရှင်များ

အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများသည် ကြိုတင်ဆန္ဒမဲပေးခွင့်ရရှိကြသူများ ဖြစ်သည်။ ၎င်းတို့ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် သတ်မှတ်ချက်နှင့်အညီ ပုံစံ (၁၅) များ တောင်းခံရယူ၍ လျှောက်ထားခဲ့ကြသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများသို့ ဆန္ဒမဲလက်မှတ်များ ပေးပို့ခဲ့သည်။

သက်ဆိုင်ရာ သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး၊ ကောင်စစ်ဝန်ရုံး အကြီးအမှူးများသည် သတ်မှတ်ထားသောနေ့ရက်များအတွင်း ပြည်ပရောက်ကြိုတင်ဆန္ဒမဲပေးခွင့်ရသူများထံမှ ကြိုတင်ဆန္ဒမဲများကို သတ်မှတ်သည့်နည်းလမ်းများအတိုင်း ရယူခဲ့သည်။ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ စနစ်တကျထုပ်ပိုး၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်ပေးပို့ခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ များမှတစ်ဆင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပြန်လည်ပေးပို့ခဲ့သည်။

### မဲဆန္ဒနယ်ပြင်ပရောက်(ပြည်တွင်း) မဲဆန္ဒရှင်များ

မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များအတွက် သက်ဆိုင်ရာတပ်မှူးက ကြိုတင်ဆန္ဒမဲပေးကြမည့်သူများ၏ စာရင်းကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့သည်။ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ယင်းစာရင်းကို မဲစာရင်း ပုံစံ (၁) နှင့် တိုက်ဆိုင်စစ်ဆေးပြီး ပုံစံ(၁) တွင်ပါပြီးဖြစ်ပါက ပုံစံ (၁-၂ ) ဖြင့် သီးခြားပြုစုစေသည်။ ထိုသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာတပ်မှူးထံသို့ ပေးပို့သည်။ သက်ဆိုင်ရာတပ်မှူးက သတ်မှတ်ထားသောနေ့ရက်များတွင် ထိုသူများထံမှ ကြိုတင်ဆန္ဒမဲများကိုရယူပြီး သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်ပေးပို့သည်။

မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံသို့တက်ရောက်နေရသော အတွင်းလူနာများအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာဌာနမှ အကြီးအမှူးများက စီစဉ်ဆောင်ရွက်ပေးကြရသည်။ သက်ဆိုင်ရာဌာနအကြီးအမှူးများသည် ပုံစံ (၁၅) များကို မိမိတို့ဌာနတည်ရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများထံမှ တောင်းယူပြီး မိမိဌာနရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများထံ ဖြန့်ဖြူးပေးသည်။

ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်များက ပုံစံ (၁၅) များ ရရှိသည့်အခါ မှန်ကန်စွာဖြည့်သွင်း၍ မိမိတို့၏ အကြီးအမှူးထံသို့ ပြန်၍ပေးပို့ရသည်။ အကြီးအမှူးများက ယင်းပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့ခြင်း၊ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ က ပုံစံ (၁) မဲစာရင်းတွင် ပါဝင်ခြင်းရှိမရှိ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ စိစစ်မှုပြုစေခြင်း၊ ပါရှိပါက ပုံစံ (၁-၂) တွင် ဖြည့်သွင်းစေခြင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာအကြီးအမှူးများထံပေးပို့ခြင်း၊ သက်ဆိုင်ရာ အကြီးအမှူးများက သတ်မှတ်သည့်ရက်အတွင်း အဆိုပါ မဲဆန္ဒရှင်များထံမှ ကြိုတင်ဆန္ဒမဲရယူခြင်း၊ ရယူပြီးသော ကြိုတင်ဆန္ဒမဲများကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်ပေးပို့ခြင်းဖြင့် ကြိုတင်ဆန္ဒမဲရယူခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

### မဲရုံသို့ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သူများ

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲဆန္ဒနယ် အတွင်း ရှိသော်လည်း မဲရုံသို့ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သော အသက်အရွယ်ကြီးရင့်သူ၊ အနားကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူနှင့် နေအိမ်တွင်မီးဖွားနေသူများရှိပါက ၎င်းမဲဆန္ဒရှင်များထံသို့ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကော်မရှင်အဖွဲ့ခွဲဝင်နှစ်ဦးကိုစေလွှတ်၍ ကြိုတင်ဆန္ဒမဲရယူမည်ဖြစ်သည်။ ယင်းသို့ ကြိုတင်ဆန္ဒမဲရယူခြင်းကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ နှစ်ရက်အလို နိုဝင်ဘာလ ၆ ရက်နှင့် ၇ ရက်နေ့များတွင် ရယူမည်ဖြစ်သည်။ ကြိုတင်ဆန္ဒမဲပေးနိုင်ကြဖို့ ပြင်ဆင်ထားကြရပါမည်။

> **“အထက်တွင်ဖော်ပြခဲ့သည့် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များမှအပ ကျန်ရှိသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် မိမိတို့မဲစာရင်းပါရှိရာ မဲရုံများသို့ ကိုယ်တိုင်သွားရောက်၍ ကိုယ်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို ကိုယ်တိုင်ရွေးချယ်ကာ ကိုယ်စီကိုယ်စီ ဆန္ဒမဲပေးကြရပါမည်။ မပျက်မကွက် ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲတွေပေးကြစေလို”**

### ခရီးသွားရန်ရှိသည့်မဲဆန္ဒရှင်များ

ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ မိမိနှင့်သက်ဆိုင်သည့် မဲဆန္ဒနယ်၏ ပြင်ပသို့ ခရီးသွားရန်ရှိသူတစ်ဦးဦးသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲထံ ကြိုတင်၍ဆန္ဒမဲပေးနိုင်သည်။ ယင်းသို့ မဲဆန္ဒနယ်၏ ပြင်ပသို့ခရီးသွားရန်ရှိကြောင်း ခိုင်လုံသော အထောက်အထား တင်ပြရန်လိုသည်။ ၎င်းမဲဆန္ဒရှင်များသည်လည်း ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ နှစ်ရက်အလိုဖြစ်သော နိုဝင်ဘာလ ၆ ရက်နှင့် ၇ ရက်နေ့များတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများသို့သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးကြရပါမည်။ ကြိုတင်ဆန္ဒမဲပေးပြီးမှသာ ခရီးသွားကြစေလိုပါသည်။

### နိုင်ငံတော်တာဝန်ဖြင့် ခရီးသွားလာမည့် မဲဆန္ဒရှင်များ

နိုင်ငံတော်တာဝန်ဖြင့် ခရီးသွားလာရန်ရှိသည့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အဖွဲ့အစည်းဝင်များ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲတာဝန်ထမ်းဆောင်ရန်အတွက် ကြိုတင်ဆန္ဒမဲပေးရန်အမှန်တကယ် လိုအပ်သူများအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကို ၂၉ - ၁၀ -၂၀၂၀ ရက်နေ့မှ ၇ - ၁၁ - ၂၀၂၀ ရက်နေ့အထိ နေ့စဉ် နံနက်၈ နာရီမှ ညနေ ၆ နာရီအတွင်း သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပါသည်။ ခရီးထွက်ခွာမသွားမီ ကြိုတင်ဆန္ဒမဲများ ပေးသွားကြရန် ဖြစ်ပါသည်။

### အသက် ၆၀နှစ်နှင့်အထက် အသက်ရွယ်ရှိ မဲဆန္ဒရှင်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၅၄ အရ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားနေမှုအခြေအနေကြောင့် Stay at Home မြို့နယ်အဖြစ် သတ်မှတ်ထားသည့် မြို့နယ်များနှင့် လူဦးရေထူထပ်သော မြို့နယ်များ ၁ စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ နှင့် အထက်တွင် နေထိုင်သော ရောဂါကူးစက်ခံရမှု လွယ်ကူနိုင်သည့် အသက် ၆၀နှစ်နှင့်အထက်ရှိသူ မဲဆန္ဒရှင်များကို နေအိမ်တွင်ပင် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် စီစဉ်ထားရှိပါသည်။ အဆိုပါ မဲဆန္ဒရှင်များ နေထိုင်ရာ နေအိမ်များသို့ ကြိုတင်ဆန္ဒမဲကောက်ယူရေးအဖွဲ့များသည် ၂၉ - ၁၀ - ၂၀၂၀ ရက်နေ့မှ ၅ - ၁၁ - ၂၀၂၀ ရက်နေ့အတွင်း သွားရောက်၍ ကြိုတင်ဆန္ဒမဲများရယူကြမည်ဖြစ်သဖြင့် အသင့်ရှိနေကြရပါမည်။

Stay at Home အဖြစ် သတ်မှတ်ထားသော မြို့နယ်များနှင့် လူဦးရေထူထပ်သော မြို့နယ်များမှအပ ကျန်ရှိသော မြို့နယ်များတွင် နေထိုင်ကြသော အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ရှိမဲဆန္ဒရှင်များသည်လည်း ၂၉ - ၁၀ -၂၀၂၀ ရက်နေ့မှ ၅ - ၁၁ -၂၀၂၀ ရက်နေ့အတွင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲများ ပေးနိုင်ကြပါသည်။

### Quaratine Center များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ Quaratine Center များတွင် Quaratine ဝင်ရောက်နေသူများအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကို Quaratine Center တည်ရှိရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများအား အဆိုပါမဲဆန္ဒရှင်များထံမှ ပုံစံ (၁၅) များ တောင်းခံရယူခြင်း၊ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ဆက်သွယ်၍ လိုအပ်သည်များ ဆောင်ရွက်ခြင်း၊ ဆန္ဒမဲလက်မှတ်များ လက်ခံရယူခြင်း၊ ကြိုတင်ဆန္ဒမဲများရယူခြင်း၊ ကြိုတင်ဆန္ဒမဲများ စနစ်တကျ ပြန်လည်ပေးပို့ခြင်း လုပ်ငန်းအစီအစဉ်များကို စီမံထားရှိပါသည်။

### မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ

ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှု အခြေအနေအရ သက်ဆိုင်ရာက ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်များကိုလိုက်နာဆောင်ရွက်နေထိုင်ကြရသဖြင့် မိမိ၏မဲစာရင်းပါရှိရာ မဲဆန္ဒနယ်သို့ပြန်၍ ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒနယ် ပြင်ပရောက်မဲဆန္ဒရှင်များ မိမိတို့ ရောက်ရှိနေသော ဒေသရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသို့ ဆက်သွယ်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ပုံစံ (၁၅) များ ရယူလျှောက်ထား နိုင်ကြသည်။ ပုံစံ (၁၅) လက်ခံရရှိသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အဆိုပါ မဲဆန္ဒရှင်၏ မဲစာရင်းပါရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ပြီး ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ထားပါသည်။

### ကြိုတင်ဆန္ဒမဲပေးသူများသတိပြုရန်

ကြိုတင်မဲပေးမည့်မဲဆန္ဒရှင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီဖြစ်စေရေးအတွက် ဆန္ဒမဲပေးရာတွင် ပါးစပ်၊ နှာခေါင်းစည်းနှင့် မျက်နှာအကာ (Mask၊ Face Shield)များ စနစ်တကျတပ်ဆင်လာရန်၊ Social Distancing နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်ရန်နှင့် ကိုယ်အပူချိန်တိုင်းတာခြင်း လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင်လည်း ပါးစပ်၊ နှာခေါင်းစည်းများ၊ ရေမလိုလက်သန့်ဆေးရည်များကို စနစ်တကျသုံးစွဲနိုင်ရန် ထားရှိပေးပါမည်။

### မဲရုံသွားလို့ မဲပေးကြပါစို့

အထက်တွင်ဖော်ပြခဲ့သည့် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များမှအပ ကျန်ရှိသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် မိမိတို့မဲစာရင်းပါရှိရာ မဲရုံများသို့ ကိုယ်တိုင်သွားရောက်၍ ကိုယ်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို ကိုယ်တိုင်ရွေးချယ်ကာ ကိုယ်စီကိုယ်စီ ဆန္ဒမဲပေးကြရပါမည်။ မပျက်မကွက် ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲတွေပေးကြစေလိုပါသည်။

### ရှုထောင့်ပေါင်းစုံ

နိုင်ငံတော်နှင့် ပြည်သူတို့အတွက် လွန်စွာအရေးကြီးသည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးကြစေလိုသည်။ မိမိတို့၏ အခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ စီမံဆောင်ရွက်ထားရှိရာ မဲဆန္ဒရှင်အားလုံး မိမိတို့နှင့် သက်ဆိုင်သည့် အခြေအနေတွင် စုံစုံညီညီဆန္ဒမဲပေးကြရန် ဖြစ်ကြောင်းပါဗျာ။

- **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ သတ်မှတ်ချက်များနှင့်အညီ ဆန္ဒမဲပေးနိုင်ကြပါစေ၊**
- **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စနစ်တကျ ဆန္ဒမဲများရယူနိုင်ကြပါစေ၊**
- **ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ကြပါစေ။**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စငေါ်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းဖွင့်ပွဲကျင်းပ

**ဟိုပုံး အောက်တိုဘာ ၂၉**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံး -စငေါ် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၃.၅ မိုင်နှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ စငေါ်ဓာတ်အားခွဲရုံဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ယခုဆိုရင် နိုင်ငံ ဓာတ်အားစနစ်ကနေပြီး ၂၄ နာရီပတ်လုံး ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း၊ စငေါ်ကျေးရွာအုပ်စုကို ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၃ ဒသမ ၅ မိုင်နှင့် ၃၃/၁၁ ကေဗွီအေဓာတ်အားခွဲရုံတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၀၅၀ ဒသမ ၉၉၉ သန်း အကုန်အကျခံကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၂၀၁၆ ခုနှစ်တွင် (၁၆၅) မဂ္ဂါဝပ် သုံးစွဲနိုင်ခဲ့ရာမှ ယခု ၂၀၂၀ ပြည့်နှစ်တွင် (၂၅၆) မဂ္ဂါဝပ်အထိ တိုးတက်သုံးစွဲလာနိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ၁၃၂ ကေဗွီဓာတ်အားခွဲရုံကို ၂၃၀ ကေဗွီအဆင့် တိုးချဲ့တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ပို့လွှတ်ပြီးဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်း ( ၅၀ ရာခိုင်နှုန်း )အထိ လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ရှမ်းပြည်နယ်အတွင်း မြို့/မြို့နယ်ပေါင်း ၈၆ မြို့၊ ကျေးရွာပေါင်း ၁၃၇၈၂ ရွာနှင့် အိမ်ထောင်စုပေါင်း ၁၆၉၅၆၉ စုတို့ ရှိသည့်အနက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ မြို့/ မြို့နယ်ပေါင်း ၈၆ မြို့၊ ကျေးရွာပေါင်း ၄၆၇၂ ရွာနှင့် အိမ်ထောင်စုပေါင်း ၅၅၇၅၆၉ စုတို့အား နိုင်ငံတော်ဓာတ် အားစနစ်မှ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ်တွင် ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေကျပ်သန်းပေါင်း (၄၁,၁၀၀)ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ပြီးပါက ကျေးရွာပေါင်း ၁၆၉ ရွာ၊ အိမ်ထောင်စုပေါင်း ၁၅၅၃၉ စုအား တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာဖြစ်ပြီး ယနေ့ကျင်းပသည့် ၃၃ ကေဗွီ ဟိုပုံး-စငေါ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဖွင့်ပွဲသည် ဟိုပုံးမြို့နယ်၊ မဲနယ်တောင်ဒေသ ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့် နေ့တစ်နေ့ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ဓာတ်အားခွဲရုံအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ ပြည်နယ်လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှန်တစ်လုံ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

၎င်းနောက် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျောက္ကချားကျေးရွာရှိ ၁၁ ကေဗွီဓာတ်အားလိုင်းကို ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က ဖွင့်လှစ်ပေးကြပြီး ဗန်းစောက်ကျေးရွာတွင် ၄၀၀ဗို့အားလိုင်းကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခွန်အောင်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**



စငေါ်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းဖွင့်ပွဲ ကျင်းပစဉ်။

# နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းပိုင်းတွင် လမ်းလွှဲအသစ်ဖောက်လုပ်နိုင်ရန် ဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေး

**တနိုင်း အောက်တိုဘာ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်တွင် အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် တဝမ်ချောင်းရေမြင့်တက်လာကာ နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း ရေတိုက်စားခံရခြင်းနှင့် လမ်းကျော်ခြင်းဖြစ်ပွားခဲ့သည့်နေရာတွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့သည့်အတွက် လမ်းလွှဲအသစ်ဖောက်လုပ်နိုင်ရန် အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက သက်ဆိုင်ရာတာဝန်ရှိသူများမှ သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖြစ်ပေါ်လာနိုင်သည့်အခက်အခဲများ**

အဆိုပါရေတိုက်စားခံရမှုဖြစ်ပွားခဲ့သည့်နေရာအား မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူးဦးခေါင်လန်ဒီး၊ ကချင်ပြည်နယ်လမ်း ဦးစီးဌာနညွှန်ကြားရေးမှူးဦးတင်မောင်အုံး၊ ပြည်နယ်ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်ထွေးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်လွင်တို့သည် နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း 152 KMနှင့်153KMကြားရှိ လမ်းပိုင်းရေတိုက်စား/လမ်းရေကျော်ပျက်စီးမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေးခြင်း၊ တဝမ်ချောင်းရေစီးဆင်းမှု၊ ရေလမ်းကြောင်း ပြောင်းလဲစီးဆင်းနေမှု အခြေအနေအရ ရေလမ်းကြောင်းပြောင်းလဲဖောက်လုပ်မည့်နေရာသို့ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် စက်လှေဖြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တနိုင်းမြို့နယ် လမ်းဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုင်းအောင်မျိုးညွန့်၊ ဦးစီးသောအဖွဲ့မှ ယာဉ်ယန္တရားများအသုံးပြုကာ လမ်းလွှဲဖောက်လုပ်နေမှုအခြေအနေနှင့်တံတားဆောက်လုပ်မည့်နေရာတို့အား မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့်အခက်အခဲများကို ကြိုတင်သိရှိဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မောင်အုံးက လမ်းညွှန်မှာကြားမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းထင်ကျော်(ပြန်/ဆက်)**



နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းပိုင်း လမ်းလွှဲအသစ်ဖောက်လုပ်နိုင်ရန် ကွင်းဆင်းစစ်ဆေးစဉ်။

# ရန်ကုန်မြို့သို့ သွားရောက်မည့်ကျန်းမာရေးသူနာပြု ဝန်ထမ်း ၄၀ အတွက် ငွေသားကျပ်သိန်း ၈၀ ထောက်ပံ့လှူဒါန်း

**တောင်ကြီး အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီက ရှမ်းပြည်နယ်ရှိ ရန်ကုန်မြို့သို့ သွားရောက် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးသူနာပြုဝန်ထမ်း ၄၀ အတွက် ထောက်ပံ့ငွေကျပ်သိန်း ၈၀ ထောက်ပံ့လှူဒါန်းပွဲကို အောက်တိုဘာ ၂၈ ရက်က မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ ဘောဇနဆောင် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ လှူဒါန်းပွဲကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင် ရှမ်းပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ပထမအကြိမ်တွင် ရန်ကုန်မြို့သို့ သွားရောက် တာဝန်ထမ်းဆောင်မည့်ကျန်းမာရေးသူနာပြုဝန်ထမ်း ၇၅ ဦးအတွက်နှင့် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးရှိ ဓာတ်ခွဲခန်းအတွက် ကျပ်သိန်း၂၀၀ ကိုလည်းကောင်း၊ ဒုတိယအကြိမ်ရှမ်းပြည်နယ်မှ ကျန်းမာရေးသူနာပြုဝန်ထမ်း ၂၀ အတွက် ကျပ်သိန်း ၄၀ ကိုလည်းကောင်း၊ တတိယအကြိမ် ရှမ်းပြည်နယ်မှ ကျန်းမာရေး သူနာပြုဝန်ထမ်း ၄၀ အတွက် ကျပ်သိန်း ၈၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။ ရှမ်းပြည်နယ်မှ ကျန်းမာရေးသူနာပြု ဝန်ထမ်းတစ်ဦးလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် လှူဒါန်းထောက်ပံ့ပေးသည်။

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီနှင့် ကမ္ဘောဇဘဏ်လီမိတက်တို့ ပူးပေါင်းလှူဒါန်းခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးတွင် ကိုရိုနာဗိုင်းရပ်စ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်သွားရောက်အားဖြည့်ကြသည့် ရှမ်းပြည်နယ်မှ ကျန်းမာရေးသူနာပြုဝန်ထမ်း ၇၅ ဦးအတွက် အလှူငွေကျပ်သိန်း ၁၅၀ နှင့်ဒုတိယအကြိမ် ရှမ်းပြည်နယ်မှ ကျန်းမာရေးသူနာပြုဝန်ထမ်း ၂၀ အတွက် အလှူငွေကျပ်သိန်း ၄၀၊ စဝ်စံထွန်း ပြည်သူဆေးရုံကြီး ဓာတ်ခွဲခန်းအတွက် အလှူငွေကျပ် သိန်း၅၀၊ တတိယအကြိမ်ရှမ်းပြည်နယ်မှ ကျန်းမာရေးသူနာပြုဝန်ထမ်း ၄၀ အတွက် ကျပ်သိန်း ၈၀ ကို ထပ်မံလှူဒါန်းခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# စိုက်ပျိုးရေးသွင်းအားစုများ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်လျှောက်ထားမှု ရှေ့ပြေးစမ်းသပ်

**နေပြည်တော် အောက်တိုဘာ ၂၉**

အွန်လိုင်းစနစ် မှတ်ပုံတင် လျှောက်ထားမှု ရှေ့ပြေး စမ်းသပ်မှု အစီအစဉ် မိတ်ဆက်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၇ ရက် က Web Conferencing စနစ်ဖြင့် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ Manager Ms. Paramita Dasgupta, မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၂၉ ဦးတို့က သက်ဆိုင်ရာဒေသများမှ Zoom Application အသုံးပြု၍ တက်ရောက်ကြသည်။

**မေးမြန်းဆွေးနွေး**

ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး ဦးဗညားအောင်က မြန်မာစိုက်ပျိုးရေးသွင်းအားစုများအွန်လိုင်းစနစ်မှတ်ပုံတင်ခြင်း (Myanmar Agricultural Inputs Registration System-MAIRS) ဆောင်ရွက်ပုံအဆင့်ဆင့်ကို သရုပ်ပြ ရှင်းလင်း ပြောကြားရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။ **(ယာပုံ)**

မြန်မာ စိုက်ပျိုးရေး သွင်းအားစုများ အွန်လိုင်းစနစ်မှတ်ပုံတင် (MAIRS)ကို In Partnership with Australian and UK Aid ဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်အုပ်စုတို့၏ ကူညီပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးသွင်းအားစုများဖြစ်သော မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးများကို အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင် လျှောက်ထားခြင်း၊ တင်သွင်း/တင်ပို့ခွင့် ထောက်ခံချက် လျှောက်ထားခြင်း စသည့်လုပ်ငန်းများကို https://mairs.doa.gov.mm/ ဝက်ဘ်ဆိုက်စာမျက်နှာပေါ်သို့ ဝင်ရောက်၍ အွန်လိုင်းပေါ်မှ အလွယ်တကူဆောင်ရွက် နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**



○ *ကျောဖုံးမှ*

လိဒ်စ်အသင်းတို့ကို အနိုင်ရရှိထားသည်။ ပဲလေ့စ်အသင်းကလည်း နောက်ဆုံးငါးပွဲတွင် မန်ယူအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ကို အနိုင်ရရှိထားပြီး အဲဗာတန်အသင်းနှင့် ချယ်ဆီးအသင်းတို့ကို ရှုံးနိမ့်ထားကာ ဘရိုက်တန်အသင်းကို သရေကျထားသည်။ အမှတ်ပေးဇယားရပ်တည်မှုတွင် ပဲလေ့စ်အသင်းက ဂိုးကွာခြားချက်အသာဖြင့် ဝုဖ်အသင်းအထက် အဆင့်(၈)နေရာတွင် ရပ်တည်နေသည်။ ဝုဖ်အသင်းသည် အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားထားသည့် နောက်ဆုံးသုံးပွဲတွင် ဂိုးသွင်းယူထားနိုင်သည်။ ထို့ကြောင့် ယခုပွဲတွင်လည်း ဝုဖ်အသင်း ဂိုးသွင်းယူနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

ဝုဖ်အသင်း၏ တိုက်စစ်ပိုင်းတွင် ဒန်နီရယ် ပိုးဒန့်စ်ရှိနေကာ ငါးပွဲကစားပြီး ဂိုးရရှိအောင် နှစ်ကြိမ် ပံ့ပိုးပေးထားနိုင်သည်။ ပဲလေ့စ် တိုက်စစ်ကစားသမား ဇာဟာကလည်း ခြောက်ပွဲကစားပြီး ငါးဂိုးအထိ သွင်းယူထားနိုင်ကာ ဂိုးရရှိအောင် တစ်ကြိမ် ဖန်တီးပေးထားနိုင်သည်။ ထို့အပြင် ဝုဖ်အသင်း၏ ဂိုးသမားဖြစ်သူ ပက်ထရီစီယိုသည် ပါဝင်ကစားထားသည့် ခြောက်ပွဲတွင် ဂိုးမပေးရအောင် သုံးပွဲအထိ ကာကွယ်ထားနိုင်ပြီး ပဲလေ့စ် ဂိုးသမားဖြစ်သူ ဂူယေတာတာက ဂိုးမပေးရအောင် တစ်ပွဲသာလျှင် ကာကွယ်ထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

ဝုဖ်အသင်းရော ပဲလေ့စ်အသင်းပါ ယခုပွဲတွင် အနိုင်ရရှိပါက ရမှတ် ၁၃ မှတ်အထိ စုဆောင်းသွားနိုင်မည်ဖြစ်သည့်အတွက် အမှတ်ပေးဇယားအဆင့် (၃) နေရာအထိ ယာယီတက်လှမ်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ယခုပွဲစဉ်သည် ပြိုင်ဆိုင်မှုမြင့်ဆိုင်လာဖွယ်ရှိနေသည့်အတွက် ပရိသတ် အကြိုက်တွေ့စေမည့် ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။

အဆိုပါ နှစ်သင်း၏ ယမန်နှစ်က ထိပ်တိုက်တွေ့ဆုံမှုကို ပြန်ကြည့်လျှင် ပဲလေ့စ်အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့စဉ်က တစ်ဖက်တစ်ဂိုးစီ သရေကျထားပြီး ဝုဖ်အိမ်ကွင်းတွင် ပဲလေ့စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ သို့သော်လည်း ယခုနှစ်တွင် တိုက်စစ်ပိုင်း၊ ကွင်းလယ်ပိုင်းထက်မြက်နေသည့် ပဲလေ့စ်အသင်းကို ဝုဖ်အသင်းအနေဖြင့် မည်သို့ယှဉ်ပြိုင်ကစားသွားမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ထိပ်တိုက်တွေ့ဆုံမှုခြောက်ကြိမ်တွင် ပဲလေ့စ်အသင်းက သုံးကြိမ်အနိုင်ရရှိထားပြီး ဝုဖ်အသင်းက နှစ်ကြိမ်ပြန်လည်အနိုင်ရရှိထားကာ တစ်ကြိမ်သရေကျထားသည်ကို တွေ့ရသည်။ ပဲလေ့စ်အသင်းမှ အယူး၊ ဖာဂူဆန်နှင့် ဘတ်လန်းတို့ ဒဏ်ရာကြောင့် ယခုပွဲစဉ်ကို ပါဝင်လာနိုင်ဖွယ်မရှိသလို ဝုဖ်အသင်းကလည်း ကက်စထရို ပါဝင်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။ အဆိုပါ ပွဲစဉ်ကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် မာတင် အတ်ကင်ဆန်က တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည်။

ယခုပွဲစဉ်ကို အနိုင်ရရှိမည့်အသင်းအနေဖြင့် အမှတ်ပေးဇယားအဆင့် (၃) နေရာအထိ ယာယီတက်လှမ်းနိုင်မည် ဖြစ်သည့်အတွက် မည်သည့်အသင်းက အနိုင်ရရှိသွားမလဲ ကြည့်ရှုရမည်ဖြစ်သည်။ ဝုဖ်အသင်းသည် ယခုပွဲစဉ်ပြီးလျှင် လက်စတာအသင်းနှင့် နိုဝင်ဘာ ၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပဲလေ့စ်အသင်းက နိုဝင်ဘာ ၇ ရက်တွင် လိဒ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**အောင်ဇော်**

## အောင်လအန်ဆန်၏ ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ ယနေ့ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာ MMA ကစားသမား အောင်လအန်ဆန်၏ ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲကို အောက်တိုဘာ ၃၀ ရက် **(ယနေ့)** ညပိုင်းတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး နယ်သာလန်နိုင်ငံသား ဒီရစ်ဒါနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

အောင်လအန်ဆန်၏ ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲပါဝင်သည့် Inside The Matrix အမည်ရပြိုင်ပွဲကို မြန်မာစံတော်ချိန် ည ၇ နာရီမှစတင်ကာ ကျင်းပမည်ဖြစ်ပြီး ချန်ပီယံလုပွဲလေးပွဲနှင့် စိန်ခေါ်ပွဲနှစ်ပွဲ ပါဝင်မည်ဖြစ်သည်။ ONE Championship ၏ နာမည်ကြီးကစားသမားအများစု ပါဝင်လာသည့်ပြိုင်ပွဲဖြစ်ပြီး ယခုနှစ်အတွင်း ကျင်းပသည့် ပြိုင်ပွဲများအနက် ကမ္ဘာ့ချန်ပီယံလုပွဲလေးပွဲအထိ ပါဝင်နေရာ စိတ်ဝင်စားစရာ အကောင်းဆုံးပြိုင်ပွဲလည်းဖြစ်သည်။ အောင်လအန်ဆန်မှာလည်း ၎င်းရရှိထားသည့် ကမ္ဘာ့ချန်ပီယံဆုများအနက် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ကာကွယ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် လေးပွဲမြောက် ထိုးသတ်ခြင်းဖြစ်ပြီး အနိုင်ရရန် အကောင်းဆုံးပြင်ဆင်ထားကြောင်း သိရသည်။ ပြိုင်ဘက် ဒီရစ်ဒါမှာလည်း ၁၂ ပွဲစလုံး အနိုင်ရထားပြီး ရှုံးပွဲမရှိသေးရာ အောင်လအန်ဆန်အတွက် ပြိုင်ဘက်ကောင်း ဖြစ်လာနိုင်သည်။


Inside The Matrix ပြိုင်ပွဲတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ အောင်လအန်ဆန်နှင့် စိန်ခေါ်သူ ဒီရစ်ဒါ၊ လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ ခရစ္စတီယန်လီနှင့် စိန်ခေါ်သူ လာပီကတ်စ်၊ ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ မာတင်ငုယင်နှင့် စိန်ခေါ်သူ ထရန်လီ၊ အမျိုးသမီး စထရောဝိတ်တန်းကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ ရှောင်ကျင်နန်နှင့် စိန်ခေါ်သူ တက်ဖနီတီယိုတို့ ထိုးသတ်မည်ဖြစ်သည်။ စိန်ခေါ်ပွဲနှစ်ပွဲအဖြစ် လိုက်ဝိတ်တန်းတွင် ဖိုလာရန်နှင့် အန်တိုနီယို၊ အမျိုးသမီးပွဲစဉ်တွင် ရီတူဖိုဂတ်နှင့် ဆရီပိုဗ်တို့ ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။ **ညီမြတ်သော်တာ**

# နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကုမာရ အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ(ပါဠိ) မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ကညင်ချောင်းကျေးရွာ သဒ္ဓမ္မဝေဒဂူ စာသင်တိုက်ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာပဏ္ဍိတ) သာသနဓဇသိရီပဝရဓမ္မာစရိယ(ပါဠိ) မဟာထေရ်မြတ်ကြီးသည် သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၆)ဝါအရ ၁၃၈၂ -ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၃)ရက်၊ (၂၉-၁၀-၂၀၂၀)၊ ကြာသပတေးနေ့၊ နေ့လယ် (၁:၃၅) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## နိုင်ငံတော်ဩဝါဒါစရိယ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ကညင်ချောင်းကျေးရွာ၊ သဒ္ဓမ္မဝေဒဂူ စာသင်တိုက်ဆရာတော်ဘဒ္ဒန္တကုမာရ အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ(ပါဠိ)၏ ထေရုပ္ပတ္တိအကျဉ်း



| | |
|---|---|
| **ဖွားမြင်တော်မူခြင်း** - | ဆရာတော်လောင်းလျာသည် ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ ပေါင်ဖွဲ့ကျေးရွာ၊ ခမည်းတော် ဦးညီသာ၊ မယ်တော် ဒေါ်မဆင်တို့မှ ၁၂၈၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၃)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။ |
| **ရှင်ရဟန်းပြုတော်မူခြင်း** - | ဆရာတော်လောင်းလျာသည် ၁၂၉၈ ခုနှစ်၊ တပေါင်းလဆန်း (၅) ရက်၊ မာန်အောင်မြို့နယ်၊ မြတ်မချောင်ကျေးရွာ၊ ဆရာတော်ဦးကေလာသကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၀၈ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၃)ရက်နေ့တွင် မာန်အောင်မြို့နယ်၊ သင်္ဂဇာကျေးရွာကျောင်းဝင်းအတွင်းရှိ ခဏ္ဍသိမ်တော်၌ ဘဒ္ဒန္တနန္ဒိယကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ |
| **ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း** - | ဆရာတော်သည် မာန်အောင်မြို့နယ် ရေနံ့ပြင်ကျေးရွာဆရာတော် ဦးကောသလ္လ၊ မြို့မကျောင်းသစ်ဆရာတော် ဘဒ္ဒန္တ ဝိဇယ၊ ပေါင်ဖွဲ့ရွာဆရာတော် ဦးစိတြ၊ ရန်ကုန်မြို့၊ မင်္ဂလာသုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေသရ၊ ဘဒ္ဒန္တဝါသဝပဏ္ဍိတ၊ ဘဒ္ဒန္တသုဇာတာ လင်္ကာရ ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယ(ပါဠိ) ဘွဲ့ကို ရရှိခဲ့ပါသည်။ |
| **သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း** - | ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ၁၃၄၂ ခုနှစ်မှ စတင်၍ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဩဝါဒါစရိယတာဝန်များကို ဆောင်ရွက်ခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ဘာဏကဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ စာသင်သားသံဃာတော်တို့ကို စာပေများ ပို့ချတော်မူခြင်း၊ တရားဟောခြင်း၊ တရားပြသခြင်း၊ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ အဆင့်မြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ အဘိဓမ္မာသင်တန်းတို့ကို ပို့ချတော်မူခြင်း၊ အစိုးရဝိသုဒ္ဓိမဂ်၊ ဋီကာကျော်စာမေးပွဲဝင် သင်တန်းသား/သူတို့အား စာပေများ ပို့ချခြင်းစသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ |
| **ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း** - | ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်း၊ အများပြည်သူ ရဟန်းရှင် လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိ ဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့်ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ(၃)ပါးတို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ၂၀၀၈ ခုနှစ်တွင် **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ |
| **ဘဝနတ်ထံပျံလွန်တော်မူခြင်း** - | ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါအရ ၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၃)ရက်၊ ၂၉-၁၀-၂၀၂၀ ရက်နေ့၊ ကြာသပတေးနေ့၊ နေ့လယ်(၁:၃၅) နာရီအချိန် တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ |

**သတင်းစဉ်**

## မန်ယူနှင့် ချယ်ဆီးတို့ ဂိုးပြတ်အနိုင်ယူခဲ့သည့် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၂)

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၂) ဒုတိယနေ့ ပွဲစဉ်များကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ဇ)မှ အင်္ဂလန်မြေ အိုးထရတ်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် မန်ယူနှင့် လိုက်ပ်ဇစ်ပွဲတွင် ငါးဂိုး-ဂိုးမရှိဖြင့် မန်ယူအသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်မန်ယူသည် ပထမပိုင်းပွဲချိန် ၂၁ မိနစ်တွင် ပေါ့ဂ်ဘာ၏ဖန်တီးမှုမှတစ်ဆင့် ဂရင်းဝုဒ်က အဖွင့်ဂိုးသွင်းယူခဲ့ပေးခဲ့သည်။ မန်ယူအတွက် ထပ်မံအနိုင်ဂိုးများကို ဒုတိယပိုင်း ၇၄ မိနစ်၊ ၇၈ မိနစ်နှင့် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို နှစ်မိနစ်တွင် ရက်ဖို့ဒ်က ဟက်ထရစ် သွင်းယူခဲ့ပြီး ၈၇ မိနစ်တွင် မာရှယ်လ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲတွင် ဧည့်သည် လိုက်ပ်ဇစ်က ဘောလုံးပိုင်ဆိုင်မှု အနည်းငယ် အသာစီးရရှိခဲ့သော်လည်း ဂိုးကန်သွင်းခွင့် ကိုးကြိမ်ရရှိကာ နှစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ယင်းအုပ်စုမှ ပွဲစဉ်တစ်ပွဲဖြစ်သော အစ္စတန်ဘူလ်နှင့် ပီအက်စ်ဂျီပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ပီအက်စ်ဂျီအသင်း အဝေးကွင်းနိုင်ပွဲ ရရှိခဲ့သည်။ အုပ်စု(ဇ) ရပ်တည်မှုတွင် မန်ယူက ရမှတ်ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး ပီအက်စ်ဂျီနှင့် လိုက်ပ်ဇစ်က သုံးမှတ်စီ ရရှိထားကာ အစ္စတန်ဘူလ်က အမှတ်မရရှိသေးပေ။

ချန်ပီယံလိဂ် အုပ်စု(င)မှ ရုရှားမြေတွင် ယှဉ်ပြိုင်ခဲ့သည့် ခရက်စ်နိုဒါနှင့် ချယ်ဆီးပွဲတွင် အဝေးကွင်း၌ ချယ်ဆီးအသင်း လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် ပွဲချိန် ၁၄ မိနစ်၌ ချယ်ဆီးအသင်း ပယ်နယ်တီ အခွင့်အရေးရရှိသော်လည်း ဂျော်ဂျင်ဟို ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ဘဲ ချယ်ဆီးအတွက် အနိုင်ဂိုးများကို ၃၇ မိနစ်တွင် အိုဒွိုင်း၊ ၇၆ မိနစ်တွင် ပယ်နယ်တီမှ တီမိုဝါနာ၊ ၇၉ မိနစ်တွင် ဇီယက်စ်နှင့် မိနစ် ၉၀ တွင် ပူလီဆစ်တို့က သွင်းယူခဲ့သည်။ ယင်းအုပ်စု၏ ပွဲစဉ်တစ်ပွဲဖြစ်သော ဆီဗီလာနှင့် ရန်းနက်စ်ပွဲတွင် စပိန်မြေ၌ ဆီဗီလာအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(င) ရပ်တည်မှုတွင် ချယ်ဆီးနှင့် ဆီဗီလာမှာ လေးမှတ်စီရရှိထားပြီး ဂိုးကွာခြားချက်ဖြင့် ချယ်ဆီးက ဦးဆောင်ထားရာ ရန်းနက်စ်နှင့် ခရက်စ်နိုဒါက တစ်မှတ်စီ ရရှိထားသည်။

ချန်ပီယံလိဂ် အခြားပွဲစဉ်ရလဒ်များအဖြစ် အုပ်စု(စ)မှ ဒေါ့မွန်က ဇင်းနစ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ကလပ်ဘရုနှင့် လာဇီယိုက တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။ ယင်းအုပ်စုတွင် လာဇီယိုနှင့် ကလပ်ဘရုက လေးမှတ်စီရရှိထားပြီး ဒေါ့မွန်က သုံးမှတ်နှင့် ဇင်းနစ်က အမှတ်မရရှိသေးပေ။

အုပ်စု(ဆ)တွင် ဖာရန်စီ ဗာရိုစ်နှင့် ဒိုင်နမိုကိဗ်မှာ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့ပြီး အီတလီမြေတွင် ဘာစီလိုနာက ဂျူဗင်တပ်စ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စု ရပ်တည်မှုတွင် ဘာစီလိုနာက ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး ဂျူဗင်တပ်စ်က သုံးမှတ်၊ ဒိုင်နမိုကိဗ်နှင့် ဖာရန်စီဗာရိုစ်က တစ်မှတ်စီရရှိထားသည်။

**သီဟ**

# မိုင်းဖြတ်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ မဲရုံသုံးပစ္စည်းများထုတ်ပေး

**မိုင်းဖြတ် အောက်တိုဘာ ၂၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေး စီမံခန့်ခွဲရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများအနေဖြင့် မဲရုံများကို နိုဝင်ဘာ ၅ ရက်နေ့ အပြီးဆောင်ရွက်ရေး၊ မဲရုံသုံးပစ္စည်းများကို စနစ်တကျထုတ်ပိုးသယ်ဆောင်နိုင်ရေး၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ရပ်ကျေးကော်မရှင်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် အထူးရဲများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းမှာကြားသည်။



ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်မြတ်မိုးက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ၊ ကြိုတင် ဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ကြိုတင် မဲဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ကျော်မျိုးဇော်က ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံအဖွဲ့ဝင်များအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများကို စနစ်တကျဝတ်ဆင် အသုံးပြုနိုင်ရေး၊ မဲဆန္ဒရှင်များကို နှာခေါင်းစည်းများ အခမဲ့ဝေငှပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲ ကော်ရှင်အဖွဲ့ဝင်များက မဲရုံများကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြပြီးနောက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်မြတ်မိုးက မဲပေးပုံ အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသခဲ့သည်။ ထို့နောက် မဲရုံ မှူး၊ ဒုမဲရုံမှူး၊ အထူးရဲများ၊ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့များထံ မြို့နယ်အတွင်းရှိ မဲရုံပေါင်း ၃၉ ရုံအတွက် မဲရုံသုံး ပစ္စည်းများကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**



ကျန်းမာရေးမကောင်းသူများနှင့် အသက် ၆၀နှင့် အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းကို အောက်တိုဘာ၂၉ ရက်မှ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ရာ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်တွင် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှ အိမ်တိုင်ရာရောက် ကြိုတင်ဆန္ဒမဲများ လိုက်လံကောက်ယူစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ပေါင်မြို့နယ် ကျေးရွာ ၁၅၅ ရွာ၌ သောက်သုံးရေ အရည်အသွေးစစ်ဆေး

**ပေါင် အောက်တိုဘာ ၂၉**
မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၀ ရှိ ကျေးရွာပေါင်း ၁၅၅ ရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးလျက်ရှိသည့် အများသုံးနေရာများမှ ရေနမူနာရယူကာ စမ်းသပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထိုသို့စမ်းသပ်ရာတွင် ရေထဲတွင်ပါဝင်သော လူနှင့်တိရစ္ဆာန် အညစ်အကြေးခတ်ကြောင့် ဝမ်းပျက်ဝမ်းလျှော ဖြစ်စေတတ်သော အီးကိုလိုင် ဗက်တီးရီးယားပိုးများ ပါဝင်မှုရှိ/မရှိကို သိရှိနိုင်ရန် စမ်းသပ်ကိရိယာများဖြင့် ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ စက်တင်ဘာလ ဒုတိယအပတ်မှစ၍ စတင်ပြီးစမ်းသပ်လျက်ရှိရာ ကျေးရွာပေါင်း ၁၃၀ စစ်ဆေးပြီးစီးခဲ့ပြီး နိုဝင်ဘာလအတွင်း ကျန်ရှိသောကျေးရွာများအား အပြီးသတ်စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မိုးဝင်း(ကျေးလက်)**

# သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးမည်

**ခေါင်လန်ဖူး အောက်တိုဘာ ၂၉**
ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်တွင်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်း သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) စတင် ထိုးနှံပေးမည့်အကြောင်း အသိပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက်က ခေါင်လန်ဖူးမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခေါင်လန်ဖူးမြို့နယ် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဂွမ်ဆိုင်းလီက သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်း၊ HPV ကာကွယ်ဆေး အကြောင်း၊ ကျန်းမာရေးဌာနမှ သတ်မှတ်ထားသော သားအိမ်ခေါင်းကင်ဆာကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ အကြောင်းအရာများ၊ သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားခြင်းအကြောင်း၊ ရောဂါလက္ခဏာများအကြောင်းကို ရှင်းလင်း ပြောကြားသည်။



ထို့နောက် လက်ထောက်ကျန်းမာရေးမှူး ဦးသက်နိုင်ထွန်းက သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ HPV ကာကွယ်ဆေးကို မြို့ပေါ်ရပ်ကွက်ရှိ အသက်(၉)နှစ်မှ(၁၀)နှစ် မိန်းကလေးငယ် ခြောက်ဦးအား အောက်တိုဘာ ၂၈ ရက်မှ စတင်ထိုးနှံပေးခဲ့ပြီး (ဝဲပုံ) မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုမှ ရည်မှန်း အသက်အုပ်စုဝင် မိန်းကလေးငယ်များအား ဆက်လက် ထိုးနှံပေးသွားမည် ဖြစ်ကြောင်း မြို့နယ်ဆရာဝန်ကြီးဒေါက်တာ ဂွမ်ဆိုင်းလီထံမှ သိရသည်။ **ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**




**ယနေ့အောက်တိုဘာ ၂၉ တွင် အသက် ၆၀ နှင့်အထက် သက်ကြီးများ ကြိုတင်ဆန္ဒမဲပေးကြရာ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် မင်္ဂလာဇေယျုံ အလက (၄၇) တွင် ဖွင့်လှစ်ထားသော မဲရုံအမှတ် (၁) သို့ လာရောက်ဆန္ဒမဲပေးကြသည်ကို တွေ့ရစဉ်။** (အဆိုပါမဲရုံတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ အစီအမံများနှင့်အညီ ခင်းကျင်းထားရှိပြီး အဆိုပါမဲရုံ၏ ဆန္ဒမဲနယ်မြေအတွင်းရှိ သက်ကြီး ၂၅၀ ခန့်နှင့် နိုင်ငံ့ဝန်ထမ်းအချို့ ဆန္ဒမဲပေးကြကြောင်း၊ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်နှင့် မီးနေသည်များ၊ ရောဂါဝေဒနာရှင်များကို အိမ်တိုင်ရာရောက် ဆန္ဒမဲများ ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။)

**ကိုကိုနေ**

# ထိုင်းမှ နည်းပညာနှင့်မျိုးရယူပြီး ပုရစ်အကောင်သေးမျိုးများအား တစ်ပိုင်တစ်နိုင် စတင်မွေးမြူထားရာ ကိုဗစ်-၁၉ကာလ ဈေးကွက်လျော့နည်းသွားသဖြင့် မွေးမြူမှုလျှော့ထား

**ဘားအံ အောက်တိုဘာ ၂၉**
ကရင်ပြည်နယ် ဘားအံမွေးမြူရေးဇုန်အတွင်းတွင် ထိုင်းမှ နည်းပညာနှင့် မျိုးရယူပြီး ပုရစ်အကောင်သေးမျိုးများအား တစ်ပိုင်တစ်နိုင် စီးပွားဖြစ် စတင်မွေးမြူထားရာ ထိုင်းနိုင်ငံသို့ဈေးကွက်ရရှိနေပြီး ကိုဗစ်-၁၉ကာလ ဈေးကွက်လျော့နည်းသွားသဖြင့် မွေးမြူမှုလျှော့ထားရကြောင်း ပုရစ်အကောင်သေးမျိုး မွေးမြူသူ ဦးစောအိမ်တောထံမှ သိရသည်။

ပုရစ်အကောင်သေးမျိုးသည် ထိုင်းနိုင်ငံတွင် အစားများပြီး ကရင်ပြည်နယ် အတွင်း၌ ဈေးကွက်စတင်ဖြန့်ပေးနေသေးကြောင်း၊ ပုရစ်အကောင်ကြီးကဲ့သို့ စားသုံးမှုနည်းနေသေးကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်မှစတင်ကာ မျိုးဥများကို ထိုင်းမှ ယူဆောင်လာပြီး ဘားအံမြို့တွင်စတင်ကာ ၈ ပေ၊ ၃ ပေ အကျယ်ရှိသည့် လှောင်ကန်အတွင်း အဆိုပါပုရစ်များနေထိုင်ရန် နှစ်သက်သည့် အကြိုအကြားဖြစ်အောင် ကြက်ဥကတ်များ ထပ်စီမွေးမြူခဲ့ကြောင်း သိရသည်။

မွေးမြူပုံအဆင့်ဆင့်ကို ဦးစောအိမ်တော ရှင်းပြရာတွင် "ဥတွေကို ဖွဲပြာထည့်ထားတဲ့ ဗန်းထဲမှာ ဥဖောက်တယ်၊ ရာသီဥတုပူနွေးရင် ၂ရက်၊ ၃ရက်မှာ အကောင်ပေါက်ပြီ၊ လိုအပ်တဲ့အပူချိန်မရရင် ၇ ရက်လောက်မှာ အကောင်ပေါက်နိုင်တယ်။ အကောင်ပေါက်ပြီး ၄ ရက် ၅ ရက်ကြာရင် လှောင်ကန်ထဲ ထည့်သွင်း၍ ရေနဲ့ အစာမှုန့်စကျွေးတယ်။ တစ်လကြာရင် အကောင်ကြီးအဖြစ် အရွယ်ရောက်လာပြီး ပုရစ်အထီးတွေက ဖိုသံပေးလာတယ်။ အဲဒီကာလ တစ်လ၊ တစ်လခွဲ အရွယ်မှာဆိုရင် ဈေးကွက် သွင်းလိုကသွင်း၊ သားဖောက်လိုက ဖောက်နိုင်တယ်။ သားဖောက်မယ်ဆိုရင် သိသိသာသာ ခန္ဓာကိုယ်နဲ့ ဝမ်းဗိုက်စူဖြိုးနေတဲ့ အကောင်ဟာ ဥရှိနေတဲ့ အမများဖြစ်နေပြီး ဖွဲပြာမစိုမခြောက် ထည့်ထားတဲ့ ဗန်းထဲထည့်ပေး ထားရင် စတင်ဥတယ်။ အဲဒီ ဥဗန်းတွေကို နှစ်ရက်ကာလအတွင်း သားဖောက်မယ့်ကော်ပုံးကြီးထဲမှာ လှယ်ထည့်ပေးပြီးအကောင်ဖောက်ရပါတယ်။ ပုရစ်တစ်ကောင်ရဲ့ သက်တမ်းဟာ သုံးလခန့်ရှိတာမို့ ဥထုတ်သား ဖောက်ခြင်းကို နှစ်ကြိမ်ခန့် ပြုလုပ်တယ်။ အမများဥရှိနေရင် ကြော်စားရာမှာ ပိုစားကောင်းတာမို့ အဲဒီကာလ ရောင်းချရတယ်။ ပုရစ်တွေအတွက် အသီးအရွက်က အဓိက အစားအစာပါပဲ။ ငါးစာအမှုန့်လဲ ကျွေးတယ်။ ရောင်းချခါနီး တစ်ပတ်ခန့် အလိုမှာဆိုရင် ရောဂါပိုးမရှိရေးနဲ့ အကောင်ကြော်စားရာမှာ သန့်ရှင်းနေစေအောင်လို့ လှောင်ကန်ကို သန့်ရှင်းရေး လုပ်တယ်။ လှောင်ကန်ထဲမှာ အကြိုအကြားဖြစ်အောင် ထည့်ထားတဲ့ ကြက်ဥကတ်တွေကို ပေါင်းအိုးနဲ့ပိုးသတ်ပေါင်းတာတွေလုပ်ပြီး နေရာသစ်၊ ပြောင်းထည့်ပေးတယ်။ အဲဒီအချိန်မှာ ရွှေဖရုံသီး တစ်မျိုးတည်းပဲ ကျွေးမွေးတယ်၊ ဒါကတော့ ကျွန်တော်လုပ်တဲ့နည်းစနစ်ပါ။ ပုရစ်တွေအတွက် လှောင်အိမ်ကန်ကို သစ်သားစင်နဲ့ အောက်ခံငါးထပ်သား၊ ဘေးလေးဖက်ကို သွပ်ပြားနဲ့ အလုံပိတ်အပေါ်က နိုင်လွန်ဆန်ခါနဲ့ ပိတ်ထားရတယ်။ ကုန်ကျငွေကျပ် ၅၀၀၀၀၊ ပုရစ်များလုံခြုံရေးအတွက် လှောင်အိမ်ထဲ ပင့်ကူ၊ အိမ်မြှောင်၊ ကြွက်မဝင်အောင် ဂရုစိုက်ပေးရပါတယ်"ဟု ပြောသည်။

အဆိုပါ ပုရစ်များ ဈေးကွက်ဖြန့်နိုင်သည့်အခြေအနေအရ ပုရစ်မွေး လှောင်ကန် ၅၀ ခန့်မွေးမြူနိုင်ရန်လိုအပ်ကြောင်း၊ အဆိုပါ ပုရစ်အကောင်သေးမျိုးသည် တွင်းအောင်းပုရစ်ကြီးများထက် စားသုံးသူနည်းသေးကာ သားပေါက်အကြိမ်ရေများကြောင်းနှင့် ၄င်းတို့အနေဖြင့် ယခင်က ထိုင်းဈေးကွက်ထိ ဖြန့်နိုင်သော်လည်း ယခု ကိုဗစ်-၁၉ ကာလ ဈေးကွက်လျော့နည်းသွားသဖြင့် မျိုးမသုဉ်းရေးနှင့် ဒေသအတွင်း၌ ရောင်းနိုင်ရေးအတွက်သာ မွေးမြူမှုလျှော့ထားရကြောင်း ဘားအံမြို့တွင် တစ်ပိုင်တစ်နိုင်မွေးမြူလိုသူနှစ်ဦးကို မျိုးဖြင့် မွေးမြူခြင်းနည်းပညာ ပြန်လည်ဖြန့်ဝေပေးခဲ့ခြင်းရှိကြောင်း အဆိုပါ ပုရစ်မွေးမြူသူ ဦးစောအိမ်တောထံမှ သိရသည်။ **(အောက်ပုံ)** **နေမျိုးလွင်(ပြန်/ဆက်)**



## ကန့်ကွက်နိုင်ပါကြောင်း

ဇမ်းမော်မြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ် ၂၆၊ ဦးပိုင် ၇၂၊ ဧရိယာ ၀ ဒသမ၁၄၃ ဧကနှင့် ဦးပိုင် ၇၃၊ ဧရိယာ ၀ဒသမ ၀၇၅ ဧကရှိ ဒေါ်ကြင်ကြင်စိန်၊ ဒေါ်နုနု အမည်ပေါက် မြေကွက်များတွင် ဒေါ်နုနု အမည်နုတ်ပယ်စွန့်လွှတ်၍ ဦးပိုင် ၇၂±၇၃ ရှိ မြေကွက်များကိုပေါင်းပြီး ဒေါ်ကြင်ကြင်စိန် ၁/ဗမန(နိုင်) ၀၀၁၈၅၂ အမည်ဖြင့် အမည်နုတ်ပယ် ဦးပိုင်ပေါင်း မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ကြင်ကြင်စိန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများအတွက်လိုအပ်သော ဆောက်လုပ်ရေးသုံးပစ္စည်းများကို မြို့နယ်အလိုက်၊ လမ်းအလိုက်၊ လုပ်ငန်းအလိုက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၉-၁၁-၂၀၂၀ရက်(ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | - ၁-၁၂-၂၀၂၀ရက် နံနက် ၁၀နာရီ |
| Deposit နောက်ဆုံးတင်သွင်းရမည့်ရက် | - ၁-၁၂-၂၀၂၀ရက် မွန်းတည့် ၁၂နာရီ |
| တင်ဒါဖွင့်လှစ်မည့်ရက် | - ၃-၁၂-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိတ္ထီလာခရိုင် |

အသေးစိတ်သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိတ္ထီလာမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၆၄-၂၃၀၈၇ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

## " KYAW HTET AUNG CO.,LTD. " မှ နောက်ဆာ(၂၀), NOXA -20 အရိုးဆစ်၊ ကျောရိုးနာကျင်ကိုက်ခဲပျောက်ဆေးကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ထုတ်လုပ်ဖြန့်ချိခြင်းဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၂၆လမ်း၊ အမှတ်(၃၄၅)တွင် တည်ရှိသည့် " KYAW HTET AUNG CO.,LTD."၏ လွှဲအပ်ညွှန်ကြားချက်များအရ ဖော်ပြပါ ဆေးဝါးနှင့် ပတ်သက်၍ အောက်ပါအတိုင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။




" KYAW HTET AUNG CO.,LTD. " ထိုင်းနိုင်ငံ KRUNGDHEB PHARMACY LTD.PART မှ ထုတ်လုပ်သော NOXA -20၊ နောက်ဆာ-၂၀ အရိုးဆစ်၊ ကျောရိုးနာကျင်ကိုက်ခဲပျောက်ဆေးဝါးများကို မြန်မာနိုင်ငံ FDA **ခွင့်ပြုချက်အမှတ်** -R 2201A2207 ရရှိထားပြီး မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အနေဖြင့် ဖြန့်ချိရောင်းချပေးလျက်ရှိရာ လူအများအထူးနှစ်ခြိုက်စွာ အားပေးလျက်ရှိပါသည်။

" KYAW HTET AUNG CO.,LTD." မှ မူရင်းဖြန့်ချိသော ဆေးဘူးပုံစံမှာ ဆေးဘူးပေါ်၌ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားပြီး ဆေးဘူးဆိုဒ်ကြီးကာ မြန်မာနိုင်ငံဆေးဝါး မှတ်ပုံတင်အမှတ်၊ ထုတ်လုပ်သော ကုမ္ပဏီလိပ်စာ၊ ဖြန့်ချိသော"KYAW HTET AUNG CO.,LTD." အမည်နှင့် လိပ်စာပါရှိပြီး ဆေးဘူးအတွင်းရှိ အညွှန်းစာရွက်မှာ သုံးခေါက်ချိုးထားသော စာရွက်ပုံစံဖြစ်ပါ သည်။

ယခုအခါတွင် မြန်မာနိုင်ငံဆေးဝါးဈေးကွက်တွင် နောက်ဆာ ၂၀၊ NOXA -20 ဆေးဝါးနှင့် ပတ်သက်၍ ရောင်းချခွင့်မပြုထားသော နယ်စပ်မှတရားမဝင်တင်သွင်းလာသည့် ထိုင်းနိုင်ငံ ပြည်တွင်းသုံး၊ ထိုင်းစာသားပါ ဆေးဝါးများကိုတင်သွင်းရောင်းချနေကြောင်းတွေ့ရှိနေရပါသည်။ အဆိုပါဆေးဘူးများတွင် မြန်မာစာသားမပါ၊ ဆေးဘူးဆိုဒ်သေးပြီး မြန်မာနိုင်ငံဆေးဝါး မှတ်ပုံတင်အမှတ် မပါရှိ၊ မြန်မာနိုင်ငံတွင် ဖြန့်ချိသော ကုမ္ပဏီအမည်နှင့် လိပ်စာမပါရှိဘဲ ဆေးဘူးအတွင်းရှိ ဆေးအညွှန်းစာရွက်မှာသေးငယ်သော ဖြတ်ပိုင်းတစ်ရွက်သာပါရှိပါသည်။

သို့ဖြစ်ပါ၍ " KYAW HTET AUNG CO.,LTD. " မှ မြန်မာနိုင်ငံတွင် တစ်ဦးတည်းကိုယ်စားလှယ်အနေဖြင့် ရောင်းချခွင့် ရရှိထားသော နောက်ဆာ ၂၀၊ NOXA -20 ဆေးဝါးများနှင့် ပတ်သက်၍ ဆင်တူယိုးမှားသော်လည်းကောင်း၊ အတုအပပြုလုပ်၍ သော်လည်းကောင်း၊ တရားမဝင်နယ်စပ်မှ ဖြတ်ကျော်တင်သွင်းလာသောဆေးဝါးများကိုသော်လည်းကောင်း တင်သွင်းရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း စသည်တို့ကိုတွေ့ရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူမည့်အပြင် နစ်နာကြေးနှင့်လျော်ကြေးငွေများကိုပါ သတ်မှတ်တရားစွဲဆို တောင်းခံရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့် [ " အလင်္ကာ " Law Firm ]**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြင်းခြံမြို့၊ အမှတ် (၁၆) ရပ်ကွက်နေ ဦးသောင်းရွှေ ၉/မခန(နိုင်)၀၆၈၇၈၄နှင့် ဒေါ်ခင်အုန်းမြင့်တို့၏သား၊ အမှတ် (၁) တိုးချဲ့ကွက်သစ်နေ မောင်နေလင်းထက်(ခ)အောင်အောင် ၉/မခန(နိုင်)၁၉၁၄၃၆ သည် မိဘဖြစ်သူအား စိတ်ဆင်းရဲအောင်ပြုလုပ်ပါ၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသောင်းရွှေ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ မြဂဲအုပ်စု၊ ခနောင်ပေါ်ကျေးရွာနေ ဦးတင်ရီ TBN-၀၁၃၉၂၀ ပိုင်ဆိုင်သော လယ်မြေအမှတ် (၁၆/က)၊ ကွင်းအမှတ် (၃၅၀)၊ မြဂဲကွင်း (၅)ဧကလယ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်-၁၅၊ ပိတောက်ပင်လမ်းနေ ဦးဖြိုးကိုကို ၁၂/ထတပ(နိုင်)၁၀၄၆၅၇မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးဖြိုးကိုကို ၁၂/ထတပ(နိုင်)၁၀၄၆၅၇**
**ဖုန်း-၀၉-၇၇၇၉၀၀၈၃၂**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အလိုအလျောက်မြစ်ရေအနိမ့်အမြင့်နှင့် မိုးရေချိန်တိုင်းကိရိယာများတပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၀) ဖြင့် "Installation of automatic water level and rainfall monitoring system in border areas of Myanmar on Mekong River for flood early warning system" စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး၊ စီမံကိန်းကာလအတွင်း မဲခေါင်မြစ်ဝှမ်းဒေသ၊ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသအတွင်းရှိ နေရာ(၁၀)နေရာတွင် ရေကြီးမည့်ကြိုတင်သတိပေးစနစ်ကို အထောက်အကူပြုမည့် အလိုအလျောက်မြစ်ရေအနိမ့်အမြင့်နှင့် မိုးရေချိန်တိုင်းကိရိယာများတပ်ဆင်၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန် | - ၃၀-၁၀-၂၀၂၀ ရက်မှ ၃၀-၁၁-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း |
| တင်ဒါတင်သွင်းရမည့် သတ်မှတ်ထားသော နောက်ဆုံးအချိန် | - ၃၀-၁၁-၂၀၂၀ ရက်နေ့၊ (၁၆:၀၀) နာရီ |
| တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | - တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းပြီးနောက် တစ်ပတ်အတွင်း |
| တင်ဒါဖွင့်လှစ်မည့်နေရာ | - ရုံးအမှတ်(၅)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော် |
| အရည်အချင်းသတ်မှတ်ချက်များ | - အလားတူလုပ်ငန်း အနည်းဆုံး (၂)ခု ဆောင်ရွက်ဖူးရမည်။<br>- Audit Report နှင့် Bank Statement ပြသနိုင်ရမည်။<br>- ပစ္စည်းကိရိယာများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီ အောင်မြင်စွာလုပ်ကိုင်ခဲ့သည့်အတွေ့အကြုံ (၅) နှစ်ရှိရမည်။<br>- တင်ဒါစာရွက်စာတမ်းများထဲရှိ အခြားလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရမည်။<br>- ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။ |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ တယ်လီဖုန်း နံပါတ် ၀၆၇-၄၁၁၀၃၂၊ ၀၆၇-၄၁၁၄၄၆ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊**
**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊**
**ရုံးအမှတ် (၅)၊ နေပြည်တော်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ရမည်းသင်းခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန် - ၉-၁၁-၂၀၂၀ရက် နံနက် ၉:၃၀နာရီ
(ခ) တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန် - ၁-၁၂-၂၀၂၀ရက်၊ ၁၆:၃၀နာရီ
(ဂ) တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်
(ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ၃-၁၂-၂၀၂၀ရက်၊ ၉:၃၀နာရီ
(င) တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရမည်းသင်းခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၉-၄၀၂၇၄၃၇၉၇သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**ပြင်ဦးလွင်မြို့နယ် တရားမရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၃၄ နှင့် ဆက်နွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၄၉**

ဒေါ်မီမီလွင်(ခ)ဒေါ်ဝင်းဝင်းရွှေ **နှင့်** ဒေါ်လင်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ၁၂-ညံတောအနောက်၊ အမှတ်(၁၈-ခ)နေ တရားရှုံး ဒေါ်လင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၃၄ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မီမီလွင်(ခ)ဒေါ်ဝင်းဝင်းရွှေက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၆ ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ် တရားရုံး**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမြို့နယ်၊ ဖွေလင်ကျေးရွာနေ ဦးရန်ခိုမန်၏ အမည်မှန်မှာ နိုင်ငံသားကတ်ပြားနှင့် အိမ်ထောင်စုစာရင်းအရ ဦးရမ်ခိုမန် ၅/လရန(နိုင်) ၀၀၁၁၇၉ ဖြစ်ပါကြောင်း။

**ဦးရန်ခိုမန်**

## အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဖားကန့်မြို့နယ်၊ အလက(ခွဲ) ဆိုင်းဖရာကျောင်းမှ Grade-1(အောင်) (ဘ) ဦးအောင်နိုင်ဝင်း၏ သမီး မနန်းမွေခင်အား မသဇင်ဦး ဟု ပြောင်းလဲခေါ်ပါရန်နှင့် မွေးသက္ကရာဇ်အမှန် ( ၂၅-၁၀-၂၀၁၃) ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ဖားကန့်မြို့နယ်၊ အလက(ခွဲ) ဆိုင်းဖရာကျောင်း အဌမတန်း(အောင်)မှ မနန်ရမ်၏ မိခင်အမည်မှန်မှာ ဒေါ်အမ်တီမာဆား၏ ၁/ခဘဒ (နိုင်)၀၀၀၂၀၇ ဖြစ်ပါကြောင်း။

**ဒေါ်အမ်တီမာဆား၏**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/လှိုင်ထိပ်ခေါင်တင်ရပ်)၊ ဦးပိုင်အမှတ် (၂၈၃)၊ ဧရိယာ ၀ဒသမ ၁၁၀ဧကအား ဒေါ်တင်တင်မူ(ဘ)ဦးသောင်း ၉/တကန(နိုင်)၀၀၆၂၃၇မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၅၀၆/၂၀၁၉)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့၊ ရှမ်းပွဲရပ်ကွက်၊ အကွက်အမှတ်/အမည်(၁၃/ရှမ်းပွဲ)၊ ဦးပိုင်အမှတ်(၁၂)၊ မြေဧရိယာ ၀ ဒသမ ၀၉၃ ဧကရှိ ဒေါ်ဖွားအုံ အမည်ပေါက် ဂရန်ဝိုင်းမြေကွက်အနက်မှ မြေဧရိယာ ၀ ဒသမ ၀၄၅ ဧကအား အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကေသွယ် မြင့် ၉/ပဘန(နိုင်)၁၁၈၅၆၉မှ ၎င်းအမည်ဖြင့် မြေငှားဂရန်လျှောက်ထားရာ ဒေါ်ဖွားအုံ အမည်ပေါက် မြေငှားဂရန်စာချုပ်အမှတ် ၄၇၀/၁၉၄၀-၄၁ ဖြင့် ၅-၈-၁၉၅၁ရက်ထိ (၁၀)နှစ် မြေငှားဂရန်စာချုပ်မှာ ပျောက်ဆုံးနေပါသဖြင့် အကျိုးသက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက မြေငှားဂရန်ဆောင်ရွက်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကေသွယ်မြင့် ၉/ပဘန(နိုင်)၁၁၈၅၆၉**
**ရှမ်းပွဲရပ်ကွက်၊ မြစ်သားမြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ မင်းရဲကျော်စွာရပ်၊ မြတ်လေးလမ်းနေ ကျွန်တော် ဦးကျော်သန်း ၅/မမတ(နိုင်)၀၄၁၆၀၂ - ဒေါ်ခင်လတ် ၅/မမတ(နိုင်)၀၄၁၆၀၃တို့၏သမီး မမြတ်မိုးသင်း ၅/မမတ(နိုင်)၀၀၆၁၉၄သည် မိဘအသိုင်းအဝိုင်းများအား အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘ ဦးကျော်သန်း-ဒေါ်ခင်လတ်**
**မင်းရဲကျော်စွာရပ်၊ မြင်းမူမြို့**

**မီး သတိပြုပါ**

# မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး


## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တည်ဆောက်ရေးလုပ်ငန်းအမျိုးအစား | အဆောက်အအုံအရေအတွက် |
|---|---|---|
| ၁ | (၄)ခန်းတွဲ RC (၄)ထပ်ဝန်ထမ်းအိမ်ရာ | (၄)လုံး |
| ၂ | (၄)ခန်းတွဲ RC (၃)ထပ်ဝန်ထမ်းအိမ်ရာ | (၁)လုံး |
| ၃ | (၂)ခန်းတွဲ RC (၃)ထပ်ဝန်ထမ်းအိမ်ရာ | (၁)လုံး |
| ၄ | ခရိုင်အုပ်ချုပ်ရေးမှူးနေအိမ် RC (၁)ထပ် | (၁)လုံး |
| ၅ | စုပေါင်းရုံး OSS ရုံး RC (၂)ထပ် | (၂)လုံး |
| ၆ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး (Steel Structure) (၁)ထပ် | (၂၇)လုံး |

၂။ **တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၅-၁၁-၂၀၂၀ ရက် (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီထိ

**တင်ဒါလျှောက်လွှာပုံစံများရောင်းချခြင်းပိတ်သိမ်းမည့်ရက်/အချိန်** - ၂၅-၁၁-၂၀၂၀ရက် (၁၆:၃၀)နာရီထိ

**တင်ဒါအဆိုပြုလွှာများ ပြန်လည်လက်ခံမည့်ရက်/အချိန်** - ၂၆-၁၁-၂၀၂၀ (၁၆:၃၀)နာရီထိ

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်။

၃။ တည်ဆောက်ရေးလုပ်ငန်းများ၏ တည်နေရာ၊ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါ သည်-

(က) မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(၆၄)လမ်း၊ (၂၃x၂၄)လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊
ဆက်သွယ်ရန်ဖုန်း-၀၂-၄၀၆၁၀၁၁

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
## တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/အထူးအဖွဲ့များမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ၊ တိုင်းဒေသကြီးငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းခွင့်ပြုရန်ပုံငွေများဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် (၈၀/၁၀၀)အမျိုးအစား ကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၅-၁၁-၂၀၂၀ ရက်မှ ၂၅-၁၁-၂၀၂၀ ရက်အထိ (ရုံးချိန်အတွင်း)

**တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ လမ်း ၃၀၊ ၇၀x၇၁ လမ်းကြား

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**

## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
## တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းလုပ်ငန်း(၃)ခုနှင့် တိုင်းဒေသကြီးငွေလုံးငွေရင်းလုပ်ငန်း(၁)ခု တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၅-၁၁-၂၀၂၀ ရက်မှ ၂၅-၁၁-၂၀၂၀ ရက်အထိ (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်** - ၂၇-၁၁-၂၀၂၀ ရက် (ရုံးချိန်အတွင်း)

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်၊ အချိန်** - ထပ်မံကြေညာပါမည်

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန လမ်း ၃၀၊ ၇၀x၇၁ လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**ဖုန်း-၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ($L_{18}$/၆၁) မြေကွက်အမှတ်(၃၀၅၇+၃၀၅၈)၏ ဂရန်အမည်ပေါက် ဒေါ်စုစုအောင် ၁၂/တမန (နိုင်)၀၆၆၂၁၈ ထံမှ ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်ဝင်းရီ ၁၂/ဗတထ (နိုင်)၀၁၉၉၃၉ ၏ မြေတန်ဖိုးငွေ ပြန်လည်ပေးသွင်းခွင့်နှင့် အပ်နှံထားသည့် ဂရန်ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အိမ်ရာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၄၀)၊ နေပြည်တော်

## သွေးသည် အသက်

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**ပြင်ဦးလွင်မြို့နယ် တရားမရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၃၅ နှင့် ဆက်နွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၅၀**

ဒေါ်မီမီလွင် (ခ) ဒေါ်ဝင်းဝင်းရွှေ **နှင့်** ဦးရွှေစိန်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ၁၂-ညံတောအနောက်၊ အမှတ်(၃၁)နေ တရားရှုံး ဦးရွှေစိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၃၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မီမီလွင် (ခ) ဒေါ်ဝင်းဝင်းရွှေက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၆ ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၃၃ နှင့်ဆက်နွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ်-၄၈**

၁။ ဦးဒီဂျေအားကပ် **နှင့်** ၁။ ဒေါ်တင်တင်စိန်
၂။ ဦးဝင်းဆန်း ၂။ ဦးသက်ထွန်း၊ ၃။ ဒေါ်တင်တင်သန်း
**ဒီကရီအနိုင်ရသူများ** **တရားရှုံးများ**

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁)၊ ယူဂိုဆလပ်၊ အမှတ် ၇၂ နေ (၁)တရားရှုံး ဒေါ်တင်တင်စိန်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ချယ်ရီလမ်းဟောင်း၊ အမှတ် ၈၄ နေ (၂)တရားရှုံး ဦးသက်ထွန်း၊ ပြင်ဦးလွင်မြို့၊ ယူဂိုဆလပ်၊ မေခလမ်း၊ အမှတ် ၁၄၄ နေ (၃)တရားရှုံး ဒေါ်တင်တင်သန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၃၃ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဒီဂျေအားကပ် ပါ-၂က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာ ၁၆ ရက်(၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်)၊ မွန်းမတည့်မီ ၁၀ နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ကျိုင်းတုံခရိုင်တရားမရုံး၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၃၀**

မခင်နိုနို **နှင့်** ဦးတွမ်ဖေနိုမ့်
**တရားလို** **တရားပြိုင်**

အမှတ် (၁၉၆/၁၉၇)၊ မြရတနာလမ်း၊ အမှတ်(၄) တိုးချဲ့ရပ်ကွက် (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင် ဦးတွမ်ဖေနိုမ့် သိစေရမည်။

သင့်အပေါ်၌ မခင်နိုနိုက အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၅ ရက် (၁၃၈၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်စံ)**
**ခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သစ်ယာကုန်းအုပ်စု၊ သရက်သမိန်ကျေးရွာရှိ အကျယ်အဝန်း(၃၂x၆၂)မြေကွက်အား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုသူ ဦးကျော်ရီ PMA-၁၂၁၉၃၈ နှင့် ဒေါ်ခင်မြင့်ကြည် ၉/ပမန(နိုင်)၂၀၆၂၂၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုမည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်မာစွာဖြင့် ဤကြော်ငြာစာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာဝင်း (LL.B) (စဉ်-၁၃၁၀၇)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၂၀၇၀၃၀၂၄**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများသို့ ဖြန့်ဝေမည့် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းဆင့် အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်း လမ်းညွှန်စာအုပ်များဝယ်ယူရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

၂။ **အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၂၀-၁၀-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီ

**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၀-၁၁-၂၀၂၀ ရက် ညနေ ၁၆:၃၀ နာရီ

**တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၁၃)၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်

၃။ **တင်ဒါဖွင့်မည့်ရက်** - ၂၄-၁၁-၂၀၂၀ ရက် (အင်္ဂါနေ့)

**တင်ဒါဖွင့်မည့်နေရာ** - ရုံးအမှတ် (၁၃)၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်

**တင်ဒါဖွင့်မည့်အချိန်** - နံနက် ၁၀:၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရုံးအမှတ် (၁၃)၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၇၆၈၆၊ ၀၆၇-၃၄၀၇၈၁၃**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (တင်ဒါအမှတ်-၁)
## လမ်းဦးစီးဌာန၊ သံတွဲခရိုင်

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သံတွဲခရိုင်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက်လိုအပ်သောပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၈-၁၁-၂၀၂၀

( ခ ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၆-၁၁-၂၀၂၀ မွန်းတည့် ၁၂:၀၀ နာရီ

( ဂ ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂-၁၂-၂၀၂၀ နံနက် ၁၀:၀၀ နာရီ

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ သံတွဲမြို့

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို သံတွဲခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၄၃-၂၀၆၅၃၂၆ တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အမြန်ဆက်သွယ်ပါရန်

မိသားစုသဖွယ် ချစ်ခင်ရပါသော ဖေဖေ ဦးလှသိန်း - မေမေ ဒေါ်ခင်စန်းမြင့် (အကောက်ခွန်ဌာန၊ ငြိမ်း) မောင်လေး စည်သူသိန်းတို့ကို နေ့စဉ်သတိရလျက်ပါ။

သမီးအားလီ-မူဆယ်မြို့

ဖုန်း-09-5261501, 09-765261501

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ နဝရတ်(၂)လမ်း၊ မြေကွက်အမှတ်(၇၃၇)၊ မြေပေအကျယ် (၄၀x၆၀)ပေ၊ ဧရိယာစတုရန်းပေ (၂၄၀၀)ရှိ ဦးသိန်းစိုးမောင် D/RGN-၀၀၅၈၁၇ အမည်ပေါက် မြေချပါမစ်မြေကွက်အား ၎င်းထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်လှဲ့ရည်ရွှေ ၁၂/တမန(နိုင်)၁၀၆၂၁၁ မှ ၎င်းအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် (အလင်္ကာ Law Firm) LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**




## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့မှ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|---|
| (က) | Lot (1) | Fork Lift – 3 Ton | (၁) စီး |
| (ခ ) | Lot (2) | CNC Lathe M/C, Milling M/C, Band Saw | (၃) ခု |
| (ဂ ) | Lot (3) | သစ်သားထည်အလုပ်ရုံလုပ်ငန်းသုံး စက်ပစ္စည်း | (၄) ခု |
| (ဃ) | Lot (4) | သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်း (G.C Mass Spectrometer / UV –VIS Spectrophotometer ) | (၂) ခု |
| (င ) | Lot (5) | သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်း (Fluorescence Detector for Aflatoxin Analysis) | (၁) ခု |
| (စ ) | Lot (6) | သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်း | (၃) ခု |
| (ဆ) | Lot (7) | သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်း | (၁၈) ခု |
| (ဇ) | Lot (8) | သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်း | (၇) ခု |
| (ဈ) | Lot (9) | Packaging M/C | (၂) ခု |
| (ည) | Lot(10) | လွန်းမဲ့စက်ရက်ကန်းနှင့်ရက်ကန်း ဆိုင်ရာစက်ပစ္စည်းများ | (၈) ခု |
| (ဋ) | Lot(11) | Jacquard Card Punching M/C | (၁) ခု |
| (ဌ) | Lot(12) | ပန်းပုံရိုက်စက်နှင့် ကွန်ပျူတာ ပန်းထိုးစက် | (၂) ခု |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၁၁ -၂၀၂၀ ရက်မှ ၈-၁၂-၂၀၂၀ ရက်ထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် (၁၆)၊ နေပြည်တော် (ဖုန်း - ၀၆၇-၄၁၀၃၉၇)
ရန်ကုန်တိုင်းဒေသကြီးအသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ (ဖုန်း - ၀၁- ၆၆၅၈၀၆)
မန္တလေးတိုင်းဒေသကြီးအသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ (ဖုန်း - ၀၂-၄၀၃၉၆၀၉)

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၈- ၁၂-၂၀၂၀ ရက် ( ၁၆ : ၃၀) နာရီထိ

၅။ **တင်ဒါဖွင့်ပွဲဆောင်ရွက်မည့် နေ့ရက်/အချိန်/နေရာ** - ထပ်မံကြေညာပါမည်။

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၁၁-၂၀၂၀ရက်မှ ၈-၁၂-၂၀၂၀ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၇။ အိတ်ဖွင့်တင်ဒါများကို ၈-၁၂-၂၀၂၀ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်ဒါစိစစ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလ ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (စီမံခန့်ခွဲရေးဌာနခွဲ)၊ ရုံးအမှတ် (၁၆) (နေပြည်တော်)၊ ဖုန်း - ၀၆၇ ၄၁၀၀၂၇၊ ၀၆၇ - ၄၁၀၀၅၀၊ ၀၆၇ - ၄၁၀၃၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

ဖျုံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဇင်း) ၂၁၄/၀၆၁၈
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျုံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594
GENEVA GOLD STAR FOR QUALITY
LONDON QUALITY CROWN QC 100

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## လူမှုဝန်ထမ်းဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်၏ ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာလုပ်ငန်းကို ပြင်ပပုဂ္ဂလိက ဝန်ဆောင်မှုအဖွဲ့အစည်းများထံသို့ လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့အစည်းများအနေဖြင့် အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများ ရောင်းချခြင်းနှင့် တင်သွင်းခြင်းတို့အား အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၂၀ရက်မှ ၂၀-၁၁-၂၀၂၀အထိ လူမှုဝန်ထမ်းဦးစီးဌာန website ဖြစ်သည့် www.dsw.gov.mm မှတစ်ဆင့် လျှောက်လွှာများကို ရောင်းချမည်ဖြစ်ပြီး လျှောက်လွှာကြေး ကျပ် (၂၀၀၀)ကို လူမှုဝန်ထမ်းဦးစီးဌာန ငွေစာရင်းအမှတ် (MD-010583) သို့ ပေးသွင်းရန်။

(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၂၃-၁၁-၂၀၂၀ရက်မှ၂၆-၁၁-၂၀၂၀အထိ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါလျှောက်လွှာတွင် ဖြည့်သွင်းရမည့် အချက်အလက်များကို ပြည့်စုံစွာဖြည့်သွင်း၍ ပူးတွဲပါရှိရမည့်အချက်အလက်များ၊ ငွေသွင်းချလန်များကို Scan ဖတ်၍ email လိပ်စာ socialprotection. dsw.gov@gmail.com သို့ ရုံးချိန်အတွင်း ပေးပို့ရန်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လူမှုဝန်ထမ်းဦးစီးဌာန**
**ရုံးအမှတ်(၂၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၄၅၈၃**

## SYNERGY HOLIDAYS COMPANY LIMITED
## (In Members' Voluntary Winding Up)
## Notice under section 357 of the Myanmar Companies Law
## Final General Meeting relating to the winding up

In pursuant of the section 357 of the Myanmar Companies Law, all members of the Company are invited to attend the Final General Meeting of the ''SYNERGY HOLIDAYS COMPANY LIMITED'' (Under Liquidation) which will be held at the place and time mentioned below for the purpose of laying before it the account and giving any explanation there of.

Meeting Date : 1 st, December, 2020
Time : 10:00 AM
Place : No.176, (First Floor), Botahtaung Pagoda Road, Pazundaung Township, Yangon Region

U YE NOOS (Supreme Court Advocate)
YE NOOS & ASSOCIATES (Law Firm)
Liquidator
Ph:(01) 8397234/8397235

# အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ် (၁၄၈/၅) နေ ဦးမောင်ကျင် ၁၄/လပတ(နိုင်)၁၀၂၆၄၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးမောင်ကျင်၏ အမည်ကိုသော်လည်းကောင်း၊ စီးပွားရေး၊ လူမှုရေးနှင့် ဂုဏ်သိက္ခာကိုသော်လည်းကောင်းထိခိုက်စေရန် ရည်ရွယ်၍ လူမှုကွန်ရက်ဖြစ်သည့် Facebook စာမျက်နှာတွင် Thin Zar Soe၊ Shwesin May ၊ မေဘရဏီ၊ မောင်လုလင် စသည့်အကောင့်များဖြင့် မမှန်မကန်ရေးသားဖြန့်ဝေခြင်းများ ပြုလုပ်နေကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ထိုမမှန်မကန်ရေးသား ဖော်ပြချက်များအား တစ်ဆင့်ပြန်လည်ဖြန့်ဝေခြင်း၊ မမှန်မကန်ဝေဖန်ချက်ရေးသားခြင်းများ ပြုလုပ်နေသည့်အတွက် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာထိခိုက်နစ်နာရပါသည်။ ထိုသို့ မမှန်မကန်ရေးသားဖော်ပြချက်များကို ချက်ချင်းပြန်လည်ဖျက်သိမ်းပေးရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ပြန်လည်ဖျက်သိမ်းခြင်းမပြုဘဲ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာနှင့်အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ထပ်မံ၍ မမှန်မကန်ရေးသားဖော်ပြခြင်း၊ တစ်ဆင့်ပြန်လည်ဖြန့်ဝေခြင်း၊ မမှန်မကန် ဝေဖန်ချက်ရေးသားခြင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပြုလုပ်ပါက ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာ၊ လူမှုရေး၊ စီးပွားရေး စသည့်ထိခိုက်နစ်နာမှုအဝဝအတွက် လူမှုကွန်ရက်ဖြစ်သည့် မည်သည့် (Social media) တွင်မဆို မမှန်မကန်ရေးသားဖော်ပြသူများအားလုံးနှင့် ကျွန်ုပ်မိတ်ဆွေ၏ လူမှုပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာကျဆင်းအောင် မမှန်မကန်သတင်းဖြန့်ဝေခြင်းများ မမှန်မကန်ပြောဆိုသူများကို တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်ကျင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအာကာဝင့်ဇော် (LL.B)** | **ဒေါ်အိရွှေစင်(LL.B, D.B.L)** |
| **စဉ်-၁၆၁၆၉** | **စဉ်-၁၆၁၇၀** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၇၂)၊ ခေမာသီလမ်းမကြီး၊ (က)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၀၄၉၇၅၉၃၊ ၀၉-၂၅၄၄၅၉၉၆**

## RECHARGE MYANMAR LIMITED
## (In Members' Voluntary Winding Up)
## Notice under section 357 of the Myanmar Companies Law
## Final General Meeting relating to the winding up

In pursuant of the section 357 of the Myanmar Companies Law, all members of the Company are invited to attend the Final General Meeting of the ''RECHARGE MYANMAR LIMITED'' (Under Liquidation) which will be held at the place and time mentioned below for the purpose of laying before it the account and giving any explanation there of.

Meeting Date : 1 st, December, 2020
Time : 10:00 AM
Place : No.176, (First Floor), Botahtaung Pagoda Road, Pazundaung Township, Yangon Region

U YE NOOS (Supreme Court Advocate)
YE NOOS & ASSOCIATES (Law Firm)
Liquidator
Ph:(01) 8397234/8397235

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် (၅၀၇/က)၊ ဧရိယာ‌ပေ (၂၀x၆၀)ရှိ မြေကွက်နှင့်ပတ်သက်၍ ဦးအောင်သိန်း အမည်ပေါက်မြေကွက် နှစ် ၆၀ ဂရန်ရှိ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မေသက်နှင်း ၁၂/သလန(နိုင်) ၀၇၆၇၅၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး မြေကွက်ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေရီညွှန့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးချမ်းဆွေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၈၇)**
**အမှတ် (၁၄)၊ ဝေဠုဝန် (၂)လမ်း၊ ဝ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ဖုန်း-၀၉-၄၄၃၇၃၉၈၀၃**

# အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ (၃၈)လမ်း၊ အမှတ်(၁၄၀၇/ဒီ)နေ ဦးဘိုသန်း၏သား ဦးကျော်ကျော် ၅/ ဘတလ(နိုင်)၁၁၃၀၈၉က အများသိစေရန် ကြေညာအပ်သည်မှာ -

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ ၃၈လမ်း၊ အမှတ် (၁၄၀၇/ဒီ)ဟုခေါ်တွင်သော ခြံမြေအတွင်းမှ ဦးသန်းထိုက်အားရောင်းချပြီး ကျန်ရှိသော မြေဧရိယာ (၄၅ x ၁၀၀)ပေ မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံကို အဘိုးတော်စပ်သူ ဦးမြသိန်းထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်ကျော်က စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရယူ နေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစောဝင်း(LL.B)** | **ဦးအောင်ထက်ကျော်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၉၆၁/၂၃-၅-၁၉၈၉)** | **(စဉ်- ၄၈၆၅၆/၂၀၁၇)** |

**ရုံးခန်း- ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ပဲခူးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(Open Tender)

၁။ ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်(ငွေလုံးငွေရင်း) တိုင်းဒေသကြီးဘတ်ဂျက်/ပြည်ထောင်စုဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် အားကစားကွင်း/အားကစားရုံ၊ ပွဲကြည့်စင်၊ ရုံးခန်းနှင့်ဝန်ထမ်းအိမ်ရာ လုပ်ငန်းများအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဒုတိယအကြိမ် ပူးတွဲပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်။

**တိုင်းဒေသကြီးဘတ်ဂျက်**

| | | |
|---|---|---|
| (က) | ရေတာရှည်အားကစားရုံ (၁၂၀' x ၉၀' x ၃၆') တည်ဆောက်ခြင်း | (၁)ရုံ |
| (ခ) | သာယာဝတီခရိုင်အားကစားခန်းမ(၁၂၀' x ၉၀')ပြင်ဆင်ခြင်း | (၁)ခု |
| (ဂ) | ပေါင်းတည်မြို့နယ်အားကစားခန်းမ(၁၂၀' x ၉၀') ခေါင်မိုး (Roofing) ပြင်ဆင်ခြင်းနှင့်အားကစားခန်းမပတ်လည် ရေနုတ်မြောင်း (Drain & Apron) (၅၈၀')ပြုလုပ်ခြင်း | (၁)ခု |

**ပြည်ထောင်စုဘတ်ဂျက်**

| | | |
|---|---|---|
| (က) | ပဲခူးတိုင်းဒေသကြီးအလေးမလေ့ကျင့်ရေးအားကစား ခန်းမနှင့်အားကစားသမားများ စခန်းသွင်းလေ့ကျင့်ရန် (၆၀' x ၄၀') (၂)ထပ်တည်ဆောက်ခြင်း | (၁)ခု |
| (ခ) | ပဲခူး ဥသျှောမြို့သစ် အားကစားကွင်း အဆင့်မြှင့်တင်ခြင်း | (၁)ခု |
| (ဂ) | မင်းလှမြို့၊ မိုးညိုမြို့အားကစားရုံ(၁၂၀' x ၉၀' x ၃၆') တည်ဆောက်ခြင်း | (၂)ရုံ |
| (ဃ) | မိုးညိုပွဲကြည့်စင်(RC) (၂)ထပ်(၁၀၀' x ၂၀') တည်ဆောက်ခြင်းနှင့်သံဆန်ခါကာရံခြင်း | (၁)ခု |
| (င) | ဖြူးမြို့နယ်(၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၄၀' x ၃၄') RC(၁)ထပ် တည်ဆောက်ခြင်း | (၁)ခု |
| (စ) | စစ်ကွင်းမြို့ဘောလုံးကွင်းပတ်လည်အုတ်ဘောင်စီခြင်း (အတွင်းကတ်တုံး ပြုလုပ်ခြင်းနှင့်မြေဖို့ခြင်း) | (၁)ခု |
| (ဆ) | အုတ်တွင်းမြို့နယ် အားကစားကွင်းအုတ်တံတိုင်း(၁၇၉၀' x ၇') ကာရံခြင်း | (၁)ခု |
| (ဇ) | ဒိုက်ဦး၊ ပန်းတောင်း၊ ပေါက်ခေါင်းမြို့နယ် ရုံးခန်းနှင့်အရာရှိ နေအိမ်(၄၀' x ၃၀') RC (၁)ထပ် တည်ဆောက်ခြင်း | (၃)ခု |
| (ဈ) | ဇီးကုန်းမြို့နယ် ရုံးခန်းနှင့်နေအိမ် (၅၀' x ၃၀') RC (၁)ထပ် တည်ဆောက်ခြင်း | (၁)ခု |
| (ည) | တောင်ငူခရိုင် လ/ထညွှန်ကြားရေးမှူးနေအိမ်( ၄၀' x ၃၀')RC (၁)ထပ် တည်ဆောက်ခြင်း | (၁)ခု |
| (ဋ) | ပဲခူး၊ သနပ်ပင်၊ ဝေါမြို့နယ် (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၈၀' x ၃၄') RC (၁)ထပ် တည်ဆောက်ခြင်း | (၃)ခု |
| (ဌ) | အုတ်ဖိုမြို့နယ် အားကစားကွင်း RCC Post & Chain Link ကာရံခြင်း | (၁)ခု |
| (ဍ) | အုတ်ဖိုမြို့နယ်အားကစားကွင်းမီတာ(၄၀၀) ပြေးလမ်း ဖောက်လုပ်ခြင်း | (၁)ခု |

၂။ **တင်ဒါလျှောက်လွှာပုံစံ** - ၂၀-၁၀-၂၀၂၀
**ရောင်းချမည့်ရက်/အချိန်** နံနက် (၉ : ၃၀ )နာရီမှ ညနေ (၁၆ : ၃၀)နာရီ
**တင်ဒါနောက်ဆုံးရောင်းချ** - ၁၈-၁၁-၂၀၂၀
**မည့်ရက်/အချိန်** နံနက် (၉ ၃၀ )နာရီမှ ညနေ (၁၆ : ၃၀)နာရီ
**တင်ဒါတင်သွင်းရမည့်** - ၂၆-၁၁-၂၀၂၀
**နောက်ဆုံးရက်/အချိန်** နံနက် (၉ : ၃၀ )နာရီမှ ညနေ (၁၆ : ၃၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။
ပဲခူးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန၊ ရွှေမော်ဓောဘုရားလမ်း၊ ပဲခူးမြို့။
ဖုန်း-၀၉-၂၅၀၈၄၇၄၂၂၊ ၀၉-၄၀၂၅၆၁၈၆၈၊ ၀၉-၄၃၀၈၃၆၃၀

**ညွှန်ကြားရေးမှူး**
**ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပဲခူးမြို့**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ပြင်ဦးလွင်ခရိုင်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာ** - ၉-၁၁-၂၀၂၀ ရက်
**စတင်ရောင်းချမည့်ရက်/အချိန်** ၉:၃၀ နာရီ
(ခ) **တင်ဒါလျှောက်လွှာအရောင်း** - ၁-၁၂-၂၀၂၀ ရက် ၁၆:၃၀ နာရီ
**ပိတ်မည့်ရက်/အချိန်**
(ဂ) **တင်ဒါလျှောက်လွှာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊
**ရောင်းချမည့်နေရာ** လမ်းဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်
(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်** - ၃-၁၂-၂၀၂၀ ရက် ၉:၃၀နာရီ
**ရက်/အချိန်**
(င) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ပြင်ဦးလွင်ခရိုင်၊ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၈၅-၂၀၂၂၆၄၉ သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
### ပြင်ဦးလွင်မြို့နယ် တရားမရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၆ နှင့် ဆက်နွှယ်သည့်
### ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၄၆

၁။ ဦးဇင်လတ်ဦး **နှင့်** ၁။ ဦးသီဟ
၂။ ဒေါ်ကြူကြူဝါ ၂။ ဒေါ်ခင်အေးသန်း
၃။ ဒေါ်နန်းခမ်းကျော့

**ဒီကရီအနိုင်ရသူများ** **တရားရှုံးများ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ အမှတ်(အေအေ-၁၅၅)နေ၊ (၁)တရားရှုံး ဦးသီဟ၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ အမှတ်(ဋ-၉)နေ (၂)တရားရှုံး ဒေါ်ခင်အေးသန်း၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ အမှတ်(ဈ-၆၇)နေ (၃)တရားရှုံး ဒေါ်နန်းခမ်းကျော့ (ယခုနေရပ် လိပ်စာမသိသူများ) သိစေရမည်။
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၆ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဇင်လတ်ဦးပါ-၂ က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၁၆ ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၁ နာရီအရောက် ဤရုံးတော်ရှေ့ လာရောက်စေ။
၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ် တရားရုံး**

---

### ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယိကာမကြီး
# ဒေါ်စန်းစန်းမြင့်
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ပြည်ထောင်စုရိပ်မွန်၊ ပန်းမယ်ဇလီလမ်း၊ အမှတ် ၁၉ နေ (ဦးသိန်းဟန်-ဒေါ်ရင်ရင်)တို့၏ သမီး၊ (ဦးသိန်းအောင်)၏ ဇနီး၊ ဦးသိန်းလွင်၏ ညီမ၊ (ဦးမင်းလွင်)၏ အစ်မ၊ ဒေါ်မြင့်မြင့်သိန်း၊ ဦးတင်နိုင်သိန်း-ဒေါ်အေးအေး၊ ဦးတင်မောင်အေး-ဒေါ်မာမာသိန်း၊ (ဦးထွန်းထွန်း)-ဒေါ်ဝင်းဝင်းသိန်း၊ ဦးတင်လှိုင်သိန်း-ဒေါ်ခင်ရှိန်၊ ဦးစိုးမင်းအောင်-ဒေါ်စီစီသာရ၊ ဒေါ်ကေသီအောင် တို့၏ မိခင်၊ မြေး ရှစ်ယောက်တို့၏ အဘွား၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၂၉-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့) ညနေ ၅ : ၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၀ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
### ပြင်ဦးလွင်မြို့နယ် တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၄၀ နှင့် ဆက်သွယ်သည့်
### ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၅၁

ဒေါ်ခိုင်ခိုင် **နှင့်** ဦးစန်းမြင့်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အမှတ် (ရ-၂/၃၈) နေ ဦးစန်းမြင့် (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။
ပြင်ဦးလွင်မြို့နယ်တရားရုံး၏ ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၀ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ခိုင်ခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၃ရက် (၁၃၈၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။
၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

---

### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
### ပြင်ဦးလွင်မြို့နယ် တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၄၁ နှင့် ဆက်သွယ်သည့်
### ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၅၂

ဒေါ်ခိုင်ခိုင် **နှင့်** ဦးမျိုးသန့်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အမှတ် (ရ-၂/၃၈) နေ ဦးမျိုးသန့် (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။
ပြင်ဦးလွင်မြို့နယ်တရားရုံး၏ ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၁ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ခိုင်ခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၃ရက် (၁၃၈၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။
၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

---

### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၂၆ နှင့် ဆက်နွှယ်သည့်
### ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ်-၄၄

ဦးမြတ်ထက်အောင် **နှင့်** ဒေါ်ခင်သိန်းဝင်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ အမှတ် (ယ-၆၅)နေ တရားရှုံး ဒေါ်ခင်သိန်းဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။
၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၂၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမြတ်ထက်အောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃ ရက်(၁၃၈၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်)၊ မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။
၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

---

### အထူး(အထူး)ကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးစိုးမြင့်
## (B.Sc, Engg ၊ အင်ဂျင်နီယာမှူး-ငြိမ်း)
## အသက်(၈၆)နှစ်

၂၆-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားသော ဖခင်ကြီး ဦးစိုးမြင့် နာမကျန်းဖြစ်ချိန်တွင် Grand Hantha ဆေးရုံကြီး၌ တက်ရောက်ကုသချိန်မှစ၍ ကွယ်လွန်ချိန်အထိ အဘက်ဘက်မှ လိုလေသေးမရှိအောင် အထူးဂရုစိုက်ပြုစုစောင့်ရှောက်ကုသပေးကြပါသော Grand Hantha ဆေးရုံကြီးမှ ပါမောက္ခဆရာဝန်ကြီး ဦးစောအောင်နှင့်ဇနီး၊ တာဝန်ကျဆရာဝန်များ၊ သူနာပြုဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ အားလုံးကိုလည်းကောင်း၊
ကွယ်လွန်သူအားရည်စူး၍ နေရာ၊ ဌာန၊ ဒေသအသီးသီးမှ ကုသိုလ်ကောင်းမှု အလှူ လှူဒါန်းပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟ များ၊ အထူးဝမ်းနည်းကြေကွဲကြောင်း ထည့်သွင်းဖော်ပြပေးကြပါသော ပုလောအသင်း(ရန်ကုန်)၊ တီချယ်ကြီး ဒေါက်တာခင်မာထွန်း၊ ဆရာမကြီးများနှင့် ဓာတုဗေဒဘာသာ ရပ်သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့အားလည်းကောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် လှိုင်ကော်တက္ကသိုလ်မှ ဓာတုဗေဒမိသားစုဝင်များအားလည်းကောင်း၊
ကရုဏာရှေ့ထား၍ Phone, Social Media တို့မှ ဆက်သွယ်သတင်းမေး၊ နှစ်သိမ့် စိတ်ခွန်အားပေးပါသော ပြည်တွင်း ပြည်ပ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတစ်ဦးတစ်ယောက်ချင်းစီအားလုံးကိုလည်းကောင်း၊ တက္ကသိုလ်အသီးသီးရှိ ဓာတုဗေဒဌာနအပါအဝင် ဘာသာရပ်ဆိုင်ရာဌာနအသီးသီးမှ မိသားစုမိတ်ဆွေများ၊ ချစ်တပည့်များအားလည်းကောင်း၊ ကျန်ရစ်သူမိသားစုမှ တန်ဖိုးထား၍ အမည်နာမအားဖြင့်ဖော်ပြ၍ မရနိုင်လောက်အောင် များပြားသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။
ဖခင်ကြီးအားရည်စူး၍ နေ့စဉ် ပြုလုပ်ပေးသော ကောင်းမှုကုသိုလ်အစုစုကို ရောက်ရာ ကြားရာ ဘုံဘဝမှ မြင်သိကြားသိပြီး အမျှ- အမျှ- အမျှ ရ၍ သာဓု၊ သာဓု၊ သာဓု ခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြတ်ကိုကို
**လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)**
### အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အိမ်အမှတ် (၄၉၉)၊ (C/4) နေ ဒေါ်သင်းသင်းအောင်၏ ချစ်လှစွာသောခင်ပွန်း မောင်ဘုန်းမြတ်ထွဋ်၊ မောင်ဇွဲမြတ်အောင်တို့၏ဖခင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်ကိုကိုသည် ၂၇-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ရန်ကုန်တိုင်းဒေသကြီး**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြတ်ကိုကို
**လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)**
### အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အိမ်အမှတ် (၄၉၉)၊ (C/4) နေ ဒေါ်သင်းသင်းအောင်၏ ချစ်လှစွာသောခင်ပွန်း မောင်ဘုန်းမြတ်ထွဋ်၊ မောင်ဇွဲမြတ်အောင်တို့၏ဖခင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်ကိုကိုသည် ၂၇-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြတ်ကိုကို
**လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)**
### အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အိမ်အမှတ် (၄၉၉)၊ (C/4) နေ ဒေါ်သင်းသင်းအောင်၏ ချစ်လှစွာသောခင်ပွန်း မောင်ဘုန်းမြတ်ထွဋ်၊ မောင်ဇွဲမြတ်အောင်တို့၏ ဖခင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်ကိုကိုသည် ၂၇-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်မြောက်ပိုင်းခရိုင်ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြတ်ကိုကို
**လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)**
### အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အိမ်အမှတ် (၄၉၉)၊ (C/4) နေ ဒေါ်သင်းသင်းအောင်၏ ချစ်လှစွာသောခင်ပွန်း မောင်ဘုန်းမြတ်ထွဋ်၊ မောင်ဇွဲမြတ်အောင်တို့၏ဖခင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်ကိုကိုသည် ၂၇-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တောင်ပိုင်းခရိုင်ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)**

သစ်တော
နှင့်
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်
ကိုစိုး

သင့်သွေးဖြင့် အသက်ကယ်ပါ

## အထူး(အထူး)ကျေးဇူးတင်ရှိခြင်း

# ဦးသိန်းသန်း(ခ)ဦးလှသိန်း (မော်လမြိုင်)

### မောင်စာကလေး(သတင်းထောက် )
### မြန်မာနိုင်ငံသတင်းစာဆရာအသင်းကန်တော့ခံသက်ကြီး၊ သတင်းစာဆရာ
### မြန်မာ့အလင်း၊ ကြေးမုံ (သတင်းစာကိုယ်စားလှယ်)
### အသက် (၈၅)နှစ်

၂၁-၁၀-၂၀၂၀ရက်တွင် ကွယ်လွန်သွားသော ဦးသိန်းသန်း(ခ)ဦးလှသိန်းအား အထူးဂရုစိုက်ကုသပေးသော မြောက်ဥက္ကလာပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများအားလည်းကောင်း၊ ၂၂-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌ နာရေးတွင် ကူညီပေးသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ နွယ်သာကီအိမ်ရာသာယာရေးအဖွဲ့နှင့် အိမ်ရာမိသားစုများ၊ မော်လမြိုင်မြို့မှ မော်လမြိုင်သတင်းစာဆရာ အသင်းနှင့် အဖွဲ့ဝင်များ၊ ဒေါက်တာတင်စိုးနှင့် မိသားစု၊ မိတ်ဆွေ၊ သူငယ်ချင်းများ၊ [ထ-၁ (ဗဟန်း)]မှ မိသားစုများအားလုံး ကရုဏာရှေ့ထား၍ Phone, Messenger, Facebook တို့မှ ဆက်သွယ်သတင်းမေးနှစ်သိမ့်စိတ်ခွန်အားပေးပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းများ တစ်ဦးတစ်ယောက်ချင်းစီ အားလုံးကို ကျန်ရစ်သူမိသားစုမှ တန်ဖိုးထား၍ ကျေးဇူးတင်ထိုက် သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

# ဒေါ်ဆိုက်ဝေ

## အသက် (၉၇)နှစ်

တောင်ငူမြို့၊ (၁၆)ရပ်ကွက်၊ အမှတ် (၁၀၀) ဈေးလမ်းတွင် နေထိုင်သူ ဒေါ်ဆိုက်ဝေ အသက် (၉၇)နှစ်သည် ၃၀-၁၀-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် အနောက်တရုတ်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်၍ ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟ များအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး

# ဒေါ်ခင်ဆွေ(ဟင်္သာတ)

## အသက် (၇၇)နှစ်

ဟင်္သာတမြို့နေ (ဦးညို-ဒေါ်သိန်းကြွယ်)တို့၏သမီး၊ ပျဉ်းမနားမြို့နေ (ဦးဘကြည်-ဒေါ်ရွှေသိန်း)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၉)ရပ်ကွက်၊ အင်းစိန်လမ်းမ၊ အမှတ် (၁၆၉)နေ (ဦးကျော်ခင်)၏ဇနီး၊ ဦးရဲမြင့်-(ဒေါ်ခင်အေး) တို့၏ညီမ၊ ဒေါ်အေးသီတာကျော် (SAT၊ အထက -၁ လှိုင်သာယာ)၊ ဦးသူရကျော်၊ ဒေါ်သူဇာကျော် (A.D၊ DAE)၊ ဦးစောမြင့်ကျော် - ဒေါ်ခင်နှင်းပွင့်ဖြူ၊ ဒေါ်သိန်းသိန်းကျော် (B.C.Y.U) တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်ဘုန်းမင်းခန့်၊ မောင်လင်းညီခန့်တို့၏ချစ်လှစွာသောအဘွားသည် ၂၉-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဦးမျိုးအောင်

## (ယခင်-ကျိုင်းတုံကဖီး)

## အသက် (၆၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပျားရည်ကုန်းရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်-၁၅၆ နေ ဒေါ်မြတ်စန္ဒာ၏ချစ်ခင်ပွန်း၊ ဟေမာမျိုးမြတ်(ခ)သဲစုအေး၊ ဇင်မာမျိုးမြတ် - ကိုအောင်မြင့်မော်၊ နေခြည်မျိုးမြတ်(ခ)နုထွေးအောင်တို့၏ဖခင်၊ ဦးအောင်ကြိုင်-ဒေါ်တင်ထွေး၊ ဒေါ်သိန်း-(ဦးမောင်မောင်) တို့၏ မောင်/ညီ၊ ဒေါ်သိန်းမြ-ဦးမြင့်အောင်၊ဦးအေဝမ်းတို့၏အစ်ကိုသည် ၂၆-၁၀-၂၀၂၀ ရက် ည ၉:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၂၀ရက် မွန်းလွဲ ၁:၅၀နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဒေါ်ခင်ထွေး

## အသက်(၈၆)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် ၁၃၁၈၊ အခန်း ၀၂ နေ (ဦးယာယာ-ဒေါ်မူ)တို့၏သမီး၊ [ဦးကို(ခ) ဦးမောင်ကို၊သစ်တော-ငြိမ်း)] ၏ချစ်လှစွာသောဇနီး၊ ဦးပါ(ခ)ဦးသိန်းငွေ(သစ်တော-ငြိမ်း)-ဒေါ်ကြည်ထွေး၊ ဒေါ်ငွေငွေဝင်း (သစ်တော-ငြိမ်း)၊ ဦးမိုင်းထန်(ဦးစီးအရာရှိ၊ သစ်တော-ငြိမ်း)-ဒေါ်တင်တင်အေး၊ ဒေါ်ညိုပြာထွေး(ဘဏ္ဍာရေး၊ သစ်တော)၊ ဦးမောင်မောင်(P.I.L Shipping Management GRS) -ဒေါ်တင်တင်မျိုးတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၆-၁၀-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၁:၃၀နာရီတွင်(ခုတင်-၁၀၀၀)ဆေးရုံကြီးမှကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဒေါ်ထွေးရီ(ခ)လေးရီ

## အသက် (၈၇)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ အမှတ်(၄)ရပ်ကွက်၊ (ဦးဖိုးသား-ဒေါ်ဝါမှီ)တို့၏သမီး၊ ဦးသိန်းထွန်းဝင်း(ခ)ဦးပေါလု၊ ဒေါ်နိုင်နိုင်မော် [အထက-ကျောက်မီး၊ အလပြ(ငြိမ်း)]၊ ဦးသန်းထွန်း(ခ)ကိုဖိုးတုတ်(ဆည်မြောင်း)-ဒေါ်တင်တင်ထွေး(ဆည်မြောင်း) တို့၏မိခင်ကြီး၊ (ဦးလှထွန်း) ၏ဇနီးသည် ၂၈-၁၀-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၀ ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဗိုလ်မှူးတင်အုန်း(ငြိမ်း)

## အသက်(၈၅)နှစ်

စစ်ကိုင်းမြို့၊ ပါရမီရပ်၊ သီရိရတနာလမ်း၊ ဃ-၄၄နေဒေါ်ခင်စန်းဝင်း၏ခင်ပွန်း၊ သားသမီးငါးယောက်၊ မြေးသုံးယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးသည် ၂၈-၁၀-၂၀၂၀ရက် ညတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၂၀ရက် ညနေ ၃နာရီတွင် ယုန်ဖြူ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ညွန့်ညွန့်(ချောက်)

## အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(၈)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အမှတ် ၂၈နေ (ဦးမြင့်သိန်း၊ အင်ဂျင်နီယာမှူး၊ ပဆင၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်းမြင့်(အင်ဂျင်နီယာချုပ်၊ တံတားဦးစီးဌာန)-(ဒေါ်သင်းသင်းနွယ်)၊ ဦးသိန်းမြင့်မွန်(အင်ဂျင်နီယာချုပ်၊ တံတား ဦးစီးဌာန)-ဒေါ်ခင်စန်းမြင့်၊ (ဦးတင်အောင်စိုး)-ဒေါ်နီနီမြင့်၊ ဦးဇော်သက်မြင့်၊ ဒေါ်သီတာမြင့်၊ ဦးသိန်းကြွယ်(အငယ်တန်း အင်ဂျင်နီယာ- ၂)-ဒေါ်ဥမ္မာမြင့်(အငယ်တန်းအင်ဂျင်နီယာ-၂)တို့၏ချစ်လှစွာသောမိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၂၉-၁၀-၂၀၂၀ရက်(ကြာသပတေးနေ့)မွန်းလွဲ၂:၄၅နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်း

# ဦးသိန်းကျော်

## အသက်(၆၃)နှစ်

မြန်မာနိုင်ငံ အလှကုန်အသင်း၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာ သီရိသိန်းကျော်၏ ဖခင် ဦးသိန်းကျော်သည် ၂၇-၁၀-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံအလှကုန်အသင်း**

---

### ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

# ဦးမောင်မောင်သန်း

## အသက်(၉၄)နှစ်

မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ ဒညင်းကုန်းရပ်၊ အမှတ် (၃၃၆/အေ)နေ (ဦးရန်ကင်း-ဒေါ်နှင်းသင်)တို့၏သား၊(ဒေါ်အေးမြင့်)၊ (ဒေါ်ခင်သန်းကြည်)တို့၏ခင်ပွန်း၊ ဒေါက်တာတင်နွယ်ဦး(သမားတော်ကြီး)၊ ဦးသန့်ဇင်-ဒေါ်ဝင်းဝင်းမော်၊ဒုတိယဗိုလ်မှူးကြီးသောင်းမြင့်(ငြိမ်း)-ဒေါ်တင်နွယ်အေး၊ ဦးမောင်မောင်ဝင်း-ဒေါ်ညိုညိုသန်း(ခင်ခင် စိန်ရွှေရတနာဆိုင်)တို့၏ဖခင်၊ မြေးခြောက်ယောက် တို့၏အဘိုးသည် ၂၈-၁၀-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ဇရာ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉ -၁၀-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအား ရည်စူး၍ ၃၁-၁၀-၂၀၂၀ရက်(စနေနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း

# နော်အေးကြည် (ကျန်းမာရေးဆရာမ၊ ငြိမ်း)

## အသက် (၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ စာတိုက်လမ်း၊ အမှတ်(၁၀၀)နေ (ဦးစိန်လွင်)၏ဇနီး၊ ဦးဘိုဘိုမောင်(ကရင်ပြည်နယ်ဦးစီးဌာနမှူး၊ စက်မှုလယ်ယာဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်၊ ဦးစောအောင်ရဲထွဋ်လွင်(ဧရာဝတီတိုင်းဦးစီးဌာနမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်ဝင်းဝင်းလှဲ (လက်ထောက်ညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ဒေါက်တာမျိုးကိုကို-ဒေါက်တာနီနီလွင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်အောင်ခန့်ကျော်၊ မလင်းလင်းထက်ကို၊ မောင်ရန်လင်းအောင်၊ မောင်ကျော်ထက်ကို၊ မမြတ်နိုးပွင့်၊ မမြတ်ဆုပွင့်တို့၏အဖွား နော်အေးကြည်သည် ၂၈-၁၀-၂၀၂၀ရက် ညနေ ၃နာရီ ၃၀မိနစ်တွင် ခရစ်တော်၌အိပ်ပျော်သွား ပါသဖြင့် ၂၉-၁၀-၂၀၂၀ရက် မွန်းလွဲ ၁ နာရီတွင် ခရစ်ယာန်ထုံးတမ်း အစဉ်အလာအတိုင်း မီးသင်္ဂြိုလ်ပြီးစီးကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

# ဦးဝင်းမောင်(ခ)ပီးရ်မုဟမ္မဒ်(ပြည်) B.Com

## အသက်(၈၈)နှစ်

ဆုတောင်းပြည့် အစ္စလာမ်ဝတ်ကျောင်းတော်အုပ်ချုပ်ရေးအဖွဲ့(နာယက)၊ ကုရ်အာန်အသိပညာပြန့်ပွားရေးအဖွဲ့ (SEQK)(အကြံပေးပုဂ္ဂိုလ်)၊ ဘိုင်သုလ်မားလ်ကော်မတီ(Mercy House-59 Mosque)(ဒုတိယဥက္ကဋ္ဌ) တာဝန်ယူဆောင်ရွက်ခဲ့ပါသော ဦးဝင်းမောင်သည် ၂၆-၁၀-၂၀၂၀ရက်(တနင်္လာနေ့) ညနေ၆နာရီတွင် နေအိမ်၌ အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဦးဝင်းမောင်သည် အလ္လာဟ်အရှင်မြတ် နှစ်သက်ကျေနပ်သဘောတူမှုရရှိသူတို့တွင် အပါအဝင်ဖြစ်ပါစေကြောင်း ဆုမွန်ဒုအာပြုပါသည်။

**အုပ်ချုပ်ရေးအဖွဲ့**
**ကုရ်အာန်အသိပညာပြန့်ပွားရေးအဖွဲ့(SEQK)**
**ဘိုင်သုလ်မားကော်မတီ(Mercy House-59 Mosque)**
**ဆုတောင်းပြည့် အစ္စလာမ်ဝတ်ကျောင်းတော်**

---

### စေတီ ၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

# ဦးဝင်းကြည်

### မြို့ပြလေကြောင်းညွှန်ကြားမှုဦးစီးဌာန(ငြိမ်း)
### (Ex.E/E NORASIA LINES, S' PORE)
### မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့
### အတွင်းရေးမှူး/နာယက(ငြိမ်း)
### ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မာရုံဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ(ငြိမ်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကလ္လာသယလမ်း၊ အမှတ် ၄၇(ဒုတိယလွှာ)နေ ဒေါ်တင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနှင်းကိုဦး-ဒေါ်သိန်းသိန်းဦး၊ ဦးမိုးကိုကို-ဒေါ်ခင်ဖြူဖြူဝင်း၊ ဦးနေမျိုးသူ-ဒေါ်အေးမြင့်ခိုင်၊ ဦးတင်ကိုကို-ဒေါ်ခင်သန်းအေးတို့၏ ချစ်လှစွာသောဖခင်၊ မောင်ခန့်စည်သူ၊ မောင်စစ်နိုင်မင်း၊ မပန်းမြတ်ခင်၊ မမြတ်သိင်္ဂီကျော်၊ မနှင်းဦးဝေ၊ မဧကရီတို့၏ဘိုးဘိုးကြီးသည် ၂၈-၁၀-၂၀၂၀ရက် ည ၉:၄၅နာရီတွင် ဇရာပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဗိုလ်မှူးကျော်စိုး(ငြိမ်း)

## ကြည်း-၁၅၄၂၇ ၊ OTS-58

## အသက် (၆၄)နှစ်

(ဦးမြင့်-ဒေါ်ငွေရိန်)တို့၏သား၊ (ဦးပြန်ယုန်-ဒေါ်သန်းတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ် သာလမ်းသစ်၊ စိမ်းလဲ့ရိပ်သာ၊ G/2 နေ ဒေါ်ရင်ရင်မြ (အထပြ-ငြိမ်း၊ အထက-၂ ဗဟန်း)၏ခင်ပွန်း၊ ဒေါက်တာ ခိုင်စန္ဒာလင်း(အထွေထွေရောဂါကုဆေးရုံသစ်ကြီး) ၏ဖခင်သည် တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး၌ ၂၉-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

# ဦးစိုးနိုင်

### ဒုတိယညွှန်ကြားရေးမှူး
### ဝန်ကြီးရုံး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### အသက်(၅၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ကုက္ကိုခါးလှကျေးရွာနေ ဦးစိန်လှ-(ဒေါ်တင်သိန်း)တို့၏သား၊ မကျော့ခိုင်အေးအေးစိုး(မြန်မာ့ပုလဲ)၊ မသွယ်သွယ်စိုး၊ မဇူလိုင်စိုးတို့၏ချစ်လှစွာသောဖခင်၊ ဒေါ်မြင့်အေး၏ချစ်လှစွာသောခင်ပွန်းသည် ၂၈-၁၀-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး)နှင့်ဇနီး**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

# ဦးစိုးနိုင်

### ဒုတိယညွှန်ကြားရေးမှူး
### ဝန်ကြီးရုံး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### အသက် (၅၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ကုက္ကိုခါးလှကျေးရွာနေ ဦးစိန်လှ-(ဒေါ်တင်သိန်း)တို့၏သား၊ မကျော့ခိုင်အေးအေးစိုး(မြန်မာ့ပုလဲ)၊ မသွယ်သွယ်စိုး၊ မဇူလိုင်စိုးတို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်မြင့်အေး၏ချစ်လှစွာသောခင်ပွန်းသည် ၂၈-၁၀-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ ရဲမြင့်ဆွေ(ဒုတိယဝန်ကြီး)နှင့်ဇနီး**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

# ဦးစိုးနိုင်

### ဒုတိယညွှန်ကြားရေးမှူး
### ဝန်ကြီးရုံး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### အသက်(၅၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ကုက္ကိုခါးလှကျေးရွာနေ ဦးစိန်လှ-(ဒေါ်တင်သိန်း)တို့၏သား၊ မကျော့ခိုင်အေးအေးစိုး(မြန်မာ့ပုလဲ)၊ မသွယ်သွယ်စိုး၊ မဇူလိုင်စိုး တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်မြင့်အေး၏ချစ်လှစွာသောခင်ပွန်းသည် ၂၈-၁၀-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ဝန်ထမ်းမိသားစုများ**

---

### ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး

# ဒေါ်သန်းသန်းရီ

## အသက်(၈၆)နှစ်

ရန်ကုန်မြို့နေ [ရဲအုပ် ဦးလှတင်(SB)(ငြိမ်း)-ဒေါ်မြရင် ]တို့၏သမီး၊ [ ဦးမောင်ဦး(အမြတ်ခွန်ဝန်ထောက်)- ဒေါ်သန်းရင်]တို့၏သမီးချွေးမ၊ (ဦးမြင့်ဆွေဦး)ပညာရေးမှူး(ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးဝင်းမြင့်(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်ခင်ခင်၊ ဗိုလ်မှူးထွန်းအောင်(တပ်မတော်-ရေ) (ငြိမ်း)- ဒေါ်တင်တင်နွဲ့၊ (ဦးတင်မောင်ထွေး-ဒေါ်ထွေးရီ)တို့၏အစ်မကြီး၊ (ဦးခင်မောင်ဝင်း)လက်/ညွှန် စက်မှု(၂)၊ (ငြိမ်း)-ဒေါ်ကေသီဦး [မန်နေဂျာ/စက်မှု(၂)(ငြိမ်း)]၊ ဗိုလ်မှူး ဝင်းထွဋ်ဦး(ဒု-ညွှန်ချုပ်)(ငြိမ်း)(လူကယ်ပြန်) -ဒေါ်အေးအေးခိုင်၊ ဦးကိုကို(မြန်မာ့လေကြောင်း)(ငြိမ်း)-ဒေါ်မဥ္ဇူဦး(လူမှုဖူလုံရေးအဖွဲ့)(ငြိမ်း)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မောင်ကျော်ထင်ကိုကို၊ ဒေါက်တာ ကျော်သက် ကိုကို(သြစတြေးလျ)-ဒေါက်တာ မိုးပန်သူ(သြစတြေးလျ)၊ ဒေါက်တာ လင်းထွဋ်ဦး(ကျိုင်းတုံပြည်သူ့ကျန်းမာရေး)-ဒေါ်မာလာသင်း(ကျိုင်းတုံ ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာရတနာဦး(ကထိက)မွေး/ဆေး၊ မရွှေစင်ဦး(SAE-ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ မနဝရတ်ဦးတို့၏ချစ်လှစွာသောအဘွား၊ မမြတ်ဖူးသွယ်၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၆- ၁၀-၂၀၂၀ရက် ည ၁၁:၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါ သဖြင့် ၂၈-၁၀-၂၀၂၀ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဦးစိန်ဝင်း

### စိန်ပုံနှိပ်တိုက်(ကြည့်မြင်တိုင်)၊ ကမ်းနီကျေးရွာ၊ ရေကြည်မြို့နယ်
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ သမိုင်းလမ်းဆုံ၊ ဆော်လမွန်အိမ်ရာ၊ တိုက်(B-3)၊ အခန်း(B-5)၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ် ၉၁နေ (ဦးသန်းရွှေ-ဒေါ်ဝိုင်းညွန့်)တို့၏သား၊ (ဒေါ်ခင်ငွေး)၏ခင်ပွန်း၊ မကြည်သိုင်း၊ မခင်တိုး၊(မကြည်လှိုင်)၊ ကိုအေးဝင်း၊ ကိုဝင်းဇော်တို့၏အစ်ကို၊ မလဲ့ယဉ်ဝင်း၏ချစ်လှစွာသောဖခင်သည် ၂၈-၁၀-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁:၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

# ဒေါ်နီလာတင်

## ကထိက (YUFL ၊ ပြင်သစ်ဌာန)

## အသက် (၅၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၂၂၂)၊ ဟံသာဝတီလမ်း၊ (၆)ရပ်ကွက်၊ (ဦးတင်ငွေ၊ မန်နေဂျာ၊ စား/ဖျော်- ငြိမ်း)-ဒေါ်ကြည်ယဉ်တို့၏သမီးကြီး၊ ဒေါ်ဥမ္မာတင် (အလယ်တန်း-ပြ)၊ ဒေါ်မာမာတင်(လ/ထညွှန်မှူး ရန်ကုန်တိုင်းဒေသကြီး၊ စာရင်း စစ်ချုပ်ရုံး)၊ ဦးအောင်စည်သူ- ဒေါ်မိုးစန္ဒာ၊ ဦးကျော်သူရ၊ ဦးကျော်မျိုးထွဋ်-ဒေါ်နီမာမြင့်တို့၏အစ်မကြီး၊ မောင်ရဲသွေးထွန်း(ခ)စိုင်းလုံ-မတင့်သက်ဝေအေး၊ မောင်အောင်ဘုန်းခန့်၊ မအိမ့်ဘုန်းမာန်ကျော်တို့၏ကြီးကြီးသည် ၂၈-၁၀-၂၀၂၀ရက် နံနက် ၈:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# နိုင်ငံရေးပါတီ ဝန်းရံသူများသို့ အသိပေးကြေညာချက်ထုတ်ပြန်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ပြည်သူတစ်ရပ်လုံးအနေဖြင့် သက်ဆိုင်ရာက ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ၆-၉-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၁၇၃/၂၀၂၀) ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၃။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (SOP) နှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းပေါ်မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ဦးထက် မပိုစေဘဲ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ၆ ပေစီကွာလျက် နေရာချထားရန်၊ နေရာအကျယ်အဝန်းကို အခြေခံအားဖြင့် လူတစ်ဦးအတွက် ၃၆ စတုရန်းပေနှုန်းဖြင့် လေဝင် လေထွက်ကောင်းသောနေရာများတွင်သာပြုလုပ်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များအတိုင်း လိုက်နာရန် ၆-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၁၀၁/၂၀၂၀) ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ❏

# လူထုပါတီနှင့် ပြည်ထောင်စု လယ်သမား အလုပ်သမား အင်အားစုပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

လူထုပါတီနှင့် ပြည်ထောင်စု လယ်သမား အလုပ်သမားအင်အားစုပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၃၀ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

သတင်းစဉ်

# ကမ္ဘာ့အွန်လိုင်း တိုက်ကွမ်ဒိုချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးငါးခု ဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့အန့် အွန်လိုင်း တိုက်ကွမ်ဒိုခြေကန်ချက်အမြန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများ ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးငါးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ နီယာ (ပင်းဝိတ်တန်း) တွင် ချစ်ပိုကျော်က ရွှေတစ်ခု၊ ကဒက် (ဖယ်သာဝိတ်တန်း)တွင် ကောင်းဇင်ခန့်က ရွှေတစ်ခု၊ ကဒက် (လိုက်ဝိတ်တန်း) တွင် အောင်ခေတ်ပိုင်က ငွေတစ်ခု၊ စီနီယာ(ပင်းဝိတ်တန်း)တွင် ဖုန်းသက်နိုင်၊ စီနီယာ (ဖလိုင်းဝိတ်တန်း)တွင် ကောင်းထက်လွင်၊ စီနီယာ (လိုက်ဝိတ်တန်း)တွင် အောင်ကျော်ကျော်၊ ကဒက် (လိုက်မစ်ဒယ်ဝိတ်တန်း)တွင် အွန်စွမ်းပြည့်၊ ကဒက် (မစ်ဒယ်ဝိတ်တန်း)တွင် ခင်ရတီစံတို့က ကြေးတံဆိပ်တစ်ခုစီ ရရှိကြသည်။ ပြိုင်ပွဲသို့ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ အုပ်ချုပ်၊ နည်းပြ သုံးဦး၊ စီနီယာကစားသမား ငါးဦး၊ ဂျူနီယာ ကစားသမား နှစ်ဦး၊ ကဒက်ကစားသမား ၁၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲသို့ ကမ္ဘာ့ နိုင်ငံနှင့် အာဆီယံနိုင်ငံပေါင်း ၂၃ နိုင်ငံမှ ကစားသမားပေါင်း ၁၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အာကာစိုး

# ပြိုင်ဆိုင်မှုပြင်းထန်လာဦးမည့် ဝုဖ်နှင့် ပဲလေ့စ်တို့၏ ပရီမီယာလိဂ်ပွဲစဉ် (၇)

ပရီမီယာလိဂ်ပွဲစဉ် (၇) ၏ အစောဆုံးပွဲစဉ်အဖြစ် ဝုဖ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ အောက်တိုဘာ ၃၁ ရက် နံနက် ၂ နာရီခွဲတွင် ဝုဖ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါ နှစ်သင်းသည် ပရီမီယာလိဂ် ခြောက်ပွဲကစားပြီးချိန်တွင် ရမှတ် ၁၀ မှတ်စီ ရရှိထားသည့် အသင်းများလည်းဖြစ်သည်။

ဝုဖ်အသင်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် မန်စီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ကို ရှုံးနိမ့်ထားပြီး နယူးကာဆယ်အသင်းကို သရေကျထားကာ ဖူလ်ဟမ်နှင့်

စာမျက်နှာ ၂၅ ကော်လံ ၁ ❍



# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃၃၁ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၈-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၂၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြု လူနာသစ် (၁,၃၃၁)ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၉-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၇၁၆) ခု | (၅၀၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၂၂၁) ခု | (၇၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၃၇) ခု | (၈၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၄၄၇) ခု | (၂၇) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၆၂) ခု | (၃၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၃) ခု | (၅) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံကြီး | (၁၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၉၄) ခု | (၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၈၀) ခု | (၂၄၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၃၇၀) ခု | (၃၂၄) ဦး |
| **စုစုပေါင်း** | **(၁၄,၂၅၂) ခု** | **(၁,၃၃၁) ဦး** |

စာမျက်နှာ ၁၁ ကော်လံ ၁ ❁

ကိုဗစ်-၁၉ ကြောင့် လာမည့် နှစ်ကုန်တွင် ဘိုးရင်းက အလုပ်အကိုင်ပေါင်း ၃၀၀၀၀ လျှော့ချမည် စာ > ၁၂

ပြင်သစ်နိုင်ငံတစ်ဝန်း အသွားအလာပိတ်ဆို့ ကန့်သတ်မှု ပြုလုပ်မည် စာ > ၁၃